
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်

ချစ်သော


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - မြည့်မြိုး

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၄၊ စက်တင်ဘာလ

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း။
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅ .၃

မိုးစက်ဝိုင်
ချစ်သော/မိုးစက်ဝိုင်။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၄ ။
၁၉၀ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ချစ်သော


www.burmeseclassic.com

www.burmeseclassic.com

အရွယ်သုံးပါးမရွေး

လူမျိုးမရွေး

ဘာသာမရွေး

ဤစာအုပ်အား ဖတ်ရှုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကျောင်းသားတစ်ယောက်အဖို့ ကျောင်းနောက်ကျရခြင်းမှာ ထူးဆန်းသည့်ကိစ္စမဟုတ်သဖြင့် အဲဒီနေ့က အကြောင်းပြချက် မြူမှုန်မှုပင်မရှိဘဲ မိုးနောင် သွေးရိုးသားရိုး ကျောင်းနောက်ကျလေသည်။

ထို့ကြောင့် ခါတိုင်းနေ့တွေလို ကင်းတင်းထဲဝင်ပြီး ကော်ဖီလေးတစ်ခွက်လောက်ပင် မသုံးဆောင်ဖြစ်တော့ဘဲ ပညာရင်နို့သောက်စို့ရန် စာသင်ခန်းဆီသို့ သုတ်ခြေတင်ခဲ့လိုက်၏။

ခပ်ပြန့်ပြန့်လျှောက်လာရင်း စဉ်းစားမိသေးသည်။

ငါဟာ ပညာရေးအတွက်ဆိုလျှင် ကျားကုတ်ကျားခဲ အရိုးကြေကြေအရေခန်းခန်း သင်ယူရန် တက်ကြွနေသူပါလား ဆိုသည့်အတွေး မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းထဲသို့ ဝင်ဝင်ချင်း သင်နေသည့်ဆရာက နောက်ကျတဲ့ကောင် ဦးအချိန်ပြီးမှ အတန်းထဲဝင်ဟု လှမ်းအော်ငေါက်ကာ ဆီးပြောလိုက်လျှင် ဘယ်လိုလုပ်မလဲဟူသောအတွေးမေးခွန်းဖြစ်သည်။ မျက်နှာငယ်လေး လုပ်ကာ ကုပ်ချောင်းချောင်းပြန်လှည့်လာပြီး ကင်တင်းသွားရုံပေါ့လေဟု အဖြေရ ၏။

ထိုသို့သော အတွေးမျိုးနှင့် စာသင်ခန်းရှေ့ရောက်တော့ အခန်းထဲ လှမ်းအကြည့် ...

"ဟင်"

စာသင်ခန်းထဲတွင် ဆရာ,မရှိသဖြင့် မထူးဆန်းသော်ငြား အံ့သြဟန် လုပ်လိုက်မိသည်။ ခုခေတ်ဆရာတွေကလည်း ကိုယ့်လိုပင် နောက်ကျတတ် သည့်လေ၊ ထို့ကြောင့် အခန်းထဲ အေးအေးလူလူ ဝင်သွားလိုက်၏။

ဆရာ,မရှိသည့် အခန်းဟုဆိုခဲ့သည့်အတိုင်း အတန်းထဲတွင် ကျောင်းသူကျောင်းသားတွေက ကိုယ့်အုပ်စုနှင့်ကိုယ် တော်ကီတွေပစ်၊ ပေါက် ပေါက်တွေဖောက်နေကြ၏။

ထိုင်နေကျခုံဖြစ်သည့် စာသင်ခန်း၏ နောက်ဆုံးနံရံနားတွင် ကပ်နေ သော ကိုယ့်နေရာကို မိုးနောင် ကြည့်လိုက်သည်။ တွေ့လိုက်ရသည်က တင်ထူးနှင့်အတူ ဒင်း၏ မဟုတ်ကဟုတ်က လေကြောတွင် မျောနေကြသည့် ကျောင်းသားတစ်စု။

အနားကပ်သွားလိုက်တော့ တင်ထူး၏အသံသြသြကြီးကို အရင် ကြားလိုက်ရသည်။

"တကယ်တော့ နတ်ဆိုတာ အငွေ့ပဲ စားတာကွ၊ မင်းတို့ ကြားဖူး တော့မသိဘူး"

တင်ထူးလောက်မှုပင် ကြားဖူးနားဝမရှိလေသလား မသိ၊ ထိုအုပ်စု ထဲမှ တစ်ယောက်တလေလောက်ကပင် ဟုတ်တယ်၊ မဟုတ်ဘူး စသဖြင့် ပြန်မပြောကြချေ။

ထို့ကြောင့် မိုးနောင်ကပဲ ...

"ဘာဖြစ်လို့ နတ်က အငွေ့ပဲ ရှူတာလဲကွ၊ ပါးစပ်ပေါက်မပါလို့ လား ..."

"ဟာ"

တင်ထူး ခါးမတ်သွားပြီး ဆတ်ခနဲ လှည့်ကြည့်လာသည်။ ချက်ချင်း ဆိုသလို ပုပ်အဲ့အဲ့မျက်နှာပေးဖြင့် ...

"မိုးနောင် ... ငါ ဒီမှာ စကားအကောင်းပြောနေတယ်လေကွာ၊ မင်း ဘာပြောမယ်ဆိုရင် ဘေးမှာဝင်မထိုင်နဲ့"

"အောင်မာ ... လာလာချည်သေး၊ မင်းပြောတဲ့စကားကိုလည်း ဆင်ခြင်စဉ်းစားဦးလေ မောင်တင်ထူးရဲ့၊ နတ်ဆိုတာ အငွေ့ပဲစားမှန်း တော်ရုံ လူလေးတောင် သိတယ်၊ ခု မင်းပြောနေပုံက အဘိဓမ္မာပဲ ပို့ချနေသလိုလို အနေနဲ့ ဖြစ်နေလို့ကွ"

စကားအဆုံးမှာ တင်ထူးက အရှက်ပြေ ဟီးခနဲရယ်သည်။ ပြီးမှ

"မင်းကလည်းကွာ ... နတ်ဆိုတာ အငွေ့ပဲစားမှန်း လူတိုင်းသိတာ သိပါတယ်၊ ဒါပေမဲ့ ငါတို့ ဆက်ဆွေးနွေးဖို့ စဉ်းစားနေတာ နောက်တစ်ပိုင်း လေ"

"ဟမ် ... ဘာများလဲ"





www.burmeseclassic.com

www.burmeseclassic.com



တင်ထူးမျက်နှာက ချက်ချင်းပင် ပြန်တည်သွားသည်။ တမင်ကြီးကို ရည်ရွယ်ချက်ရှိရှိ ပြန်ကာ တည်ကြည်လေးနက်လိုက်သည့် ဟန်ပန်မျိုးဖြစ်၏။

"ဒီလိုကွာ . . . နတ်တွေဟာ အစားအသောက်နဲ့ပတ်သက်ပြီး အထိအတွေ့မရှိဘဲ အငွေ့ပဲစားတယ်ဆိုရင် . . . ဟိုကွာ . . . နတ်တွေမှာလည်း နတ်သား၊ နတ်သမီး ဆိုတာရှိတာပဲ၊ ဒီတော့ သူတို့တွေ ချစ်ကြိုက်စုံမက်ကြတဲ့အခါရော ဘယ်လိုမျိုးလဲ၊ အဲဒီနေရာမှာတော့ အငွေ့ပဲလို့ ငါ လက်ခံလို့ မရပြန်ဘူး၊ အဲဒါကို စဉ်းစားနေတာ"

ဒီတစ်ခါ အလားတူလိုက်တည်သွားသည်က မိုးနောင်၏မျက်နှာဖြစ်သည်။ တင်ထူးနှင့်အတူ တခြားကျောင်းသားတွေကိုပါ စေ့ငုအကဲခတ်လိုက်ရင်း . . .

"တင်ထူး . . . မင်း မဟုတ်ကဟုတ်ကအတွေးမျိုးနဲ့ ဒီအကြောင်းကို တွေးနေတာတော့ မဟုတ်ပါဘူးနော်"

တင်ထူးက မျက်မှောင်ကြုတ်ကာ ခပ်သွက်သွက် ခေါင်းခါလိုက်ပြီး (သိပ်မကျေနပ်သလိုအသွင်ဖြင့်)

"ဟာ . . . မဟုတ်ရပါဘူး မိုးနောင်ရာ၊ ငါ့ခေါင်းထဲမှာ အတွေးတစ်စ ဝင်လာရင် ခုလိုပဲ လိုက်စဉ်းစားတတ်တာ မင်းသိပါတယ်"

မိုးနောင် မသိမသာ ခေါင်းညိတ်လိုက်၏။ ဟုတ်တော့လည်း ဟုတ်သည်။ တင်ထူးဆိုသည့် ဒီအမျိုးကောင်းသားက ကိစ္စတစ်ခုဆိုလျှင် ခုလိုပဲ တစ်မျှော်တစ်ခေါ် လိုက်စဉ်းစားလေ့ရှိ၏။ ထိုအကျင့်က ကောင်းသည်ဟု ပြောနိုင်သော်လည်း ဒင်း ရေဆုံးရေဖျား လိုက်စဉ်းစားသည့်ကိစ္စတွေထဲတွင် ကိုယ့်အတွက် အကျိုးရှိတာတွေက နည်းနည်း၊ ခပ်ကြောင်ကြောင်တွေ





[illegible]စားတာက များသည်။ ဥပမာ . . . တံတွေးထွေးသည့်နေရာတွင် ထွီဟု အသံမပြုဘဲ တခြားအသံတစ်ခုခု ပြောင်းပြီး ဘာကြောင့်မထွေးတာလဲဆိုသည့် မဟာရေးကြီးခွင်ကျယ် အတွေးမျိုးတွေ။ ထိုသို့သော အတွေးတစ်ခုရှုသွားပါက တင်ထူး အနည်းဆုံး နာရီဝက်လောက် ငြိမ်သွားပြီ။

ထားတော့ . . .။ ခုလောလောဆယ် တင်ထူးစဉ်းစားနေသော [illegible]တွေ ချစ်တင်နှောသည့်ကိစ္စကိုတော့ ကိုယ်လည်း ဖတ်ဖူးမှတ်ဖူးသည်မို့ [illegible]တာစဉ်းစားလိုက်ရင်း . . .

"အဲ . . . အဲဒါက ဒီလိုရှိတယ်ကွ၊ မင်းတုန်းမင်းလက်ထက်တုန်းကထဲကကျမ်းဂန်အများအပြားကို ရေးသားပြုစုခဲ့တဲ့ မန်လည်ဆရာတော်ကြီးဆိုတာကိုတော့ မင်းတို့လည်း ကြားဖူးမှာပါ၊ စာလေးပေလေး ဖတ်ရင်မေ့တွေး မာဃဒေဝလင်္ကာသစ်ကို ပြုစုရေးသားခဲ့တဲ့ ဆရာတော်ကြီးလေ"

ကြားဖူးလား၊ မကြားဖူးသည်လားတော့ မသိ၊ တင်ထူးအပါအဝင် အားလုံး၏မျက်နှာတွေက အောင့်သက်သက်ဟန်လေးတွေ ဖြစ်သွားကြသည်။

မိုးနောင်က မသိကျိုးကျွန်ပြုကာ ဆက်၍ . . .

"အဲဒီခေတ်ကာလတုန်းက မန်လည်ဆရာတော်က သူသိတဲ့အကြောင်းအရာတွေကို မင်းကွန်းဆရာတော်ဆီမှာ မေးမြန်းလျှောက်ထားခဲ့ဖူးသလို မင်းကွန်းဆရာတော်ကလည်း သိချင်တာတွေကို ပြန်ပြီးလျှောက်ထားမေးမြန်းခဲ့ဖူးတယ်၊ ပညာရှိတွေ အချင်းချင်း အသိအမြင်ဖလှယ်တဲ့သဘောပေါ့၊ အဲဒီလို အမေးအဖြေကျမ်းတွေထဲမှာ မင်းသိချင်တဲ့အကြောင်းပါတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . သိရင် ပြောပြစမ်းပါ မိုးနောင်ရာ၊ ငါ ရင်တွေတောင် ခုန်တယ်၊ အဲ . . . ကိစ္စကို"

ဘာမှလည်း မဆိုင်ချေ။ အနည်းငယ် ညစ်စုတ်သည့်ဟု ယူဆ၍ ရသော စကားဖြစ်သည်။ သို့သော် ဆက်ပြောလိုက်ပါ၏။

"အဲဒီအထဲကမှ ပုဏ္ဏာတစ်ပုဒ်မှာ မင်းသိချင်နေတဲ့ နတ်တွေဟာ လူတွေချစ်တင်းနှောသလို သံဝါသပြု,မပြုကို ဘယ်လိုမေးထားလဲဆိုတော့"

မျက်စိမှိတ်၍ ထပ်ကာ စဉ်းစားလိုက်ရင်း မိုးနောင်က သံနေသံထားဖြင့် . . .

"အပွေ့ပို၊ မဖြေလိုစိတ်တော်ရှိပါနှင့်၊ ခင်သိတာမို့၊ နတ်ချောက်ဆူ၊ ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမှု လူလိုချင်းပေထင့်၊ သင်းက ဘယ်သို့ . . . တဲ့"

"အမေးစကားက ပညာသားပါလိုက်တာကွာ၊ အဖြေကကော"

"ဪ . . . ပညာတတ်ပုဂ္ဂိုလ်တွေဆိုမှကွာ . . . ကဲ . . . ဘယ်လို ပြန်ဖြေလဲဆိုတော့"

စကားကို ခဏဖြတ်လိုက်ပြီးမှ ဆက်၍ . . .

"အပွေ့ပို၊ မဖြေလိုစိတ်တော်ရှိပါဟု၊ ကိုယ်သိတာမို့၊ နတ်ချောက်ဆူ၊ ချစ်သွေးနှစ်ကိုယ်မြူလို့၊ ဟိုအမှု လူလိုကျင့်ကြတယ်၊ သင်းက ဤသို့ . . . တဲ့၊ ကဲ . . . ရှင်းပြီလား"

"ဟား"

အားရပါးရ ရယ်မောရင်း တင်ထူးမျက်နှာကြီး ဝင်းသွားသည်။ တခြားကျောင်းသားတွေကပါ အထင်ကြီးသလို ကြည့်လာကြသဖြင့် မိုးနောင်





မနေတတ်သလို ဖြစ်ရသေးတော့၏။

တင်ထူးက ဝီတိအဟုန်မပျက်သေးသော မျက်နှာဖြင့် . . .

"ကျေးဇူးပဲကွာ မိုးနောင်၊ မင်းက စာတိုပေစလေးတွေ ဖတ်တော့ ခုလို ပြောနိုင်ဆိုနိုင်တာပေါ့ကွာ"

မိုးနောင် နင်သွားရသည်။ သေသေချာချာ ဖတ်ထား၊ မှတ်သားထားပြီး မနည်းပြန်စဉ်းစားကာ ဖြေပေးရသည်ကိုပင် ကိုယ့်ကို ပြောလိုက်ပုံက စာတိုပေစလေးတွေ ဖတ်ထားသောကောင်တဲ့။ တရားကျဖို့ပင် ကောင်းလှသေးတော့၏။

ဒင်းကပဲ ဆက်၍ . . .

"အင်း . . . ဒါဆိုရင်တော့ နတ်တွေဟာလည်း လူတွေလိုပဲ အပျော်ပြု . . . အဲ . . . နတ်အခေါ် သံဝါသပြုကြတာပေါ့နော်"

"အေး . . . ပြုတယ်ကွာ၊ အဲဒါတင်မကဘူး နတ်သမီးတွေဟာ လူမိန်းကလေးတွေလိုပဲ လစဉ် ရာသီပန်းပွင့်တယ်၊ လူမိခင်တွေလိုပဲ နို့တိုက်တယ်လို့ ကျမ်းဂန်ထဲမှာ ဖြေထားသေးတယ်၊ အဲဒီထက် ငါလည်း မသိတော့ဘူး"

အနည်းငယ် ဘုတောသောလေသံနှင့် ပြောလိုက်သဖြင့် တင်ထူးက သဘောပေါက်စွာ ချော့သလို ပခုံးဖက်လာပြီး . . .

"သားကြီးစ်ကလည်းကွာ စိတ်မတိုပါနဲ့စ်၊ ခုလိုဖြေပေးတာကိုပဲ မင်းကို လေးစားပြီးသားပါ . . . ဟဲ ဟဲ"

"လေးစားရင်လည်း လက်ဖက်ရည်တိုက်လေ၊ လာ . . . ဆင်းသွားရအောင်၊ အတန်းထဲမှာ ဆရာလည်း မရှိဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မိုးနှောင်က ထရပ်လိုက်သည်။ သို့သော် တင်ထူးမျက်နှာက အချိန်နှင့်တစ်ပြေးညီဆိုသလို ဆတ်ခနဲ မဲ့ရှုံ့ရှုံ့ဖြစ်သွားပြီး ဗိုက်ကို လက်နှင့်ဖိလိုက်ကာ ...

"အီး ... မင်းပြောမှပဲ ဗိုက်က နာလာပြန်ပြီ၊ ငါ အိမ်သာတက် လိုက်ဦးမယ်၊ မင်းသွားနှင့်ကွာ မိုးနှောင်၊ ငါ လိုက်လာခဲ့မယ်"

ဟုတ်သည်လား၊ မဟုတ်သည်လားတော့ မသိ။ သူသိလိုသမျှ ဖြေပေးပြီး ကိုယ်က လက်ဖက်ရည်တိုက်ဟု ဆိုလိုက်မှ ကောက်ကာငင်ကာ အီးပါချင်သွားသော ဒင်းကို မိုးနှောင် မကြည်မလင်ဖြစ်သွားရသည်။

ထို့ကြောင့် ...

"ဟေ့ကောင် ... လက်ဖက်ရည်တိုက်ခိုင်းလို့ ချက်ချင်းဗိုက်နာသွားတာလား"

လိုတာထက် မျက်နှာကို မဲ့ရှုံ့ရင်း တင်ထူးက ...

"မဟုတ်ပါဘူးကွာ၊ တကယ် အိမ်သာတက်ချင်တာပါ၊ မင်းသွားနှင့်၊ ငါ အမြန်ဆုံးကိစ္စရှင်းပြီး လိုက်လာခဲ့မယ်"

သွားရန် ဟန်ပြင်လိုက်၏။ မိုးနှောင်က တင်ထူးကိုကြည့်ကာ ပခုံးတစ်ချက် တွန့်လိုက်ပြီး မသွားခင်လေး ဦးနှောက်စားပေးလိုက်ပါသည်။

"အေး အေး ... သွားပေါ့ကွာ၊ ဒါပေမဲ့ ... လူဆိုတာ ကိုယ်စီးတဲ့ မြင်းကို အထီးမှန်း, အမမှန်းတော့ သိရတယ်ကွ၊ ခုလည်း မင်း သွားတက်မယ့် အိမ်သာဟာ ဘာအမျိုးအစားလဲဆိုတာ စဉ်းစားခဲ့ပေါ့"

လှမ်းရန်ပြင်နေသော တင်ထူး၏ခြေလှမ်းတို့က ဆတ်ခနဲ ရပ်သွားပြီး ...





"ဟေ့ကောင် ... အိမ်သာမှာက အမျိုးအစား ကွဲပြားတာ ရှိလို့လား"

ကဲ ကြည့် ... တင်ထူးခေါင်းထဲ အတွေးတစ်စ ဝင်သွားလေပြီ။ မိုးနှောင်က ...

"ရှိတာပေါ့ကွာ၊ အိမ်သာလို့ ငါတို့ ခေါ်နေတဲ့အရာက အခေါ်အဝေါ် အမျိုးအစားကွဲတွေ ရှိတယ်ကွ၊ ဥပမာ ငါတို့ အလွယ်သိနေတဲ့ Toilet တို့ Latrine တို့အပါအဝင် တခြား Sewer တို့ Lavatory တို့ပေါ့ကွာ၊ ကဲ ကဲ ... မင်း အိမ်သာတက်ရင်းနဲ့ စဉ်းစားလာခဲ့ပါ၊ ငါ သွားနှင့်ပြီ"

ပြောပြီး မိုးနှောင် ချာခနဲ လှည့်ထွက်လာခဲ့၏။ မဟာ့မဟာ စဉ်းစားရှင်ကြီးကတော့ အနွံရာယ်ကို ရင်ဝယ်သားကဲ့သို့ လွယ်ထားရင်းကပင် ငူကြီးရပ်ကာ စဉ်းစားနေဆဲ။

မိုးနှောင်အဖို့မှာတော့ စာသင်ခန်းတစ်ခုလုံး အနံ့အသက်အဟောင်းတွေနှင့် ကြိုင်မွှေးပျံ့သင်းခြင်းကင်းပါစေဟူ၍ ဆုတောင်းပေးရုံလေးပဲ တတ်နိုင်ပါတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကင်တင်းထဲရောက်ရောက်ချင်း လွတ်နေသော စားပွဲဝိုင်းတစ်ဝိုင်း ဆီသို့သွားကာ အရင်နေရာယူလိုက်သည်။ ရှားရှားပါးပါး ဒီတစ်ဝိုင်းတည်း နေရာလွတ်နေသဖြင့် တော်ပါသေး၏။

ပြောရလျှင် ကိုယ့်ပိုက်ဆံနှင့်ကိုယ် စားမည့်ကိစ္စကို စားပွဲလွတ်မရှိ သူများတွေထိုင်နေသော ဝိုင်းသို့သွားကာ လွတ်နေသောခုံတွင် ထိုင်လို့ မလား၊ လူရှိလားဟု မျက်နှာငယ်လေးနှင့် မမေးချင်ချေ။

ထို့ကြောင့် စားပွဲဝိုင်းလွတ်နေခြင်းမရှိလျှင် ရှိသည့်ကင်တင်း မိုးနောင် သွားထိုင်တတ်သည်။ ကိုယ့်ဆန္ဒ ကိုယ်ရွေးချယ်ရာက ကိုယ့်အ တရားပေါ့။





ခုတော့ နေရာလွတ်ရှိသဖြင့် အဆင်ပြေပါပြီ။ ဝင်ထိုင်လိုက်တော့ စားပွဲထိုးလေးက လာမေးပါ၏။

"ဘာစားမလဲ အစ်ကို"

Hip Hop သံပေါက်နှင့် မေးလာသဖြင့် တစ်ချက်ကြည့်မိသေး သည်။ ပြီး လက်ဖက်ရည်ပေါ့ဆိမ့်ဟု ပြောလိုက်မည်ပြုပြီးမှ ဗိုက်ဆာသလို ထိုရှိလာသဖြင့် နာရီကြည့်လိုက်မိ၏။

"အင်"

ဆယ့်တစ်နာရီပင် ခွဲလေပြီ။ ဒီဗိုက်က ဆာပြီပေါ့။ နေ့လယ်စာ တစ်ခါတည်း ဆွဲလိုက်မည်ဟု တွေးလိုက်ပြီး ...

"ညီလေး ... ထမင်းကြော်တစ်ပွဲ ကြက်သားနဲ့"

"ဟုတ်ကဲ့"

"ခဏလေး ... ငါ ပြောဦးမယ်၊ ထမင်းကြော်ကို ဆီခြောက်ခြောက် လေးနဲ့ ကြော်ပေး၊ အသီးအရွက်လျှော့၊ ပြောင်းဖူးမထည့်နဲ့၊ ပြီးတော့ အချဉ်ကို ဘိတ်ချဉ်လေးပေး၊ နောက်ပြီး ရေသန့်တစ်ဘူး၊ လက်ဖက်ရည် ပေါ့ဆိမ့်တစ်ခွက်၊ ဒါပဲ ... မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ် အစ်ကို"

"အေး ... မြန်နိုင်သလောက် မြန်မြန်လေး လုပ်ပေးကွာ"

စားပွဲထိုးလေး လှည့်ထွက်သွားသည်။ ကိုယ်ကတော့ ဆက်စောင့် ရဦးမည်ပေါ့။ ထိုင်စောင့်နေရမည့်အတူတူ စာဖတ်ဦးမည်ဟု တွေးကာ အိမ်မှထည့်ယူလာသော 'ဖင်' ပုံပြင်စာအုပ်ကို ထုတ်ဖတ်နေမိသည်။

ထိုစဉ်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘူတာဆီသို့ ရထားတစ်စီး ထိုးဆိုက်လာကာ ထိုရထားပေါ်မှ လူတွေ အော်ဟစ်ပြီး ထွက်လာသလိုမျိုး။

"ဟဲ့ ဟဲ့ . . . မိန်းမတွေ . . . ဒီမှာထိုင်မယ်"

"အေးလေ . . . ဒီမှာ နေရာတွေ လွတ်နေတာပဲ"

"မောင်လေးရေ . . . လာဦးဟေ့၊ စားစရာ မှာမလို့"

ထိုသို့သော မိန်းကလေးအသံတွေကို အရင်ကြားလိုက်ရပြီး မျက်စိဖြင့် အကြည့်တွင် သုံးယောက်သောကောင်မလေးများက ကိုယ့်စားပွဲဝိုင်းရှိ နေရာလွတ်တွေမှာ အသီးသီး ဝင်ထိုင်လိုက်ကြလေပြီ။

ကိုယ့်ကိုပင် လူရှိလား၊ ထိုင်မယ်နော်ဆိုပြီး တစ်ခွန်းမပြောချေ။ စိတ်ထဲ၌ ပိစိကွေးလေးလောက် 'ဖု'သွားသော်လည်း ခေတ်မိန်းကလေးတွေ ပဲဆိုသည့် အတွေးနှင့် 'လျှော့'လိုက်ပါသည်။ ထပ်ပြောရလျှင် ထိုခေတ်မိန်းကလေးတွေထဲမှ တစ်ယောက်သောသူကလေးကလည်း (ကိုယ့်အမြင်မှာ) အလွန်ချစ်စဖွယ်ကောင်းလေ၏။ (ယောကျ်ားတွေများ . . .)

မိုးနောင် မသိမသာ တစ်ချက်လှမ်းကြည့်ပြီးမှ ကိုယ့်စာအုပ် ကိုယ် ပြန်ဖတ်နေလိုက်၏။ ထိုကောင်မလေးတွေကလည်း ကိုယ့်ကိုတော့ အနည်းဆုံး တစ်ချက်လောက်တော့ အကဲခတ်ပေလိမ့်မည်ဟု မိုးနောင် သေသေချာချာ တွေးလိုက်မိသည်။

မသိမသာလေး နားစွင့်လိုက်တော့ . . .

"မိန်းမတွေ . . . ငါ အရင်မှာမယ်နော်၊ မောင်လေး အစ်မပြောတာကို အရင်မှတ်၊ ထမင်းကြော်တစ်ပွဲ၊ ကြက်သားနဲ့ ဆီခြောက်ခြောက်လေး ကြော်ခဲ့၊ အသီးအရွက်လျှော့မယ်၊ ပြောင်းဖူးမထည့်ဘူး။ အချဉ်က ဘိတ်ချဉ်

[illegible]ယ်၊ ပြီးတော့ ရေသန့်တစ်ဘူး။ လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက် . . . [illegible]"

"နေချို့ရယ် . . . နင်ကလည်း နင့်အတွက်ချည်းပဲ အရင်မှာနေ [illegible]ာပဲ"

ကောင်မလေးတစ်ယောက်က မကျေမချမ်းသံဖြင့် ဝင်ပြောခြင်း [illegible]သည်။ နေချို့ဆိုသော ကောင်မလေးက ရယ်လျက် . . .

"အေးခိုင်ရယ် . . . ငါ့အတွက်ချည်းပဲ မဟုတ်ပါဘူး။ ရေသန့်ဘူး [illegible] နင်တို့လည်း သောက်လို့ရပါတယ်၊ ငါ့ရဲ့ ရေကုသိုလ်ပေါ့"

ကျန်ကောင်မလေးနှစ်ယောက်က စုပ္ပပ္ပပြောကာ သူတို့စားချင်တာ [illegible] ထပ်မှာကြတော့၏။ သူတို့စားချင်တာ သူတို့မှာခြင်းကို မိုးနောင် [illegible]ဝင်မပြောလိုပါ။ ပြောခွင့်လည်း မရှိ။ သို့သော် ကိုယ်မှာယူထားသည့် [illegible]အသောက်တွေကဲ့သို့ (တိုက်ဆိုင်စွာ) ထပ်တူထပ်မျှ မှာယူလိုက်သော [illegible]ဆိုသည့်ကောင်မလေးကိုတော့ မိုးနောင် ဂရုတစိုက် ထပ်ကြည့်မိသည်။

အို . . . ချစ်စဖွယ်လေးပါလား။

သို့သော်လည်း ထိုသို့မှာယူသည်ကိုပင် လှမ်းတားစရာအကြောင်း [illegible]သဖြင့် မှတ်မိအောင် နှစ်ထပ်ကြည့်ပြီး ပြန်ငြိမ်ကာ စာဖတ်နေလိုက်သည်။

နောက်ထပ် ငါးမိနစ်လောက်ပဲ ကြာမည်ထင်ပါ၏။

"ဟယ် . . . မြန်လိုက်တာ၊ ထမင်းကြော်လာပြီ၊ မောင်လေး . . . [illegible] ပေး . . . ဒီမှာချ"

"ဟာ အစ်မ . . . ဟိုလေ . . . ဒီထမင်းကြော်က ဟို . . ."

စားပွဲထိုးလေး၏ ခပ်ထိတ်ထိတ်ပြောသံ . . . ။ ပြီး နေချို့ဆိုသော





www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးပါ စကား။

"အော် ... ကတုန်ကယင်နဲ့ ဘာဖြစ်နေတာလဲဟဲ့၊ ပေးပါဆို ... နင် မူးများနေလား။ ငါမှာထားတာ ဒါတွေပဲလေ ... ထမင်းကြော်, ဘိတ်ချဉ်, ရေသန့်ဘူးနဲ့ လက်ဖက်ရည်၊ ဒါတွေပဲ"

ထိုစကားသံတွေကြောင့် မိုးနောင် စိတ်ထင့်ကာ လှမ်းကြည့်မိလိုက်သည်။ သေချာနေပါပြီ၊ ကိုယ်မှာထားသော အစားအသောက်တွေနှင့် အမျိုးအစားတူညီနေသဖြင့် ကောင်မလေးက ဆွဲယူလိုက်ခြင်း ဖြစ်သည်။ အဓိကသက်သေကတော့ စားပွဲထိုးလေး။ ကိုယ့်ကို အားနာသလို၊ ပြောရခက်သလို လှမ်းကြည့်နေသည့် မျက်လုံးတွေ။

မိုးနောင်က နေချိုကို လှမ်းကြည့်၍ ...

"ဒီမှာ ဒီမှာ ... အဲဒီထမင်းကြော်, ရေသန့်နဲ့ လက်ဖက်ရည်က ... ဟာ သွားပါပြီ"

စကားအဆုံးအသတ်တွင် သွားပါပြီဟု ရေရွတ်လိုက်ခြင်းသည် နေချိုက ထမင်းကြော်တစ်ဇွန်းကို သူ့ပါးစပ်လေးထဲ ဆတ်ခနဲ ပစ်သွင်းလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ခုလည်း ထမင်းကြော် ခံတွင်းထဲရောက်သွားပြီးမှ သေသေချာချာ တစ်ချက် နှစ်ချက်ဝါးပြီး မိုးနောင်ကို ပြန်ကြည့်ကာ ...

"ဘာလဲ ... ဘာလဲ ... ဘာ သွားပါပြီလဲ"

ဆတ်ခနဲ လှမ်းမေးသံကြောင့် မိုးနောင် 'ဖု' သွားရတော့၏။ ထို့ကြောင့် နေချိုဆို သူမ,ကို တိတိကျကျကြည့်ကာ ...

"ဟာ ... သွားပြီပေါ့၊ ခင်ဗျားပါးစပ်ထဲ ထည့်လိုက်တာ ကျွန်တော့်





ထမင်းကြော်တွေဗျ၊ ဘယ့်နှယ်ဗျာ ... သူများမှာထားတာကို မမေးမစမ်းနဲ့ ...ာက်စားလိုက်တယ်"

"ဘာ"

မျက်နှာလေး ရဲကာ ပြန်အော်လိုက်ခြင်းကြောင့် ထမင်းလုံးတွေများ ...တ်ကျလာမလားဟု ထင်လိုက်မိသေးသည်။ သို့သော် ထမင်းလုံးအစား ...သနှင့် လုံးထားသော စကားလုံးတွေပဲ စက်သေနတ်ပစ်သလို တဒက် ...တ် ထွက်လာလေ၏။

"ဘာရှင့် ... ဘာပြောလိုက်တယ်၊ ဒီထမင်းကြော်ဟာ ရှင့်ဟာ ... ဟုတ်လား၊ ဘာတွေလာပြောနေတာလဲ၊ ရူးနေလားမသိဘူး"

"အင်"

မိုးနောင် နင်သွားသည်။ နင်တင်တင်နှင့်ပင် ဆက်ပြောရလေတော့ ...

"အောင်မာ ... ဘာလို့ရူးရမှာလဲ၊ ခင်ဗျား မယုံရင် အဲဒီစားပွဲထိုး ...ကို မေးကြည့်၊ ကြက်ထမင်းကြော်, ဘိတ်ချဉ်, ရေသန့်နဲ့ လက်ဖက် ...ည်က ကျွန်တော် မှာထားတာဗျ"

"ကျွန်မလည်း အဲဒါတွေပဲ မှာထားတာလေ၊ မှာလို့လည်း လာချ ...တာပေါ့၊ ဘယ်ဆိုင်က ဘလိုင်းကြီး လာကျွေးမှာလဲ"

"ရော် ... ခက်တာပဲ၊ မှာထားတာချင်းတူပေမယ့် ကျွန်တော်က ...ဗျားတို့မလာခင် ဆယ်မိနစ်လောက်ကပဲ မှာထားတာ၊ အဲဆိုတော့ ... ...ချပေးတာ ကျွန်တော့်ဟာပဲ ဖြစ်မှာပေါ့"

နေချိုဆိုသည့် ကောင်မလေး၏မျက်နှာက တည်သွားသည်။ ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းပင် စားပွဲထိုးလေးကိုကြည့်ကာ ...

"ဟဲ့ ... သူပြောတာ ဟုတ်လား"

စားပွဲထိုးလေးက ခေါင်းတဖျင်းဖျင်း ကုတ်လိုက်ပြီး ...

"ဟုတ်တယ် အစ်မ ... အဲဒါ"

စကားမဆုံးခင်မှာပဲ နေချိုက စားလက်စ ခက်ရင်းကို ထမင်းကြော်ပန်းကန်ထဲသို့ အသံမြည်အောင် ပစ်ချကာ ...

"အာ ... အစောကြီးက ပြောပါလားဟဲ့၊ ခုတော့ ငါ့မှာ ဟိုလူကိုတွေးထုတ်ပြီး ပြန်ကျွေးရမလို ဖြစ်နေပြီ"

"ငင်"

ထိုစကားကြောင့် ရုပ်ရည်ကို ထည့်မတွက်ဘဲ မိုးနောင် ပျို့ချင်ချင်ဖြစ်သွားရသည်။ ချက်ချင်း လက်ကာပြလိုက်ပြီး ...

"ဟာ ... တော်ပါဗျာ၊ ဘာလို့ရှုံ့စရာတွေ ပြောနေတာလဲ၊ ခင်ဗျားတွေးထုတ်ပြီးသားလည်း မစားပါဘူး"

နေချိုက မျက်နှာကို မဲ့လိုက်ပြီး ...

"သဘောပဲလေ၊ ရှင်လည်း စားမယ်မထင်ပါဘူး၊ စကားလောက်နဲ့ပြောတာကိုတော့ ရှုံ့မနေပါနဲ့၊ ယောက်ျားကြီးဖြစ်ပြီး"

"ဟာဗျာ ... ဒုက္ခပါပဲ၊ အဲဒီဟာတွေ ခင်ဗျားပဲ စားလိုက်တော့ပြီးမှ ခင်ဗျားဟာကို ကျွန်တော်စားမယ်"

"ဘာပြောတယ်၊ ရှင် ... ရှင် မိုက်ရိုင်းလှချည်လား"

အသံက ဒေါသနှင့် အကျိုးတူပူးပေါင်းကာ ထူးခနဲ ထွက်လာသည်။ မျက်နှာလေးကလည်း နီမြန်းစွာ။





မိုးနောင်က ...

"ဘာမိုက်ရိုင်းလို့လဲဗျ၊ ကျွန်တော့်ဟာကို ခင်ဗျား စားလိုက်တယ်သေး၊ ဒီတော့ ခင်ဗျားဟာကို ကျွန်တော် ပြန်စား ... စား"

ပြောနေရင်း ကိုယ့်စကားကိုယ် သဘောပေါက်သွားသဖြင့် မိုးနောင်ဘရိတ်အုပ်လိုက်ရ၏။ ပြီးမှ ... ဟီးခနဲရယ်လိုက်ကာ ...

"ကျွန်တော်မှာထားတဲ့ ထမင်းကြော် ခင်ဗျား စားလိုက်တော့လို့ခင်ဗျားမှာထားတာ လာရင် ကျွန်တော် ယူစားလိုက်မယ်၊ ဒါကိုပြောတာ"

"ရှင်းရှင်းမပြောဘူး ... ဟွန်း"

နေချိုသေးမှ အေးအေးခိုင်ဆိုသည့် ကောင်မလေးက ဝင်ပြောလိုက်ခြင်းဖြစ်သည်၊ ပြောနေရင်း သူ့ရှေ့ဖုန်းဆီမှ ကလုံဆိုပြီး အသံမြည်လာသဖြင့်တစ်ချက် ယူကြည့်လိုက်ပြီးမှ မျက်နှာကို ရှစ်ခေါက်ချိုးလျက် ...

"သူတောင်းစား ... ချီးထုပ်၊ ဒင်းကများ လာပြောနေသေးတယ်"

"ဘာဗျ ... ခင်ဗျားက ဘယ်သူ့ကို ပြောတာလဲ"

ကိုယ့်ကို ပြောသည်ထင်၍ မိုးနောင်က စိတ်တိုကာ ပြန်မေးလိုက်ခြင်း ဖြစ်သည်။

အေးအေးခိုင်ဆိုသော ကောင်မလေးက ပျာတာတာမျက်နှာဖြင့်ခေါင်းခါ၍ ...

"ရှင့်ကိုပြောတာ မဟုတ်ပါဘူး၊ Viber ကနေ Message ပို့နေတဲ့သူတောင်းစားကို ပြောတာပါ၊ ဒီမှာကြည့်လေ ... အသည်းလေး ဘာလုပ်နေသေးတဲ့"

ပြောရင်း ဖုန်းမျက်နှာပြင်ကို လာပြသဖြင့် မိုးနောင်က ယောင်ကာ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်မိသေးသည်။ ထိုစဉ် နေချိုက အေးအေးခိုင်လက်ထဲမှ ဖုန်းကို ဆွဲလုလိုက်ကာ ...

"အေးခိုင် ... ဘာတွေလျှောက်ပြနေတာလဲ၊ နင်ကလည်း တစ်မျိုး"

"အေးလေ ... နင့် Viber ကြီးကို ပိတ်ထားစမ်းပါ အေးခိုင်ရယ်၊ နင့်နာမည် Viber အေးခိုင်လို့ တွင်နေတာတောင် မမှတ်သေးဘူးလား"

"မေဇော် ... နင် ဆေးဝင်မထိုးနဲ့နော်"

သူတို့အချင်းချင်း စကားပြောနေသည်ကို ကြောင်ကာ ကြည့်နေမိသော မိုးနောင်ကို နေချိုက ...

"ရှင်ကရော ဘာတွေလိုက်နားထောင်နေတာလဲ"

"အာ ... နားမထောင်ပါဘူး"

ပြန်ပြောရင်း စိတ်က တိုလာသဖြင့် မိုးနောင်က စားပွဲထိုးလေးကို လက်အမူအရာပြ၍ လှမ်းခေါ်လိုက်ကာ ...

"မင်းကလည်းကွာ ... ငါမှာတုန်းက သေသေချာချာ မမှတ်ထားဘူးလား၊ အဲဒါတွေက ငါ အရင်မှာထားတာလေ"

ထိုစကားကြောင့် နေချိုက သူများထမင်းကြော်ကို ယူစားနေရင်းက မျက်စောင်းလှည့်ထိုးသေးသည်။ ဒါသည်ပင်မကသေးဘဲ တော်ကီလှမ်းပစ်လိုက်သေး၏။

"မောင်လေးရေ ... ပြောလိုက်၊ ဘောပင်မရှိလို့ မမှတ်ထားလိုက်မိဘူးလို့"

နေချိုစကားအဆုံးမှာ စားပွဲထိုးလေးကလည်း အူတူတူဖြင့် ...





"ဟုတ်တယ် အစ်ကို ... ဘောပင်မရှိလို့ပါ"

"အာ"

မိုးနောင် ဖြစ်သွားပုံကိုကြည့်ကာ နေချိုတို့က ရယ်တော့သည်။ ကိုယ့်ကို လောင်စိန်လာလုပ်နေသဖြင့် ထိုချစ်စဖွယ်လေးဆိုတာကို မိုးနောင် အသဲယားလာပြီဖြစ်သည်။

ထို့ကြောင့် ...

"ဘောပင်မရှိရင် ခင်များတို့ ပေးလိုက်ကြပါလားဗျ၊ ဒါမှ ခင်များလည်း သူများဟာ ယူမစားမိတော့ဘူးပေါ့"

နေချိုက မထီတရီဟန်လေးနှင့် ...

"အောင်မာ ... ထမင်းကြော်က တမင်ယူစားတာမှ မဟုတ်တာ၊ ကိုယ့်ကုသိုလ်နဲ့ကိုယ် ရှေ့ရောက်လာတာလေ၊ ဘောပင်ကတော့ ဆောရီးပဲ၊ ငှားစရာရော, ပေးစရာရော မရှိဘူး"

"ဟုတ်တယ် ... တို့တွေမှာလည်း မရှိဘူး"

ကျန်နှစ်ယောက်ကလည်း အလိုတူအလိုပါ ဝင်ပြောလာသည်။ မိုးနောင်က စားပွဲထိုးလေးကို ကြည့်လိုက်ပြီး ...

"ကဲ ညီလေး ... မင်းလည်း ကြားတဲ့အတိုင်းပဲ၊ သူတို့တွေတောင် ကျောင်းသူတွေဖြစ်ပြီး ဘောပင်မရှိဘူးဆိုတော့ မင်းမှာ ဘောပင်မရှိတာကို ငါ ခွင့်လွှတ်လိုက်ပါ့မယ်ကွာ၊ ဒါပေမဲ့ ... ကျောင်းသူကျောင်းသားဖြစ်ပြီး ဘောပင်မရှိတာကတော့ တော်တော်ဆိုးတယ်ကွ၊ တိုင်းပြည်အနာဂတ်အတွက် ရင်လေးစရာပဲ"

"ဟုတ်ကဲ့ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



နေချိုတို့သုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မဲ့ရင်း ပခုံးကိုယ်စီ တွန့်လိုက်ကြသည်။

မိုးနောင်က စားပွဲထိုးလေးကိုပဲ ကြည့်၍ ...

"မင်း စဉ်းစားကြည့်ကွာ ညီလေး ... ကျောင်းသူကျောင်းသားဖြစ်ပြီး ဘောပင်မရှိတော့ ရေးစရာမရှိဘူးပေါ့ကွာ၊ ကဲ ... ရေးစရာမရှိတော့ ဘာဖြစ်မလဲ"

စားပွဲထိုးလေးက စဉ်းစားလိုက်ပြီး ဆတ်ခနဲ ...

"ရေးစရာမရှိတော့ ... စာမသင်ရဘူးပေါ့ အစ်ကို"

"မှန်လိုက်တာကွာ၊ စာမသင်ရတော့ ..."

"စာမေးပွဲကျုံးမှာပေါ့"

"ထပ်မှန်တယ်၊ စာမေးပွဲကျုံးတော့ ..."

"ဘွဲ့မရတော့ဘူး"

"ဟုတ်ပြီ၊ ဘွဲ့မရတော့ ..."

"အလုပ်အကိုင်မရှိဖြစ်မယ်"

"အလုပ်မရှိတော့"

"ပိုက်ဆံမရှိဘူးပေါ့ အစ်ကိုရာ"

"ဒါပဲပေါ့၊ ပိုက်ဆံမရှိတော့ ..."

"စားစရာမရှိ ဖြစ်လာမယ်"

"စားစရာမရှိ ဖြစ်လာရင် ..."

"လူပိန်လာပြီပေါ့ ... ဗျ"

"လူပိန်လာတော့ ..."





"ရုပ်ဆိုးပြီလေ"

"ရုပ်ဆိုးရင်"

"ချစ်သူ မရနိုင်ဘူး"

"ချစ်သူမရတော့"

"အထီးကျန်တာပေါ့ အစ်ကိုရာ"

"အေး ... အထီးကျန်တော့ကော"

ဒီတစ်ခါတော့ စားပွဲထိုးလေးက ခေါင်းကုတ်တော့သည်။ မိုးနောင်အဆက်ခတ်လိုက်တော့ ဘောပင်မရှိဟု ပြောထားကြသည့် နေချိုတို့အုပ်စုလုံးမျက်နှာမည်းနေကြလေပြီ။ မီးသွေးလို မည်းသွားခြင်းတော့မဟုတ်။ ရှိရင်းစွဲမျက်နှာက မှုပျက်ကာ အရောင်ပြောင်းသွားခြင်း ဖြစ်၏။

"အဲ ... အထီးကျန်တော့ ... မ ... မသိတော့ဘူး အစ်ကိုရာ"

စကားအဆုံးမှာ မိုးနောင်က ဆတ်ခနဲ ခေါင်းညိတ်လိုက်ပြီး ... (နေချိုတို့ဘက်သို့ မသိမသာလေး ဝေ့ကြည့်လိုက်ပြီးမှ)

"အေး ... မသိရင်မှတ်ထား ငါ့ညီရဲ့၊ အထီးကျန်တော့ စိတ်ဓာတ်ကျမယ်ကွာ၊ စိတ်ဓာတ်ကျတော့ နေမကောင်းဖြစ်မယ်"

"အဲ ... ဟုတ်သားပဲ"

"ထပ်ဟုတ်ဦးမယ်၊ နေမကောင်းဖြစ်တော့ ဘာဖြစ်လဲ၊ သေမှာပေါ့၊ အဲဒါပဲကွ ... ဘောပင်မရှိရင် သေဖို့ တော်တော်လေး နီးစပ်နေပြီဆိုတာ သဘောပေါက်ပြီလား"

"ဗျာ ... ဟုတ်၊ ဟုတ်တယ်နော်၊ ကျွန်တော်လည်း ဘောပင်ဆောင်ထားဦးမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတညိတ်ညိတ်လုပ်ကာ စားပွဲထိုးလေး ထွက်သွားချိန်မှာပဲ နေချိုက ...

"ဒီမှာ ... ဟိုလူ ... ရှင် ကျွန်မတို့ကို စောင်းပြောနေတာလား"

မိုးနောင်က အူကြောင်ကြောင်ဟန်လေး လုပ်လိုက်ကာ ...

"မပြောပါဘူး၊ ဟိုကောင်လေးကိုပဲ ပြောတာလေ"

"ရှင်နော် ... မပြောလိုက်ချင်ဘူး ... ဟွန်း"

မျက်စောင်း ဒိုင်းခနဲ ထိုးလာသည်။ ဘေးမှ ဒင်းကလေး၏သူငယ်ချင်းမနှစ်ယောက်ကလည်း သိပ်ကြည်ပုံမရ။ ထိုစဉ် အေးအေးခိုင်၏ဖုန်းဆီမှ ကလုံဟူသည့် Message ဝင်သောအသံ ထွက်ပေါ်လာသဖြင့် နေချို ပို၍ စိတ်ရှုပ်သွားကာ ...

"ကဲ အေးခိုင် ... နင် Viber ကို ပိတ်ထားလိုက်တော့၊ ဒီမှာ အစားအသောက်ပျက်ရတဲ့ကြားထဲ"

"အေးပါဟယ်"

အေးအေးခိုင်ဆိုသည့် သူငယ်ချင်းကို ဟိန်းဟောက်ကာ နေချို ဆက်စားနေလိုက်သည်။

မိုးနောင်ကလည်း သူ့အတွက် ထမင်းကြော်မလာသေးဘူးလားဆိုပြီး လှမ်းမျှော်ကြည့်လိုက်၏။ သို့သော် ရောက်လာတာက ထမင်းကြော်မဟုတ်သည့် နေမျိုးကျော်ဆိုသည့် ဝတီ။ ဒင်းကလည်း တင်ထူးလိုပဲ ကျောင်းမှာတွဲနေသည့် ဘော်ဒါရင်းဖြစ်သည်။

နေမျိုးကျော်က နောက်မှ ရဲလိုက်လာသလို အပြေးတစ်ပိုင်းနှင့် ဒရောသောပါးရောက်လာပြီးမှ မိုးနောင်နှင့်အတူ ထိုင်နေသော နေချိုတို့ကို





မြင်၍ တစ်ချက်အမ်းကာ အရှိန်သေသွားသေးသည်။ မေးငေါ့ပြီး သူ့ကို အမူအရာပြကာ မေးလာသဖြင့် မိုးနောင်က ခေါင်းခါပြလိုက်ရင်း ...

"ဘာမှမဟုတ်ဘူး၊ သူတို့ဟာသူတို့ နေရာလွတ်လို့ ဝင်ထိုင်နေတာ၊ ဘာဖြစ်လာလို့လဲ"

ခွင့်ပြုချက်ရသည်နှင့် နေမျိုးကျော်က ပျစ်ပျစ်နှစ်နှစ်ကြီး ပြောချလိုက်လေသည်။

"မိုးနောင်ရာ ... မင်းလုပ်တာနဲ့ ဟိုကောင်တင်ထူး ချီးထွက်ကျပြီမှာ အခန်းထဲမှာ အပုံလိုက်ကြီးပဲ၊ စာသင်ခန်းတစ်ခုလုံး နံစော်ပုပ်ပွနေပြီအထဲမှ မြင်မကောင်းကွာ၊ ချီးပုံထဲမှာလည်း ငရုတ်သီးဖတ်တွေနဲ့"

"ဗွီ"

"ဝေါ့!"

"အေ့"

ကိုယ့်အသံ လားလားမျှမဟုတ်တဲ့ နေချိုတို့သုံးယောက်ဆီမှ ဆက်တိုက်ဆိုသလို ထွက်လာသောအသံတွေ ဖြစ်သည်။ စားနေသောက်နေရင်း ဖော်ကာ ပြေးမြင်သွားသည်လားမသိ။

"ဒီမှာ"

အသံက အတော်ပင်ကျယ်လောင်စူးရှလေသည်။ ကြည့်လိုက်တော့ အနုချင်သောမျက်နှာထားကို ထိန်းကာ ဒေါသတကြီးကြည့်နေသည့် အချိုသမျက်ဝန်းကို မြင်လိုက်ရသည်။

"ရှင် ... ရှင်တို့ တော်တော်ညစ်စုတ်ပါလား၊ ဒီမှာ စားနေသောသူ ရှိသည်၊ ဒါ ... ဒါ ရှင် သက်သက်ကြီး ပြောတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါ့ . . . မိုက်ရိုင်းလိုက်တာ"

မိုးနောင်က ခပ်တည်တည်ပြန်ကြည့်လိုက်ပြီး . . .

"မဆိုင်လိုက်တာဗျာ၊ ခင်ဗျားတို့ကို တစ်ခွန်းမပြောပါဘူး၊ ကိုယ့်သူငယ်ချင်းအကြောင်း ကိုယ်ပြောနေတာ"

"ဘာမပြောတာလဲ၊ ဘေးမှာစားသောက်နေတဲ့လူတွေရှိတာကို ရွှံ့စရာအကြောင်း လာပြောနေတာ တမင်ပြောတာပေါ့၊ ရှင် တော်တော်မိုက်ရိုင်းတဲ့လူပဲ"

စကားအဆုံးမှာ မိုးနောင်က ပခုံးအသာတွန့်လိုက်ရင်း . . .

"ကိုယ့်အလှည့်ကျတော့ သိတတ်တယ် . . . ဟုတ်လား၊ ပြန်စဉ်းစားလေ၊ ခုနက ကျွန်တော့်ကိုကျတော့ စကားလောက်ပဲပြောတာ ရွံစရာလားတဲ့၊ ခုလည်း စကားနဲ့ပြောတာပဲဗျာ၊ ပုံဖော်ပြီး ရွံတာက ခင်ဗျားတို့အပိုင်းပဲ"

"တောက်! . . . ရှင် . . . ရှင်"

တက်ခေါက်လိုက်ရင်းနှင့်ပင် ဒေါသအဟုန်ကြောင့် နေချို ဘာဆက်ပြောရမည်မှန်းမသိ ဖြစ်နေရသည်။

ထိုစဉ်မှာပဲ ဘေးမှ သူ့သူငယ်ချင်းတစ်ယောက်က နေချို့ကိုနဲ့ကာ . . .

"ကဲပါ နေချိုရယ် . . . သွားရအောင်၊ ရန်လည်း ဆက်ဖြစ်မနေခဲ့တော့၊ ငါတို့လည်း ဆက်စားလို့ရတော့မှာမဟုတ်ဘူး"

ပြောရင်း ထိုသူငယ်ချင်းကပဲ ပိုက်ဆံထုတ်ကာ စားပွဲပေါ် ချထားလိုက်ရင်း . . .

"မောင်လေးရေ . . . ဒီမှာ ပိုက်ဆံတင်ထားခဲ့တယ်"





"ကျွန်တော့်အတွက် ထည့်မရှင်းထားခဲ့နဲ့နော်"

မိုးနောင်စကားအဆုံးမှာ နေချိုက စူးစူးရဲရဲကြည့်လျက် . . .

"သေလိုက်ပါလား၊ ရှင်နဲ့တော့ တွေ့ဦးမယ် . . . တောက် !"

ဒုတိယမို့ တက်ခေါက်ကာ ချာခနဲ လှည့်ထွက်သွားလေသည်။

မိုးနောင်က ခပ်တိုးတိုးအသံဖြင့် . . .

"ငါလည်း မင်းနဲ့ ထပ်တွေ့ချင်ပါသေးတယ် နေချို"

ထိုအချိန်မှာပဲ ဘာမှနားမလည်စွာ ကြောင်တောင်တောင် ရပ်ကြည့်နေသည့် နေမျိုးကျော် သတိဝင်လာပြီး . . .

"မိုးနောင် . . . ဘာတွေလဲဟ၊ ဟိုတစ်ယောက်နဲ့မင်းက ဘာတွေဖြစ်နေတာလဲ"

မိုးနောင်က နေမျိုးကျော်ကို အားရပါးရ အရင်ပြုံးပြလိုက်သည်။ ပြီးမှ . . . စကားဆိုလိုက်ပါ၏။

"ကဲ . . . ပြောပါဦး တင်ထူးက ဘယ်လိုဖြစ်ပြီး ဆိုးထွက်ကျတယ် ဆိုကြတာတို့"

www.burmeseclassic.com

www.burmeseclassic.com

## (၃)

ပြဿနာက ရှင်းရှင်းလေးဖြစ်သည်။ တောင်ပေါ်တွင် ခရိုနီတွေ သစ်ပင်ခုတ်လိုက်သကဲ့သို့ ထင်ရှားပြောင်းလင်းနေပါသေး၏။

တင်ထူးသည် အတွေးတစ်စရလျှင် ရှေ့ဆက်ပြီး ဖျစ်ညှစ်စဉ်းစား တတ်သူပီပီ အိမ်သာတက်ချင်နေသည့် ကိုယ့်အဖြစ်ကိုယ်မေ့ပြီး အိမ်သာ အမျိုးအစားအကြောင်းတွေကို စဉ်းစားအဖြေရှာမိလိုက်ခြင်းဖြစ်၏။ သို့သော် ကံအကျိုးပေးနည်းသဖြင့် ဦးနှောက်မှအဖြေမထွက်ဘဲ ဖင်ထဲက အီးထွက် သွားလေသည်။

အဖြစ်က ထိုသို့ ရိုးရှင်းညင်သာပါသည်။ သို့သော်လည်း မိုးနောင် အပေါ်တွင်တော့ ပေါက်ကွဲပြင်းထန်လေတော့၏။





ဖုန်းလှမ်းဆက်ပြီး အရင်ကောသည်။

"ဟော့ကောင် ... မင်း ဦးနှောက်စားခဲ့လို့ ငါ ချီးစား။ အဲ ... နှိုး ထွက်ကျတာကွ၊ အဲဒီအိမ်သာအမျိုးအစားတွေသာ တကယ်မရှိဘဲ မင်း လျှပ်ခဲ့တာဆိုရင်တော့ မင်းနဲ့ငါ ဥဒါန်းကြေတာတောင် ကမ္ဘာမကြေဘူး မိုးနောင်၊ မင်းအဖြေကို ပြောပြဖို့ စဉ်းစားထား ... ဒါပဲ၊ ငါ ကျောင်းလာတဲ့ နေ့ တွေ့မယ်"

မည်သို့ပင်ဖြစ်စေ ...။ မိုးနောင်ကတော့ အေးအေးလူလူပဲ ဖြစ် သည်။ တင်ထူးသည် လူပုံအလယ်ခန်းမထဲတွင် ချီးဖြန်ဖြန်းထွက်ကျခဲ့ပြီး တောအရှက်ပန်းပွင့်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် တော်တော်နှင့် ကျောင်း လာတက်မည်မဟုတ်။ လာတော့လည်း ပြဿနာမရှိပါ။ အာပေးဆေး ... အေးဆေးပါ ဖြစ်သည်။

သို့နှင့် ...

တင်ထူးအကြောင်းကို သိရပြီးနောက် ပြန်လည်သန့်ရှင်းနေပြီဖြစ် သော စာသင်ခန်းထဲအရောက်တွင် နေမျိုးကျော်က မပြီးနိုင် မစီးနိုင် မေး နေသေးသည်။ စာသင်ခန်းထဲဆိုတော့ နေမျိုးကျော်အပြင် နောက်ထပ် ကျောင်းသားတွေလည်း ရှိသည်ပေါ့လေ။

"မိုးနောင် ... မင်း ငါမေးထားတာကို မဖြေသေးဘူးနော်"

ထိုစကားကြောင့် မိုးနောင် လှုပ်လှုပ်ရှားရှားဖြစ်သွားရင်း ...

"ဟော ... ဘာလဲ ... မလေးရှားလေယာဉ် (MH-370) ကိုး လား။ သုံးလပိုင်း ရှစ်ရက်နေ့က မလေးရှားကနေ တရုတ်ကိုသွားဖို့ ထွက်လာ တယ်ကွာ၊ ခရီးသည် ၂၂၇ ယောက်နဲ့ လေယာဉ်ဝန်ထမ်း ၁၂ ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ အဲဒီလေယာဉ် လမ်းခရီးမှာ ပျောက်သွားတာ ခုထိ အစအနတောင် ရှာမတွေ့သေးဘူး။ သတင်းထူးကြားရင် မင်းကို ပြောပါ့မယ်''

''အေးပါ ... မမေ့နဲ့နော်၊ ဟာ ... ဘာတွေပြောနေတာလဲ၊ ငါ မေးနေတာက ခုနက မင်းနဲ့ စကားများတဲ့ ကောင်မလေးကိုမေးတာ၊ သူနဲ့ ဘယ်လိုတွေဖြစ်ကြတာလဲလို့''

''သြော် ... အဲဒါလား၊ သူတို့နဲ့ ဖြစ်တဲ့ကိစ္စက မလေးရှားလေယာဉ် လောက် မကျယ်ပြန့်ပါဘူး၊ ဟိုမယ်လေးနဲ့ ကိုရီးယားက Organization တို့ ဖြစ်တာလောက်လည်း မကြီးဘူး။ ဒီလိုပဲ အပေါ်ယံ ရှုပ်ငြိရုံလေးပါ''

''မင်းကလည်း ... သေသေချာချာ ရှင်းပြဦးလေ''

''သြော် ... ကဲ ...''

ထိုသို့ ရေရွတ်ကာ ဖြစ်ခဲ့သမျှကို ပြောပြရှာပြန်သည်။ စကားဆုံး တော့မှ နေမျိုးကျော်က သက်ပြင်းချရင်း ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးမှ အသံခပ်လေးလေးနှင့် ...

''သူတို့လေးတွေကို ငါသိတယ်ကွ''

''ဟင်''

မိုးနောင် ထိုစကားကိုတော့ အနည်းငယ် စိတ်ဝင်စားသွားသည်။ ကိုယ်ကလည်း နေချိုအကြောင်းကို ယခုလို နာမည်ထက်ပို၍ ဆံချည်တစ် မျှင်စာလောက်ပဲဖြစ်ဖြစ် သိချင်နေသည်ကိုး။

''သိရင်လည်း ပြောပြစမ်းပါကွာ၊ ငါလည်း သိချင်လို့ပါ''

ဘာဖြစ်လို့ သိချင်တာလဲဟု နေမျိုးကျော်က ပြန်မမေးချေ။ ပြော ပြရန်ပင် အတော်ကြီးကို ချင့်ချိန်စဉ်းစားနေပုံမျိုးနှင့် အဝေးကို လှမ်းကြည့်





ပြီးမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်သေးသည်။ ပြီး ပြောလာသော လေသံ ကလည်း ခပ်လေးလေး။

''အီးတုံးလေးတွေပါ မိုးနောင်ရာ''

''ဟာ''

မထင်မှတ်ထားသောစကားကို ကြားလိုက်ရသည်မို့ အံ့ဩကြောင် အမ်းကာ နှာခေါင်းပင် ရှုံ့လိုက်မိသည်။

''ဟေ့ကောင် ... ဘာတွေပြောနေတာလဲ၊ ခုတောင် တင်ထွေး ဆုပ်ထားလို့ အနံ့အသက်က ကောင်းသေးတာ မဟုတ်ဘူး''

နေမျိုးကျော်က ခပ်ဖွဖွ ပြန်ကြည့်လာပြီး ...

''ဘာလဲ ... ငါပြောနေတာက မင်းနဲ့ ဖြစ်တဲ့ကောင်မလေးတွေ လေ၊ အီးတုံးလေးတွေဆိုတာ သူတို့ကို ပြောတာ''

''ဗွီ ... မိုက်ရိုင်းလှချည်းလား''

''ဟာ ... ဘာလို့ မိုက်ရိုင်းမှာလဲ၊ အဲဒီကောင်မလေးတွေက အီး မျှောက ကောင်မလေးတွေ၊ အဲဒါကြောင့် အီးတုံးလေးတွေလို့ ခေါ်လိုက် တာ''

''တခြားဥပမာပေးပြီး ခေါ်စမ်းပါကွာ''

မိုးနောင်က ဘောက်ဆတ်ဆတ် ပြန်ပြောလိုက်သည်။ နေမျိုးကျော် က ဆက်၍ ...

''မင်းနဲ့ ဒွဲဖြစ်တဲ့ ကောင်မလေးနာမည်က နေချိုတဲ့၊ အီးမျှော ကွင်းမဟုတ်ပေမယ့် သူ့ကိုလိုက်တဲ့သူတွေ များတယ်၊ ဒါပေမဲ့ ... ကောင်မ လေးက စတတ်တော့ ဘယ်သူမှ လိုက်လို့မရသေးဘူး၊ ပြီးတော့ နေချိုက



www.burmeseclassic.com

www.burmeseclassic.com



ဥာဏ်တောင်းသလို စွာလည်း စွာတယ်ကွ၊ သူတို့အုပ်စုမှာလည်း ဆရာ ကြီးပဲ''

''ဩော် . . . မင်းသိတာ ဒီလောက်ပဲလား''

''အေးလေ''

''ဟို . . . နေချိုရဲ့ဖုန်းနံပါတ်လေးရော မသိဘူးလား''

''ဟေ့အေး . . . ငါ မစုံစမ်းထားမိဘူး''

မိုးနောင်က ဆတ်ခနဲ ခေါင်းညိတ်လိုက်ရင်း . . .

''ဒါဆိုလည်း . . . ခု စုံစမ်းလိုက်ကွာ''

''အာ . . . ငါက ဘယ်လိုစုံစမ်းရမှာလဲ''

''မင်းကလည်း (1876) ကို ဆက်လိုက်၊ နေချို့ဖုန်းနံပါတ်လေး သိချင်လို့ဆိုပြီး လှမ်းမေးလိုက်''

''အေး . . . ဟုတ်သားပဲ''

ပြောရင်း နေမျိုးက ဖုန်းထုတ်လိုက်သေးသည်။ ပြီးမှ သတိဝင် လာသလို ဘုကြည့်ကြည့်လာပြီး . . .

''ငါ့လခွီးထဲမှပဲ၊ (1876) ကို လှမ်းမေးလို့ရမလားဟ၊ ဟိုက ဖုန်း ထဲကနေ ပါးရိုက်မှာပေါ့၊ ဘာကောင်မှန်းကိုမသိဘူး''

မိုးနောင်က တဟားဟားရယ်လိုက်သည်။

ပြီးမှ . . .

''နောက်တာပါကွာ၊ ငါ့ဟာငါ စုံစမ်းလို့ရပါတယ်၊ ခုလောလော ဆယ်တော့ တင်ထူးအကြောင်းတွေးပြီး ရယ်ချင်လို့''

''နေစမ်းပါဦးကွ၊ မင်း . . . တင်ထူးကို ပြောလိုက်တဲ့ အိမ်သာအမျိုး





အစားတွေ အများကြီးပဲဆိုတာ တကယ်ပဲလား''

မိုးနောင်က ရုပ်ကို ပြန်တည်လိုက်ပြီး . . .

''တကယ်ပေါ့ကွ၊ ငါတို့ အလွယ်သိနေကြတဲ့ Toilet နဲ့ Latrine တောင် အဓိပ္ပာယ်ကွဲသေးတယ်၊ Toilet ဆိုတာက ရေဆွဲအိမ်သာကွ၊ Latrine က တွင်းအိမ်သာကို ခေါ်တာ''

''ဟာ . . . အဲလိုလား၊ ငါတောင် ခုမှသိတယ်''

နေမျိုးကျော်ဘေးမှ ကျောင်းသားတစ်ယောက်က ဝင်ပြောသည်။ နောက်ကျောင်းသားတစ်ယောက်ကလည်း . . .

''ဒါနဲ့ . . . ကျန်တဲ့အိမ်သာတွေကိုကျတော့ ဘယ်လိုခေါ်တာတဲ့လဲ''

မိုးနောင်က စဉ်းစားလိုက်ရင်း . . .

''အများကြီးပဲကွ၊ ငါသိသလောက်ပြောရရင် Lavatory, Necessary house, Barthroom, Cloakroom, Outhouse, Powder room, Public convenience, Sewer, Water close, Privy, Wash room, Loo, Garderobe, Earth Closet, Netty နဲ့ Smallest room တို့ဟာ အိမ်သာလို့ သတ်မှတ်လို့ရတဲ့ အခေါ်အဝေါ်တွေပဲ၊ ဒါပေမဲ့ . . . တင်ထူးရဲ့ အိမ်သာကတော့ Class ဖြစ်သွားပြီပေါ့ကွာ''

နားထောင်နေကြသော ကျောင်းသားတွေ တအုံးအုံးရယ်ကုန်ကြ တော့သည်။ မိုးနောင်ပါ လိုက်ရယ်နေသဖြင့် နေမျိုးကျော်က မဲ့ကာရွဲ့ကာ ကြည့်လာပြီး . . .

''အေး အေး . . . မိုးနောင် မင်းရယ်နေ၊ ဟိုကောင်တင်ထူးကတော့ မင်းနဲ့ အပြတ်စာရင်းရှင်းမှာနော်၊ အဲကောင် အတော်တင်းနေတာ''



www.burmeseclassic.com

မိုးနောင်က ဟန်ပါပါပခုံးတွန့်ပြလိုက်သည်။ ပြီး အရယ်ပင် မရပ်ဘဲ ပြန်ပြောလိုက်လေ၏။

"အေး . . . ငါက သူ့ထက်တောင် ပြတ်သေးတယ်၊ မင်း အဲ့ကောင်ကို ပြောလိုက်၊ ဒီလောက်ပြတ်ချင်ရင် သူသေရင်လည်း ငါ မလာဘူး၊ ငါ ပျော့ပြောင်းတက်လည်း ဒင်း မလာခဲ့နဲ့လို့"

"ဟေ"

■

## (၄)

"တောက် ! တွေးလေ စိတ်တိုလေပဲ"

ကင်တင်းတစ်ခုမှ နောက်ကင်တင်းတစ်ခုသို့ ပြောင်းရွှေ့လာအပြီး [illegible] အေးအေးခိုင်က ဆောင့်ကာထိုင်ချလိုက်ရင်း စူပွပွ ရေရွတ်လိုက်ခြင်း [illegible]

မေဇော်ကလည်း အလိုတူအလိုပါ သံယောင်လိုက်၍ . . .

"ဟုတ်ပ . . . ဘာကောင်မှန်းကိုမသိဘူး၊ စကားပြောပုံကိုက [illegible]ကြီးနဲ့"

ထိုစဉ် အေးအေးခိုင်၏ဖုန်းမှ 'ကလုံ' ဆိုသည့် Viber message [illegible] ထွက်ပေါ်လာပြန်သဖြင့် နေချိုက မေးငေါ့၍ . . .

www.burmeseclassic.com



"အေးနိုင် ... နင့်ဟာကိုလုပ်ဦး၊ ဝင်နေပြန်ပြီ"

ရုတ်ချည်းဆိုသလို အေးအေးနိုင်အမူအရာက မျက်ကလူးဆန်ပျာဖြစ်ကာ ထခုန်မိမလိုပင် ဖြစ်သွားပြီး ...

"ဟဲ့ ... ဘာဝင်နေတာလဲ"

နေချိုက မျက်စောင်းထိုးလိုက်ရင်း ...

"ဘာဝင်ရမှာလဲ၊ နင့်မှာက ဝင်စရာ ကလုံ ... ကလုံဆိုတဲ့ Viber message ပဲ ရှိတာလေ၊ အဲဒါကို ပြောတာ"

အေးအေးနိုင်က ချက်ချင်းဆိုသလို ဖုန်းကို ပါဝါပိတ်ချလိုက်ပြီး

"အဲဒါက အရေးမကြီးပါဘူး နေချိုရာ၊ ဒါနဲ့ နေစမ်းပါဦးဟ ... ခုနကပဲ နင် ဟိုကောင်ကို ဒေါနဲ့မောနဲ့ ပြောခဲ့တာ၊ ခုကျတော့ ဘာမှမဖြစ်တော့ပါလား"

အေးအေးနိုင်က စိတ်တိုနေသေးသည့်လေသံနှင့် မေးလိုက်သော်လည်း နေချိုက အေးအေးလူလူမျက်နှာထားနှင့်ပင် ...

"ဖြစ်တော့ ဖြစ်တယ်လေ၊ လောလောဆယ်တော့ အဲကိစ္စကို ထားခဲ့ပြီ"

စကားအဆုံးမှာ မေဇော်က မျက်နှာမဲ့လိုက်ရင်း ...

"နေချိုရယ် ... နင် ခုလို စိတ်မတိုဘဲနေနိုင်တာ အံ့ပါရဲ့၊ ငါသာ နင့်နေရာမှာဆိုရင် အသားတွေ တဆတ်ဆတ်တုန်နေဦးမှာ"

နေချိုက ဝင့်ခနဲ တစ်ချက်ပြုံးသည်။ ပြီးမှ ...

"နင်တို့နှစ်ယောက်ကို ငါ ပုံပြင်တစ်ပုဒ်ပြောပြမယ် နားထောင်"

လက်ရှိဖြစ်နေသောကိစ္စနှင့် မဆိုင်သောကြောင့် နှစ်ယောက်စလုံး





တီအကြောင်း ဖြစ်သွားကြသည်။ သို့သော်လည်း နေချိုက မလိုအပ်ဘဲ ပြောမည်မဟုတ်ဟု တွေးကာ ငြိမ်လျက် နားထောင်နေလိုက်၏။

"တစ်ခါတုန်းကပေါ့ဟာ ဇင်ဘုန်းတော်ကြီးနှစ်ပါးဟာ ရွှံ့နွံထူထပ်တဲ့ ကိုဖြတ်ပြီး ခရီးသွားကြတယ်၊ မိုးကလည်း သဲသဲမဲမဲ ရွာနေတဲ့အချိန်ပေါ့၊ ဒီလိုသွားရင်းနဲ့ လမ်းကွေ့တစ်ခုအရောက်မှာ ချစ်စဖွယ်ကောင်မလေးတစ်ယောက်က ပိတ်ပြီး ရပ်နေသလိုဖြစ်နေလို့ သူတို့နှစ်ယောက်ဟာ ဆက်သွား ရတော့ဘူး။ ကောင်မလေးက ရွှံ့နွံတွေကို ဖြတ်ပြီး မသွားရဲဘူးဖြစ်နေတာ ဟာ၊ အဲဒီအချိန်မှာပဲ ဇင်ဘုန်းကြီးတစ်ပါးက ကောင်မလေးကို ဆတ်ခနဲ လိုက်ပြီး ရွှံ့နွံတွေမရှိတဲ့နေရာရောက်မှ ပြန်ချပေးလိုက်တယ်"

သူပြောသည့်စကားကို စိတ်ဝင်စားရဲ့လားဆိုပြီး နေချိုက တစ်ချက် ခတ်လိုက်သေးသည်။ နှစ်ယောက်စလုံး နားစိုက်ထောင်နေကြသည့် ရာကိုတွေ့မှ ...

"အဲဒီလိုနဲ့ ဘုန်းတော်ကြီးနှစ်ပါးဟာ ဘုရားကျောင်းရောက်သွား ဆိုပါတော့၊ ဒါပေမဲ့ ကောင်မလေးကို ပွေ့ချီပြီးပို့ခဲ့တဲ့ ဘုန်းကြီးကို ဘုန်းကြီးတစ်ပါးက အရမ်းမေးချင်နေတယ်၊ ဒီလိုနဲ့ တစ်ညလုံး တ်ကို မျိုသိပ်ထားခဲ့ပေမယ့် မအောင့်နိုင်တော့တဲ့ မနက်ရောက်တော့ တ်တော့တယ်"

"ဘာမေးလိုက်တာလဲ"

"ကျုပ်တို့လို ဘုန်းကြီးတွေဟာ မိန်းကလေးတွေအနားကို မကပ် ဘူး၊ ဒါဟာ အန္တရာယ်အရမ်းများတယ်၊ ကိုယ်တော်က ဘာဖြစ်လို့ ကောင်မလေးကို သယ်ပြီးချီပိုးခဲ့တာလဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

"ပထမဘုန်းကြီး ပြန်ဖြေတယ်၊ တပည့်တော် အဲဒီကောင်မလေးကို အဲဒီနေရာမှာပဲ ထားခဲ့ပြီးပြီ၊ အရှင်က အဲဒီကောင်မလေးကို ခုထိ သယ်ထားတုန်းပဲလားတဲ့၊ ပုံပြင်လေးကတော့ ဒါပဲ"

စကားအဆုံးမှာ နှစ်ယောက်စလုံး ငြိမ်သက်သွားကြသည်။ မေဇော်က အရင်သဘောပေါက်သလို ပြုံးတုံ့တုံ့လုပ်လိုက်ရင်း . . .

"နေချို . . . နင်ဆိုလိုချင်တာက အဲဒီပုံပြင်လိုပဲ၊ ခု ငါတို့ဖြစ်ခဲ့တဲ့ကိစ္စအပေါ်မှာ ငါတို့က ခုထိ သယ်လာသေးတယ်၊ နင်ကတော့ အဲဒီနေရာမှာ ထားခဲ့ပြီပေါ့ . . . ဟုတ်လား"

အေးအေးခိုင်ကပါ ထောက်ခံချက်ယူလိုဟန်ဖြင့် မေးဆတ်ကာပြသည်။

နေချိုက ခေါင်းညိတ်လိုက်ပြီး . . .

"အေး . . . လောလောဆယ် ထားခဲ့လိုက်ပြီလေ၊ အဲဒါမှ . . . ခုလိုစားဖို့သောက်ဖို့နဲ့ တစ်ရက်တာ ဖြတ်သန်းမှုကို ကောင်းကောင်းလုပ်လို့ရမှာပေါ့၊ တစ်ရက်လုံး ဒေါသတွေ တနှံ့နှံ့ထွက်နေရင် ကိုယ်ပဲ ပူလောင်မယ်လေ၊ အဲ . . . တစ်ခုတော့ရှိတယ်၊ ငါ အဲဒီကိစ္စအပေါ် လုံးဝအပြီးသတ်မေ့လိုက်တာမျိုးတော့ မဟုတ်ဘူး"

"အင်း . . . နင်ပြောတာလည်း ဟုတ်သားပဲ၊ ငါတောင် စိတ်တိုပြီး ဖုန်းပိတ်လိုက်မိတယ်"

ပြောရင်းဆိုရင်း အေးအေးခိုင်က သူ့ဖုန်းကို ပါဝါပြန်ဖွင့်လိုက်သည်။ ဖုန်းပွင့်သွားသည်နှင့် အင်တာနက်လိုင်းအမြဲ (ကျောင်းချိန်အတွင်း) ဖွင့်ထား





သော ဖုန်းဆီမှ ကလုံ၊ ကလုံဆိုသည့်အသံတွေ ပြန်ထွက်ပေါ်လာပြန်၏။ မေဇော်က အေးအေးခိုင်ကို မျက်စောင်းအရင်ထိုးလိုက်ပြီးမှ . . .

"ပုံပြင်လေးက ကောင်းသားပဲဟ၊ ပူလောင်မှုကို စိတ်ထဲမှာ ကြာရှည်လက်ခံမထားဖို့နဲ့ လုပ်သင့်တဲ့အလုပ်ကို တွေဝေမနေဘဲ ရိုးရိုးရှင်းရှင်း လုပ်ဖို့ ပြောသွားတာပဲ"

"ဟုတ်တယ်၊ အဲဒါက ဇင်ပုံပြင်လေးတစ်ပုဒ်ပါ၊ ဇင်ပုံပြင်တွေထဲမှာ ရှာတတ်ရင် ကိုယ့်အတွက်ဘဝအသိရစရာတွေ အများကြီးပဲဟ"

မေဇော်နှင့်အေးအေးခိုင်တို့ ကိုယ်စီခေါင်းညိတ်လိုက်လေသည်။ နေချိုက ကျောင်းစာအပြင် တခြားဗဟုသုတရစေမည့် စာတွေလည်း ဖတ်သူမို့ ကိစ္စတစ်ခုကြုံလျှင် ထိုသို့စဉ်းစားတွေးခေါ်တတ်လေ့ရှိသည်။ ဒါကြောင့်လည်း သူတို့အုပ်စုထဲတွင် ဆရာမကြီးဘွဲ့ကို မပေးဘဲ ရထားခြင်းဖြစ်၏။ သို့သော် . . . ခေတ်မိန်းကလေးဆိုတော့လည်း ခေတ်မိန်းကလေးအမူအကျင့်တွေက ရှိသည်ပေါ့လေ။

သို့နှင့် ဒီဘက်ကင်တင်းရောက်တော့လည်း နေချိုကပဲ ဆရာမကြီးပိုက်ကာ စားစရာတွေကို အရင်မှာလိုက်သည်။ ဒီတစ်ခါတော့ စားပွဲထိုးမှာ ယ်တွေချည်းပဲမို့ ပြဿနာတက်စရာလည်း အကြောင်းမရှိချေ။

စားနေသောက်နေကြရင်း ဘာရယ်မဟုတ် ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း နေချို့မျက်နှာက တည်သွားသည်။ ပြီး ဆက်မစားနိုင်ဘဲ ထိုနေရာ ဆီ စိုက်ကာ ကြည့်နေသဖြင့် မေဇော်က သတိထားမိသွားသည်။

"နေချို . . . ဘာတွေကြည့်နေတာလဲ"

နေချိုက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နင်တို့ ဟိုတစ်ဝိုင်းကျော်မှာ ထိုင်နေတဲ့ တစ်ယောက်ကို သိလား မသိမသာကြည့်နော်"

နှစ်ယောက်စလုံး မသိမသာပင် သိသိသာသာကြည့်လိုက်ကြသည်။ ကိုယ်တွေနှင့် အသက်မတိမ်းမယိမ်းလောက် လူတစ်ယောက်ကိုသာ တွေ့ရပြီး ဘာမှမထူးခြားသဖြင့် ...

"တွေ့တယ်လေ ... အဲဒီတစ်ယောက်က ဘာဖြစ်လို့လဲ"

နေချိုက ခေါင်းခါလျက် ...

"မဖြစ်ပါဘူး ... သိလားလို့ မေးကြည့်တာ"

အေးအေးခိုင်က ...

"ဘယ်သိမှာလဲဟ၊ ကျောင်းမှာက ကျောင်းသားတွေ အများကြီးရှိတာကို၊ ကျောင်းသားတစ်ယောက်ယောက်ပဲ ဖြစ်မှာပေါ့"

အဖြေက အတော်ပင် တိကျသေချာလွန်းလှသဖြင့် နေချိုပင် စိတ်လက်ကုန်ခန်းသွားရသည်။

မေဇော်ကလည်း ...

"ငါလည်း ခုမှမြင်ဖူးတာလေ၊ အဲဒီတစ်ယောက်က ဘာဖြစ်လို့လဲ နေချို"

နေချိုက ထိုလူကို တစ်ချက် ခပ်စူးစူးကြည့်လိုက်ပြီးမှ အကြည့်ကို လွှဲလိုက်ရင်း ခေါင်းခါကာ ...

"ဟင့်အင်း ... ဘာမှမဖြစ်ပါဘူး၊ ငါ့စိတ်ထဲ တစ်နေရာရာမှာ မြင်ဖူးနေတယ် ထင်လို့ပါ"

"အယ် ... ဒါများ၊ အဲလိုတော့ ငါတို့လည်း မြင်ဖူးတာပဲ၊ စားမှာသာ





စားစမ်းပါဟာ"

နေချို ဘာမှပြန်မပြောမနေတော့ဘဲ စားစရာရှိတာကို ဆက်စားလိုက်သည်။ စားရင်းပင် စိတ်ထဲက စဉ်းစားနေမိသေး၏။ စဉ်းစားရင်း စားရင်း၊ စားရင်း၊ စဉ်းစားရင်း ထိုအမူကို တပြိုင်နက်တည်းလို ပြုလုပ်နေမိရင်းက ခေါင်းထဲမှာ ဖျတ်ခနဲ လင်းပွင့်သွားသဖြင့် ခုနကလူဆီသေချာအောင် ပြန်ကြည့်လိုက်သည်။

သို့သော် ...

ထိုတစ်ယောက်က ထိုင်နေခဲ့သော နေရာတွင် မရှိတော့ ...။

■

www.burmeseclassic.com

www.burmeseclassic.com

## (၅)

နေ့ကတော့ ပြက္ခဒိန်ထဲတွင် အမည်းရောင်ပုံနှိပ်မင်ဖြင့် ရိုက်နှိပ်သတ်မှတ်ထားသော နေ့တစ်နေ့သာ ဖြစ်သည်။ မိုးနောင်လည်း ခါတိုင်းနေ့တွေလိုပင် ကျောင်းမသွားမီ ရေဝင်ချိုးလိုက်၏။

မိုးနောင်က ရေချိုးခန်းထဲတွင် ရေပန်းတစ်ခုကို ကိုယ်တိုင် တပ်ဆင်ထားသည်။ ဖြာဖြာမှုန်မှုန် ကျဆင်းလာသော ရေပန်းအောက်တွင် ဝတ်လစ်စလစ်ခန္ဓာကိုယ်အား ရပ်မတ်ရင်း ငြိမ်ဆိတ်စွာ ရေချိုးရခြင်းကို နှစ်သတ်သည်။ ထိုသို့ရေချိုးလိုက်တိုင်း စိတ်ထဲတွင် ဘာအညစ်အကြေးများ မရှိသကဲ့သို့ ကြည်စင်ကာ တစ်ရက်တာကို ဖြတ်သန်းရင်ဆိုင်ဖို့ အသင့်အနေအထားရှိပြီဟု ခံစားရ၏။ ရေချိုးနေစဉ် ဖြစ်တည်နေသော ဗလာခံစားမှုကိုလည်း





ကြိုက်သည်။

ရေချိုးခန်းမှ ထွက်လာချင်းမှာပဲ မေမေက ဆီးပြောလာသည်။

"သား ... ဧည့်ခန်းထဲမှာ ကိုတိုးရောက်နေတယ် ... သားနဲ့ ...နေ့ ချိန်းထားတယ်ဆို"

ထိုအခါမှ ဟုတ်သားပဲဆိုပြီး ပထမဆုံးအတွေးကို စတွေးမိသည်။ ...ကိုဝမ်းကွဲဖြစ်သော တိုးမိုးက သက်သေအဖြစ် လက်မှတ်လိုက်ထိုး...ရန် ဒီနေ့ခေါ်ထားသည်။ ခုရောက်လာပြီ။

ဧည့်ခန်းဆီသို့ အရင်သွားလိုက်ပြီး ...

"ကိုတိုး ... ခဏ၊ အဝတ်အစားလဲလိုက်ဦးမယ်"

တိုးမိုးက သူ့ကိုကြည့်ကာ စိတ်လောနေသောအသွင်ဖြင့် ...

"မြန်မြန်လုပ်ပါဟ ... ဒီလောက်ကြိုပြောထားတဲ့ဟာကို"

မိုးနောင်က ရယ်လျက် ...

"အေးပါဗျာ၊ ခု တရားရုံးသွားရမှာက သူများသားသမီးကို တစ်...လုံး ရှာဖွေကျွေးမွေးပါ့မယ်ဆိုပြီး ခံဝန်လက်မှတ်သွားထိုးမှာနော်၊ အဲဒီ...တ် တက်ကြွမနေနဲ့"

"ဟာ ... ဒီကောင်တော့ ... သွား ... သွား မြန်မြန်လုပ်"

တိုးမိုးက အော်တော့သည်။ ပြောရလျှင် တိုးမိုးနှင့်မိုးနောင်က ...တ်ငါးနှစ်လောက်ကွာသော်လည်း ပြောမနာဆိုမနာ ညီအစ်ကိုသူငယ်...တွေလို ဖြစ်နေသည်။ ခုလည်း တိုးမိုးက သူ့ချစ်သူ မယုဝါနှင့် ရုံးတက်...မှတ်ထိုးရန်အတွက် မိုးနောင်ကို အဖော်လာခေါ်ခြင်းဖြစ်သည်။ သက်...ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိုးနောင်က ရှပ်အင်္ကျီနှင့် ကချင်ပုဆိုးကို တွဲဖက်ကာ ဝတ်ဆင်လိုက်ပြီး အပေါ်မှ တိုက်ပုံအနက်ကိုပါ ထပ်စွပ်လိုက်သည်။ ထို့နောက် ကျောပိုးအိတ်ကိုလွယ်ကာ ထွက်လာခဲ့၏။

မိုးနောင်ပုံစံကိုကြည့်ကာ တိုးမိုးက တစ်ချက်မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဟေ့ကောင် . . . ကျောပိုးအိတ်ကြီးက ဘာလုပ်မလို့လဲ"

မိုးနောင်က ပခုံးတွန့်ကာ . . .

"ဘာလုပ်ရမှာလဲ၊ ကိုတိုး ကိစ္စပြီးရင် ကျောင်းဆက်သွားမှာပေါ့ဗျ။ အဲဒါကြောင့် တစ်ခါတည်း ယူလာခဲ့တာ၊ သွားမယ်လေ"

တိုးမိုး ဘာမှပြောမနေတော့ဘဲ ထရပ်လိုက်သည်။ ဘာကောင်မှန်းမသိသော ဒီညီတစ်ယောက်ကို ပြောလို့လည်း ရမည်မဟုတ်မှန်း သိနေ၍ဖြစ်သည်။

တရားရုံးသို့ အတူထွက်လာကြရင်း တက်ကြွစွာ ကားမောင်းနေသည့် တိုးမိုးကို မိုးနောင်က စွေကြည့်ကာ . . .

"ကိုတိုး . . . ခင်ဗျားနဲ့မပါကြားထဲမှာ ဒီတစ်ခါပဲ လက်မှတ်ထိုးပေးနိုင်မယ်နော်၊ နောက်တစ်ကြိမ် လက်မှတ်ထိုးကြရင် ကျွန်တော် မပါဘူး"

"အေးပါကွာ၊ နောက်တစ်ကြိမ်ဆိုရင်လည်း . . . ဟာ ဟေ့ကောင် မင်္ဂလာမရှိ ဘာတွေပြောနေတာလဲ"

ယောင်ကာ ခေါင်းညိတ်ရင်း ပြောနေပြီးမှ တိုးမိုးက အော်တော့သည်။ မိုးနောင်က တဟားဟားရယ်ကာ ဆက်၍ . . .

"တကယ်တော့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးတယ်ဆိုတာ





ဘာနဲ့တူလဲဆိုတော့ လက်ဝှေ့ပွဲတွေမှာ မထိုးခင် ကတိလက်မှတ်ထိုးကြသလိုပဲ"

"အောင်မာ . . . ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . . ကျွန်တော်, ကျွန်မတို့သည် တစ်သက်လုံး အိမ်ထောင်ရေးဆိုတဲ့ သတ်ကွင်းထဲမှာ သတ်ကြပါတော့မယ်လို့ ဝန်ခံလက်မှတ်ထိုးလိုက်တာမျိုးပေါ့"

တိုးမိုးမျက်နှာကြီးက မည်းထွက်သွားသည်။ ကားမောင်းနေရသဖြင့် လက်နှစ်ဖက်စလုံး မအားသောကြောင့် ပါးစပ်ဖြင့် အသံထုတ်ကာ ကြိမ်းမြန်သည်။

"မိုးနောင် . . . မင်းတော့ နာတော့မယ်၊ ခဏလောက် ပါးစပ်ပိတ်ပြီး နေစမ်းပါ၊ ငါ မင်္ဂလာယူနေတဲ့အချိန်ကွ"

မိုးနောင် ငြိမ်နေလိုက်သည်။ မင်္ဂလာယူနေသည့်အချိန်က ကားတွေကျပ်ပိတ်နေသဖြင့် တော်တော်ဖြင့် မရောက်ချေ။ မင်္ဂလာယူနေသည့် တိုးမိုးလည်း ပိတ်နေသော ကားတန်းကြီးကိုကြည့်ကာ မင်္ဂလာရှိသောအဆဲအဆိုတွေကိုပဲ ရေရွတ်နေလေတော့၏။

တော်ပါသေးသည်။ တရားရုံးရောက်တော့ တစ်ဖက်မှ လက်မှတ်ထိုးမည့် မယုဝါက တိုးမိုးကို မစောင့်ဘဲ တစ်ဖက်သတ် လက်မှတ်ထိုးကာ ပြန်မသွားသေးပါ။ တိုးမိုးပြောသလို မင်္ဂလာရှိစွာ စောင့်နေပါသည်။

သို့သော် . . .

မိုးနောင်အဖို့မှာတော့ ယခုမှပဲ မင်္ဂလာရှိသွားသလို ခံစားလိုက်ရလေ၏။ အဘယ့်ကြောင့်ဆိုသော် တိုးမိုး၏ဇနီးလောင်း မယုဝါနှင့်အတူ နေချိုကိုပါ



www.burmeseclassic.com

www.burmeseclassic.com



အကျီ၊ လုံချည်တွေ ဝတ်လျက် မြန်မာဆန်ဆန်လေး တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုသို့ တွေ့ရမည်ဟု မိုးနောင် မထင်ထားမိသည်မို့ အံ့ဩကာ မျက်ခုံးပင့်လိုက်မိသလို နေချိုကလည်း တွေ့တွေ့ချင်း မှတ်မိသောအသွင်ဖြင့် မျက်မှောင်ကြုတ်သွားလေသည်။

မယုဝါက တိုးမိုးကိုကြည့်ကာ ...

"ကိုတိုးကလည်း ကြာလိုက်တာ"

"ဟုတ်တယ် ... ယုဝါရေ၊ ထုံးစံအတိုင်း ... ကားတွေပိတ်နေလို့လေ"

"လာလေ ... ဒါဆိုလည်း သွားရအောင် တရားသူကြီး ရောက်နေပြီ ... အဲ"

ပြောရင်းက သတိရဟန်ဖြင့် ယုဝါက မိုးနောင်နှင့်နေချိုကို တစ်လှည့်စီ ကြည့်လိုက်ပြီး ...

"ဩော် ... မိတ်ဆက်ပေးရဦးမယ်၊ မိုးနောင် ... မောင်လေးသူက မဝါညီမလေး နေချိုတဲ့ ... မဝါရဲ့ညီမနှစ်ဝမ်းကွဲပေါ့၊ ညီမလေးသူက မိုးနောင်တဲ့ ... ကိုတိုးရဲ့ညီလေးလေ"

မိတ်ဆက်ပေးအပြီးတွင် ပရိသတ်ကြီး မျှော်လင့်ထားသလို နှစ်ယောက်သား ပြေးဖက်ကာ နှုတ်မဆက်ကြဘဲ တစ်ယောက်နှင့်တစ်ယောက် စိုက်ကာကြည့်နေကြသေးသည်။

အတန်ကြာမှ မိုးနောင်က ဦးစွာ ငါးရှူပြုံးလေး ပြုံးပြလိုက်ပြီး...

"ခုလိုအနေအထားနဲ့ ပြန်တွေ့ရတာ ဝမ်းသာမိပါရဲ့ နေချို"





နေချိုက ငါးပြေမအပြုံးမျိုး တန်ပြန်ပြုံးလာရင်း ...

"ကျွန်မတော့ သိပ်ဝမ်းမသာမိပါဘူး၊ ရှင်နဲ့ပြန်တွေ့ရတာ ပြန်အန်ချင်သလိုပါပဲ"

သူတို့နှစ်ယောက်၏ ချစ်ဖွယ်သော ပီယဝါစာ အပြောအဆို ဟန်ပန်အမူအရာတွေကိုကြည့်ကာ တိုးမိုးနှင့်ယုဝါတို့ မျက်လုံးပြူးသွားကြသည်။

ယုဝါက အရင်အံ့ဩဟန်ပြလျက် ...

"ဟင် ... ညီမလေးနဲ့မောင်လေးက သိနေကြတာလား"

မိုးနောင်က အရင် ...

"ဆိုပါတော့ မဝါ ... တွေ့ဖူးတာတော့ သိပ်မကြာသေးပါဘူး၊ တစ်ကျောင်းထဲမှာ တက်တာဆိုတော့လေ"

နေချိုကလည်း မဲ့လျက် ...

"တွေ့ဖူးတယ် ဆိုပေမယ့်လည်း ကောင်းသော တွေ့ခြင်းမျိုးတော့ မဟုတ်ဘူး မမ"

ငယ်ရာမှ ရုတ်တရက်ကြီး၊ ကြီးလာတာမျိုး မဟုတ်ဘဲ တဖြည်းဖြည်းချင်း ကြီးလာသူပီပီ ယုဝါ သဘောပေါက်သွားဟန်တူသည်။ တိုးမိုးကို ကြည့်ကာ အဓိပ္ပာယ်ပါပါ ပြုံးလိုက်ပြီးမှ ...

"ကဲပါ ... သိနေတယ်ဆိုတော့လည်း ပြီးတာပါပဲ၊ လာလာ ... လက်မှတ်သွားထိုးရအောင်"

လေးယောက်သား တရားသူကြီးဆီ သွားလိုက်ကြသည်။ လမ်း... တိုးမိုးက ကပ်ကာ လာမေးသေးသည်။

"ဟေ့ကောင် ... မင်းနဲ့နေချိုနဲ့က ဘာဖြစ်ထားကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနောင်က ခပ်တည်တည်ဟန်လေးဖြင့် . . .

"ဒီလိုပဲ . . . လူငယ်တို့ ဘာသာဘာဝ မှားယွင်းမိကြတာမျိုးပါ"

"ဘာ"

တိုးမိုးအသံက မသိမသာ ကျယ်သွားသဖြင့် မိုးနောင်က အသံအုပ်အုပ်နှင့် . . .

"ဟာ . . . တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်မှားမိတာမျိုးကို ပြောတာပါ . . . ဗျ"

"မင်းကွာ"

တရားသူကြီးရှေ့ရောက်တော့ တိုးမိုးနှင့်ယုဝါတို့က ပြုံးရွှင်စွာ လက်မှတ်အရင်ထိုးကြသည်။ ပြီး မိုးနောင်နှင့်ယုဝါတို့လည်း ပေစောင်းစောင်း ပုံစံလေးတွေနှင့် သက်သေလက်မှတ်ကို လက်ထပ်စာချုပ်ပေါ်မှာ ထိုးပေးလိုက်ကြသည်ပေါ့။

ငွေကြေးနှင့်ကန်တော့ထားသည်မို့ တရားသူကြီးက တန်သောဆုတွေ ပြန်ပေးပါသည်။

တရားရုံးအောက်ရောက်တော့ ယုဝါက သူ့ညီမကို ကြည့်၍ . . .

"ညီမလေးက ဒီကပြီးရင် ကျောင်းတန်းသွားမယ်ဆို"

"ဟုတ်တယ်လေ မမ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး . . . လိုက်ပို့မလို့ပါ၊ ကိုတိုးမှာ ကားပါတယ်လေ"

"အဆင်ပြေတာပေါ့"

နေချိုက ထိုမျှလောက်ပဲ ပြောသည်။ မိုးနောင်လည်း မနေသာ၍ ဝင်ပြောရတော့၏။





"ကိုတိုး . . . ကျွန်တော်လည်း ဒီကပြီးရင် ကျောင်းသွားမယ်လို့ ပြောထားတယ်နော်"

ထိုစကားကြောင့် နေချိုက ဆတ်ခနဲ ကြည့်လာသည်။

တိုးမိုးက . . .

"အေးပါကွ . . . မင်းကို ငါ လိုက်ပို့ပေးပါ့မယ်"

"ဟုတ်ပြီလေ၊ တော်ကြာ . . . ခုကျမှ ကောက်ကာငင်ကာ ထ,ပြောတယ်ဖြစ်နေမှာစိုးလို့"

နေချိုက နှုတ်ခမ်းလေးမဲ့ကာ မျက်စောင်းထိုးလာသည်။ မိုးနောင်ကနှင့်မျှ ပြန်ထိုးမနေတော့။ ပီဘိ ကလေးငယ်လို အပြစ်ကင်းစင်ဟန်လေး လုပ်နေလိုက်သည်။

ကျောင်းသွားတော့လည်း တိုးမိုးနှင့်ယုဝါတို့က ရှေ့ခန်းမှာ ထိုင်ကြပြီး မိုးနောင်နှင့်နေချိုတို့က နောက်ခန်းတွင် ယှဉ်တွဲကာ ထိုင်ကြရသည်။ တောက်ကွဲပြားစွာ အတူတွဲလျက် ယှဉ်တွဲနေထိုင်ကြခြင်းမျိုး ဖြစ်၏။

လမ်းမှာလည်း တိုးမိုးနှင့်ယုဝါတို့သာ သူတို့၏မင်္ဂလာပွဲကိစ္စကိုသာ တမ္ဘာအရေးအကြီးဆုံးကိစ္စသဖွယ် ပြောနေကြသည်။ မိုးနောင်နှင့်နေချိုတို့ကိုတော့ ရှိသည်ဟုပင် ထင်ပုံမရချေ။ ဂရုစ်နစ်စံချိန်ဝင်အောင် ဆောင်မှာ မဟုတ်တာကိုများ . . .။

မိုးနောင်လည်း ကိုယ့်အတွေးနှင့်ကိုယ် လိုက်လာခဲ့၏။ ဒီအချိန် စကားရော ဖောရောသွားလုပ်လျှင်လည်း နေချိုက အကောင်းပြောသည်ဟု ထင်မည်မဟုတ်ချေ။ ကျောင်းတော်က အငြိလေးတွေ ရှိခဲ့သည့်နှုန်း။

ကျောင်းသို့သွားသည့်လမ်းတွင် တံတားတစ်စင်းကို ဖြတ်သန်းသွား



www.burmeseclassic.com

www.burmeseclassic.com



ရကြောင်း ထည့်ရေးရဦးမည်လား။ ထားတော့။

ကျောင်းရှေ့ရောက်တော့ မှန်ဦးကိုကျော်ကာ မောင်းလာရင်း တိုးမိုးက ...

"မင်းတို့ ဘယ်အထိပို့ပေးရမလဲ"

နာမည်တပ်ကာ မေးခြင်းမဟုတ်၍ ဘယ်သူမှမဖြေကြ။ Lady fast ဟုတွေးပြီး မိုးနှောင်က စောင့်ပေးလိုက်သေးသည်။ နှစ်မိနစ်လောက်ကြာသည်အထိ နေချိုက မဖြေတော့မှ ...

"ကိုတိုး ... ဟိုးရှေ့က ဆိုင်းဘုတ်အနီနဲ့ ကင်တင်းရှေ့ရောက်ရင် ကျွန်တော် ဆင်းမယ်"

"အိုကေ ... အိုကေ၊ ညီမလေးကိုကော ဘယ်အထိ ပို့ပေးရမလဲ"

"ပါမောက္ခရုံးခန်းကို"

"ဘာရှင့်"

မိုးနှောင်က ဝင်ပြောလိုက်သဖြင့် နေချိုက ဆတ်ခနဲအော်လိုက်ခြင်းဖြစ်သည်။

မိုးနှောင်က ခေါင်းခါကာ ...

"ဟာ ... ခင်ဗျားကိုပြောတာ မဟုတ်ပါဘူး၊ ကိုယ့်ဘာကိုယ် ပါမောက္ခရုံးခန်း သွားရဦးမယ်လို့ ပြောတာပါ"

"ရှင်နော် ... ဟွန်း"

ပြောရင်း မျက်စောင်းထိုးလိုက်ပြီးမှ ...

"မမ ... ညီမလေးလည်း ကားရပ်ရင် ဆင်းလိုက်မယ်"

"အေး ... အေး"





ကားရပ်တော့လည်း ကိုယ်နှင့်နီးသော အပေါက်ဆီမှ နှစ်ယောက်သား ကိုယ်စီဆင်းလိုက်ကြသည်။

ပထဝီမြေကြီးပေါ် ခြေချချင်း မိုးနှောင်က ...

"ကိုတိုး၊ မဝါ ... သွားပြီဗျ"

"ဩော် ... အေး အေး ... ကောင်းကောင်းသွားနော် ... ညီညီ"

တိုးမိုးက ရိသလို ရွဲ့သလို လှမ်းပြောသဖြင့် မိုးနှောင်က ...

"ကောင်းကောင်းပဲ သွားမှာပါဗျ။ လမ်းမှာ အနှောင့်အယှက်မရှိရင်ပေါ့လေ"

ပြောပြီး ကင်တင်းဆီသို့ လျှောက်လာခဲ့သည်။

အနှောင့်အယှက်မရှိပါက ကောင်းကောင်းသွားမည်ဟု အတိအကျဆိုခဲ့ပါသည်။ သို့သော်လည်း ခြေလှမ်း လေး,ငါးလှမ်းပဲ လှမ်းရဦးမည်။ အသံကို အရင်ကြားလိုက်ရ၏။

"ဒီမှာ မိုးနှောင်ဆိုတဲ့လူ ... ရှင် စကားပြောရင် အနှောင့်အသွားမလွတ် မပြောပါနဲ့"

ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ နေချိုကို မျက်နှာထားတင်းတင်းလေးဖြင့် တွေ့လိုက်ရ၏။

မိုးနှောင်က ...

"မပြောပါဘူး၊ ဘာလဲ ... ခင်ဗျားက ခု ကျွန်တော့်ကို ရန်လိုက်တွေ့နေတာလား"

နေချိုက နှာခေါင်းရှုံ့လိုက်ရင်း ...

"သွားစမ်းပါ၊ ရှင့်ကို လိုက်ရန်တွေ့ရလောက်အောင် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ကိုယ့်တာတိုယ် ကင်တင်းထဲဝင်လာရင်း လမ်းကြုံလို့ ပြောလိုက်တာ"

"ကျွန်တော်ကတော့ အားတယ်ဗျ"

"ဘာ"

"ခြော် ... ခင်ဗျား ရန်တွေ့ချင်ရင်လည်း ကျွန်တော်က အားတယ်လို့"

"အားရင်လည်း သွားသေလိုက်တော့"

ကင်တင်းထဲအရောက်တွင် ထိုစကားကို ပြောပြီး နေချိုက တစ်ဖက်သို့ ဆက်ထွက်သွားလေသည်။ လှမ်းကြည့်လိုက်တော့ စားပွဲတစ်ဝိုင်းမှာ ထိုင်နေကြသည့် သူ့သူငယ်ချင်းတွေဆီ သွားခြင်းဖြစ်၏။

မိုးနောင် ကင်တင်းထဲ ထပ်ကာဝေ့ကြည့်လိုက်တော့ စားပွဲတစ်ဝိုင်း၌ ထိုင်ကာ လက်လှမ်းပြနေသည့် နေမျိုးကျော်ကို တွေ့လိုက်ရ၏။ နေမျိုးကျော်ဘေးမှာ ထိုင်နေသူက တင်ထူး။ အီးထွက်ကျသည့်ငတိ။

မိုးနောင် ထိုဝိုင်းဆီ သွားလိုက်သည်။ ရောက်ရောက်ချင်းပင် တင်ထူးက မှုန်တေတေမျက်နှာထားနှင့် ...

"ဟေ့ကောင် ... ငါ မင်းနဲ့ စကားပြောစရာရှိတယ်"

မိုးနောင်က ဝင်မထိုင်သေးဘဲ ခပ်တည်တည်ပုံစံဖြင့် ...

"အေး ... မင်း ပြောချင်ပေမယ့် ငါ့ဘက်က မပြောနိုင်သေးဘူး"

"ဘာကွ"

"ဟုတ်တယ် တင်ထူး၊ မင်းထက် အဆတစ်ရာမကသာတဲ့၊ မင်းနဲ့ဆီနဲ့ရေ အီးနဲ့မိုးကြိုးလို ကွာတဲ့ လူတစ်ယောက်နဲ့ စကားသွားပြောရဦးမယ်"





တင်ထူးမျက်နှာက ရုတ်ချည်း မည်းထွက်သွားရင်း ..

"အောင်မာ ... မင်းက ဘယ်သူနဲ့များ သွားစကားပြောမလို့လဲ"

"ပါမောက္ခနဲ့လေ၊ ငါ့ကို သူ့ဆီ လာခဲ့ဖို့ ခေါ်ထားတယ်"

မည်းနေသည့်မျက်နှာကို ထပ်ကာမဲ့လိုက်ရင်း တင်ထူးက ထပ်ပြောသည်။

"အဲဒါများ ... ငါတို့ဆီ ဘာဖြစ်လို့ လာနေသေးလဲ"

"အဲဒီလို သွားစရာရှိတဲ့အကြောင်း မင်းတို့ကို လာပြောတာလေ၊ သွားပြီ"

ပြောပြီး ချာခနဲ လှည့်ထွက်လာခဲ့သည်။ ကိုယ့်မေဂျာ၏ပါမောက္ခ အခန်းရှေ့ရောက်တော့ လိုက်ကာစကို အသာဟကာ ဝင်လိုက်ရင်း မိုးနောင်လှမ်းပြောလိုက်ပါသည်။

"ဆရာကြီး ... ကျွန်တော် ရောက်ပါပြီဗျ၊ ဆရာကြီး ခေါ်ထားတယ်ဆိုလို့ပါ"

ဆရာကြီးက မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ ခေါင်းအရင်ညိတ်ပြသည်။

"အေးကွ ... မိုးနောင် ဝင်ခဲ့လေ"

■



www.burmeseclassic.com

www.burmeseclassic.com

## (၆)

ပါမောက္ခရုံးခန်းထဲမှ ပြန်ထွက်လာပြီး လက်ဖက်ရည်သောက်ချင်လာသဖြင့် စာသင်ခန်းဆီမသွားသေးဘဲ ကင်တင်းဘက် ခြေဦးပြန်လှည့်လိုက်သည်။

ကင်တင်းရောက်တော့ အံ့သြစရာမလိုလောက်အောင်ပင် ကျောင်းသားကျောင်းသူများသည် စာသင်ခန်းထဲတွင် စာသင်နေရမည့်အစား ကင်တင်းထိုင်လျက် ရှိနေကြသည်ကို တွေ့လိုက်ရ၏။ ထိုထဲတွင် ကိုယ့်ဘော်ဒါများဖြစ်ကြသည့် တင်ထူးနှင့်နေမျိုးကျော်တို့လည်း ပါလေသည်။

မိုးနောင်က တင်ထူးတို့ရှိရာဝိုင်းဆီသို့ပင် သွားကာ ဝင်ထိုင်လိုက်၏။ မိုးနောင်ကိုမြင်တော့ တင်ထူးက အရင် . . .





"သြော် . . . မင်းတောင် ပြန်လာပြီကိုး"

ထိုစကားကြောင့် မိုးနောင်က ပေစောင်းစောင်း ပြန်ကြည့်လိုက်ပြီး

"အေး . . . ပြန်လာပြီ၊ ပြန်လာတော့ မင်းက ဘာလုပ်ချင်လို့လဲ"

"အာ"

တင်ထူး ရုတ်တရက် ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်သွား၏။ ပြီးမှ စောင်းငန်းငန်းပြန်ကြည့်ကာ . . .

"မင်းကလည်းကွာ . . . ငါတို့က မင်းကို စောင့်နေကြတာဟ"

"ဘာအတွက်လဲ၊ လက်ဖက်ရည်ဖိုး ရှင်းစရာမရှိလို့လား"

"အေးလေ . . . နင်းကန်မျိုဆို့လိုက်တော့ ပိုက်ဆံကမလောက်၊ တာ . . . မဟုတ်ပါဘူးကွာ၊ မင်းကို မေးစရာရှိလို့ပါ"

"ခဏလေး"

မိုးနောင်က လက်ကာပြလိုက်သည်။ လာချပေးသော လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်ပြီးမှ . . .

"ကဲ . . . ဆို . . . ဘာမေးမှာလဲ"

စကားအဆုံးမှာ တင်ထူးက မိုးနောင်ကို မြင်ဖူးပြီးသားဖြစ်လျက်နှင့်ပင် ထပ်ကာ စေ့စေ့စပ်စပ် ကြည့်လိုက်သေးသည်။ သူ့မျက်စိနှစ်လုံးနှင့် တစ်ကိုယ်လုံးကို ခြုံငုံကြည့်လိုက်ခြင်း ဖြစ်၏။

"ပထမဆုံး သိချင်တာကကွာ . . . ဒီနေ့ မင်းက ဘာစိတ်ကူးနဲ့ ဒီလိုတိုက်ပုံအကျီတွေ, ဘာတွေ ဝတ်လာတာလဲ၊ ပါမောက္ခနဲ့တွေ့ဖို့ ရှိလို့လား။ ဒါမှမဟုတ် စတန့်ထွင်တာလား၊ ခေတ်ဟောင်းရုပ်ရှင်တွေထဲကလို လေ"



www.burmeseclassic.com

www.burmeseclassic.com



မိုးနောင်က ဟက်ခနဲ အရင်ရယ်လိုက်သည်။

"မင်းပြောတဲ့နှစ်ခုထဲမှာ တစ်ခုကတော့ မှန်သင့်သလောက် မှန်တယ်၊ ပါမောက္ခနဲ့ တွေ့ဖို့ရှိလို့ ဆိုတာကလေ၊ စတန့်ထွင်တာတော့ မဟုတ်ဘူး။ တိုက်ပုံ ဒီနေ့ဝတ်ရတာက တခြားအကြောင်းအရာတွေလည်း ရှိသေးတယ်"

"ဟမ် … ဘာတွေလဲ၊ အမျိုးသားရေးလက္ခဏာတွ ဘာတို့လား"

ထိုစကားကြောင့် မိုးနောင် ရယ်ချင်သွားပြီး …

"တင်ထူးရာ … တိုက်ပုံလေး ဝတ်တာလောက်ကို အကြီးကြီးတွေ ပြောမနေပါနဲ့၊ အဲလိုတိုက်ပုံဝတ်ပြီး လိမ်ညာမဟုတ်မမှန်ပြောတဲ့သူတွေ၊ ကိုယ်ကျင့်တရား မကောင်းတဲ့သူတွေ အများကြီးကွ၊ တိုက်ပုံဝတ်ပြီး တိုင်းပြည်ထဲက သယံဇာတတွေကို ရောင်းစားနေတဲ့လူတွေတောင် ရှိတယ်၊ ပြောရင် နိုင်ငံရေးတွေ ပါလာတော့မယ်၊ ငါ တိုက်ပုံဝတ်တဲ့ကိစ္စက အဲလောက်မကျယ်ပြန့်၊ မရှုပ်ထွေးဘူး၊ ရိုးရှင်းတယ်"

စကားအဆုံးမှာ ထုံးစံအတိုင်း တင်ထူး စဉ်းစားသွားသည်၊ ထိုအခါမှ ငြိမ်နေသည့် နေမျိုးကျော်က သတိရဟန်ဖြင့် …

"သြော် မိုးနောင် … ငါလည်း မင်းကို မေးမယ်ဆိုပြီး မေ့နေတာ၊ မင်း မနက်က တစ်ခေါက် ကင်တင်းထဲဝင်လာတော့လေ … ဟို နေချိုနဲ့ မင်း စကားပြောလာတာကို လှမ်းတွေ့လိုက်တယ်၊ မင်း သူနဲ့ ဘာထပ်ဖြစ်ကြတာလဲ"

"ပါးပါတယ်ကွာ … အငြိုလက်ကျန်လေးပါ"

"သြော် … အေး၊ အဲဒီကိစ္စကို ငါ့ကိုလည်း ပြောပြစမ်းပါဦးဟ





မိုးနောင် … မင်းနဲ့အဲကောင်မလေးက ဘယ်ကဘယ်လို စဖြစ်တာလဲ"

တင်ထူးက လမ်းကြောင်းပြောင်းကာ ဝင်မေးလာပြန်သည်။ နေမျိုးကျော်က အကုန်ဝင်ပါနေတာပဲ ဟူသော မျက်နှာအမူအရာဖြင့် တင်ထူးဘက်ကို မေးငေါ့လိုက်သည်။

မိုးနောင်က …

"နေချိုနဲ့ စ,ဖြစ်တာကတော့ … အဲ … မင်း သိုးထွက်ကျတဲ့နေ့ကပဲ ဆိုပါတော့"

"ဟာ … ဟေ့ကောင်"

အလန့်ပုံစံနှင့် တင်ထူးမျက်နှာက ရှက်သွေးဖြန်းသွားသည်။ ပြီးမှ မျက်စောင်းခဲလိုက်ရင်း …

"မင်းကွာ … အဲကိစ္စကို ပြန်မပြောစမ်းပါနဲ့"

"အဲဆိုလည်း မမေးနဲ့တော့ကွာ၊ ရောက်လာကတည်းကပဲ မင်းတို့ တချည်း မေးနေတယ်၊ ငါလည်း သိချင်တာကို မေးစမ်းပါရစေဦး"

ရုတ်ချည်းဆိုသလို တင်ထူးမျက်နှာက တည်သွားကာ …

"မင်း ဘာသိချင်တာလဲ … ပြော"

ပြောလာသည့်ပုံစံကိုက ကမ္ဘာကြီးတစ်ခုလုံးအား ခါးစောင်းတင်ထားသည့်ပုံစံဖြစ်သည်။ အရှဲ့တိုက်ကာ သမ္မတကြီးဦးသိန်းစိန်၏ယေိနာမည်ဘာလဲဟု မေးလိုက်ဖို့ စဉ်းစားလိုက်သေး၏။ သို့သော် သမ္မတကြီးဦးသိန်းစိန်သည် ၁၉၄၅-ခုနှစ်၊ ဧပြီလ (၂၀) ရက်၊ သောကြာနေ့တွင် မွေးဖွားခဲ့ပြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်၊ ကျုံကူရွာသားဖြစ်ကြောင်း။ ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးမှ ဖွားသည့် ဖခင် ဦးမောင်ဖြူ၊ မိခင် ဒေါ်ညွန့်မှ မွေးဖွားခဲ့ပြီး မွေးချင်းသုံးယောက်

www.burmeseclassic.com



ထဲတွင် အငယ်ဆုံးသားဖြစ်ကြောင်း၊ ဦးသိန်းစိန်သည် မူလတန်းမှစ၍ ကျုံ့ကူးမှ ဆရာဦးမောင်ဥထံတွင် စတင်ပညာသင်ကြားခဲ့ပြီး ဆရာတော် ဦးကေသရ အလွတ်ခေါ်သင်သဖြင့် အင်္ဂလိပ်စာ၊ သင်္ချာတို့ကို သူငယ်တန်းမှ လေးတန်းအထိ သင်ကြားခဲ့ကြရကြောင်း ... စသဖြင့် ထိုမျှလောက်တောင် သိမည်မထင်၍ မေးမနေတော့။ နောက်တစ်ခုက မေးလိုက်မှ တင်ထူး အိမ်သာတက်ချင်နေသည့်အချိန်နှင့် ကြုံနေပါက စဉ်းစားရင်း အီးထပ်ထွက်ကျမည်ကို စိုးရိမ်သောကြောင့် စိတ်လျှော့လိုက်၏။ လောလောဆယ် ကိုယ်တကယ်သိချင်တာကိုပဲ မေးလိုက်ပါသည်။

"ကျော်ဖင်မိုးဆိုတဲ့လူအကြောင်း မင်းတို့ သိကြလား၊ ငါတို့ကျောင်းကပဲ၊ Chemistry second years တက်နေတာ"

နှစ်ယောက်စလုံး ငြိမ်သွားကြသည်။ တင်ထူးက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီးမှ ...

"ဟေ့အေး ... မင်း အဲ့လူအကြောင်း ခုပြောတာလောက်တောင် ငါတို့မသိဘူး"

"ဒါနဲ့များ စဉ်းစားနေသေးတယ်"

"ဟာ ... သိမလားလို့ပေါ့ကွ၊ နေစမ်းပါဦး ... မင်းက အဲဒီကျော်ဖင်မိုးအကြောင်း ဘာဖြစ်လို့ သိချင်တာလဲ"

"ကိစ္စရှိလို့ပေါ့ကွ၊ မသိရင်လည်း ထားလိုက်ပါတော့၊ ငါ့ဟာငါပဲ စုံစမ်းလိုက်ပါ့မယ်၊ ထင်ပါတယ် ... မင်းတို့မသိလောက်ဘူးဆိုတာ"

"အဲဒါများ ... လာမေးနေသေးတယ်၊ ငါဆိုရင် ကိုယ်မသိတဲ့ကိစ္စကို သိသလိုလို ဘာလိုလိုနဲ့ ပြန်မေးမနေဘူး"





နေမျိုးကျော်အပြောက တင်ထူးကို တုတ်နှင့် ခပ်ဆတ်ဆတ်လေး ထိုးလိုက်သလို နာသွားပုံရသည်။ ချက်ချင်းပင် တင်ထူးက နေမျိုးကျော်ဘက်သို့ လှည့်ရင်း ...

"ဟေ့ကောင် ... ဘယ်အရာမဆို ကိုယ်မသိဘူးဆိုပြီး ငြိမ်နေလို့ မရဘူးကွ၊ ဒီလိုပဲ ပြန်မေးရတယ်၊ စုံစမ်းရတယ်၊ စပ်စုရတယ်၊ စဉ်းစားရတယ်၊ အဲဒါမှ တိုးတက်လာမှာပေါ့ လဒရဲ့"

နေမျိုးကျော်က မျက်နှာမဲ့ရင်း ခေါင်းခါလိုက်ပြီး ...

"ဟေ့အေး ... ငါတော့ မစဉ်းစားဘူးကွာ၊ ချီးလည်း မထွက်ချင်ဘူး"

"နေမျိုးကျော် ... မင်း ... မင်း"

တင်ထူးဒေါသက ပြူထွက်လာသဖြင့် မိုးနောင်က ဝင်၍ ...

"ကဲ ... တော်ကြပါတော့ကွာ၊ နေမျိုးကျော် ... မင်းလည်း ကောကြုံတိုင်း တင်ထူး ချီးထွက်ကျတဲ့ကိစ္စကို နိုင်ကွက်တစ်ခုလို ထောက်ပြီး ပြောမနေနဲ့"

တင်ထူးက ထောက်ခံသည့်သဘောနှင့် ရေဗောင်ကာ ခေါင်းငင်ညိတ်သည်။ မိုးနောင်က ဆက်၍ ...

"တကယ်တော့ တင်ထူး ချီးထွက်ကျတယ်ဆိုတာကလည်း ထွက်ကျချင်လွန်းလွန်းလို့ ထွက်ကျတာမဟုတ်ဘူး၊ အဲဒီအချိန်မှာ သူ ချီးပါချင်တာကို မေ့ပြီး စဉ်းစားနေတာ၊ ဒီတော့ ချေးကိစ္စကို သူ အာရုံမထားမိလိုက်ဘူး။ အဲလိုအချိန်မှာပဲ သူ့ဟာသူ မနေနိုင်တော့ဘူးတဲ့၊ ချီးက အလိုလို ထွက်ကျသွား ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟား . . . ဟား . . . မင်းပြောတာက ပိုများနေပြီနော် . . . မိုးနောင်"

မိုးနောင်နှင့်နေမျိုးကျော်တို့ တဟားဟား အော်ရယ်လိုက်ကြသည်။

"နောက်တာပါကွာ . . . လာ လာ အတန်းလေး,ဘာလေး သွားတက်ရအောင်"

ပြောရင်း မိုးနောင်ကပဲ ပိုက်ဆံရှင်းရန် စားပွဲထိုးလှမ်းခေါ်လိုက်သည်။ ထိုအချိန်မှာပဲ တင်ထူး၏ခေါင်းထဲသို့ မည်သို့မည်ပုံ အတွေးစကပြန်ဝင်သွားသည်မသိ။

"ဒါနဲ့ မိုးနောင် . . . မင်း တိုက်ပုံဝတ်လာတဲ့အကြောင်းအရင်းတစ်ခုကို မဖြေရသေးဘူးနော်"

မိုးနောင်က မျက်ခုံးပင့်လိုက်ပြီးမှ ခပ်အေးအေးပုံစံဖြင့် . . .

"သြော် . . . အေး . . . အဲဒါကကွာ . . . ဟိုကောင်မလေး နေချိုနဲ့ ဒီမနက် တရားရုံးမှာ လက်မှတ်ထိုးခဲ့လို့ကွ၊ အဲ့ဒါကြောင့် ဝတ်လာတာ"

"ဟေ"

နေမျိုးကျော်ပါးစပ်ကြီး ပြဲသွားသည်၊ တင်ထူး၏မျက်ဝန်းအစုံလည်း ပြူးကျယ်လာကာ . . .

"ဘာ . . . ဘယ်လို, ဘယ်လို . . . နေချိုနဲ့ တရားရုံးမှာ လက်မှတ်ထိုးခဲ့လို့ ဟုတ်လား"

"သြော် . . . ဟုတ်ပါတယ်ဆို၊ လက်ထပ်စာချုပ်ပေါ်မှာ နှစ်ယောက်စလုံး လက်မှတ်ထိုးခဲ့တာ၊ မနက်က မင်း မမြင်လိုက်ဘူးလား နေချိုလည်း ဒီနေ့ မြန်မာဆန်ဆန်လေး ဝတ်ထားတာကို"





ဒီတစ်ခါ တင်ထူး စဉ်းစားသွားပုံက ကျစ်လျစ်သိပ်သည်းလွန်းလှသည်။ မျက်မှောင်ကြီးကိုကြုတ်ကာ တရှုံးရှုံးဖြင့် နှာမှုတ်နေသေး၏။ နေမျိုးကျော်ကလည်း ဇဝေဇဝါ မျက်ဝန်းတွေဖြင့် ပြန်ကြည့်နေသည်။

"မဖြစ်နိုင်ဘူးကွာ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မင်းနဲ့နေချို လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးခဲ့တယ်ဆိုတာ"

အသံခပ်ကျယ်ကျယ်ဖြင့် တင်ထူးက အနိုင်အမာဆိုလာသည်။ မိုးနောင်က ခပ်အေးအေးပဲ . . .

"မယုံတာက မင်းတို့အပိုင်းလေ၊ ငါကတော့ အမှန်ကိုပြောတာ၊ သိပ်လည်း စဉ်းစားမနေနဲ့ တင်ထူး၊ ကင်တင်းထဲ ချီးထပ်ထွက်ကျရင် ကောင်းဘူး။ Facebook ပေါ် ရောက်သွားလိမ့်မယ်၊ လာ . . . လာ . . . သွားမယ်"

သုံးယောက်သား ကင်တင်းထဲမှ ထထွက်လာခဲ့ကြ၏။ မစဉ်းစားနဲ့တဲ့ အတိအကျဆိုခဲ့သည့်တိုင် လမ်းတစ်လျှောက် တင်ထူး စကားတစ်ခွန်းမပြောဘဲ ငြိမ်ဆိတ်ကာ စဉ်းစားနေပုံက ထုထည်ကြီးမားလွန်းလှသည်။

နေမျိုးကျော်မှာတော့ ဇဝေဇဝါဖြစ်မြဲ။ မိုးနောင်ကတော့ အမှန်တရားကို လက်ကိုင်ထားသူမို့ အေးအေးလူလူပင်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၇)

ခါတိုင်းနေ့တွေလို စာသင်ချိန်အပြည့်မတက်ဘဲ အိမ်ပြန်ခဲ့လျှင် ထိုပြဿနာသည် ထိုနေ့ ဖြစ်လာမည်မဟုတ်ချေ။ ခုတော့ ကိုယ်ကလည်း ဆရာအသင်အပြကောင်းသည့်အပြင် စိတ်ဝင်စားသည့်အကြောင်းအရာမို့ စာသင်ခန်းထဲ၌ ရှိနေခြင်းဖြစ်၏။ နေမျိုးကျော်နှင့်တင်ထူးတို့ ခေါ်သည်ကို မလိုက်ဘဲ အတန်းထဲ ကျန်နေခဲ့၏။

ခုတော့ ဆရာထွက်သွားပြီး သိပ်မကြာချေ။ မိုးနောင်လည်း ပြန်ရန် စာအုပ်များ သိမ်းဆည်းနေခိုက် ...။

ကိုယ့်ရှေ့စားပွဲကို ဖြန်းခနဲ လက်နှင့်ရိုက်လိုက်သည့်အသံကြောင့် မိုးနောင် လန့်သွားရသည်။ ဆတ်ခနဲ မော့ကြည့်လိုက်တော့ သူ့သူငယ်ချင်း





နှစ်ယောက်ကို ဘယ်ညာခြံရံကာ စူးစူးရဲရဲကြည့်နေသည့် နေချိုမျက်ဝန်းများနှင့် ရင်ဆိုင်လိုက်ရ၏။

"ရှင် မိုက်ရိုင်းလှချည်လား။ မိုးနောင် ... ရှင်မို့လို့ နှမချင်းကိုယ်ချင်းမစာတဲ့စကားကို ပြောထွက်တယ်"

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ ... ဗျ"

ကြောင်အမ်းအမ်းပြောရင်းက မိုးနောင် ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်၏။ အခန်းထဲရှိ ကျောင်းသူကျောင်းသားများက နေချို၏အပြုအမူကြောင့် လှမ်းကာကြည့်နေကြလေပြီ။ ထို့အပြင် စာသင်ခန်းအဝနားတွင်လည်း တင်ထူးနှင့်နေမျိုးကျော်ကို တွေ့လိုက်ရ၏။ နေမျိုးကျော်က ဘာသဘောနှင့်လဲတော့မသိ။ လက်ခါပြနေသည်။

ပြဿနာကို မိုးနောင် အတိုင်းအတာတစ်ခုအထိ သဘောပေါက်လိုက်သဖြင့် မတ်တတ်ရပ်ကာ နေချိုကို ကြည့်လိုက်သည်။

"နေချို ... ဘာဖြစ်လာတာလဲ၊ ခင်ဗျားကို ကျွန်တော် ဘာမှ မပြောမိပါလား"

"ဘာ"

အော်သံက အရင်ထွက်လာသည်။ ပြီးမှ ...

"ဘာမပြောဘူးလဲ၊ ရှင်ပြောလို့ပဲ ရှင့်သူငယ်ချင်းက ကျွန်မဆီလာမေးတာပေါ့"

"ဟင် ... ဘယ်လို၊ ဘယ်လို ... ကျွန်တော်က ဘာပြောလိုက်လို့ ဘယ်သူက ဘာလာပြောတာလဲ ... ဗျ"

နေချိုက ပြောရမည်ကို ခက်နေသောပုံစံဖြင့် အံကြိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ မေဇော်က ဝင်၍ ...

"ရှင်ပဲ ပြောတယ်ဆို ... ဒီမနက်က ရှင်နဲ့နေချို တရားရုံးသွားပြီး လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးခဲ့ကြတယ်လို့"

"ဟုတ်တယ်၊ အဲဒီကိစ္စကြောင့် ကျွန်မကိုတောင် Viber ထဲကနေ လှမ်းလှမ်းမေးနေကြတယ်"

အရေးထဲ Viber အေးအေးခိုင်က တမော့်၊ မေဇော့်စကားကြောင့် အခန်းထဲရှိ လူများ စိတ်ဝင်စားလာကြတော့၏။

နေချိုက ...

"မိုးနောင် ... ရှင် အဲဒီစကားကို ကျွန်မ အရှက်ရအောင် တမင် ပြောလိုက်တာမလား"

မိုးနောင်က လက်ကာပြလိုက်ပြီး ...

"နေချိုရာ ... မဟုတ်သေးပါဘူး၊ ကျွန်တော် ပြောတယ်ဆိုတာ တင်ထူးနဲ့နေမျိုးကျော် နှစ်ယောက်တည်းပါ၊ ပြီးတော့ ညာတာလည်း မဟုတ်ဘူးလေ၊ ဒီမနက်က နေချိုနဲ့ကျွန်တော် လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးခဲ့တာပဲဟာကို"

"ရှင် ... ရှင် ... ရှင်နော်၊ အဲဒါက သက်သေအဖြစ် ထိုးခဲ့တာလေ ... ရှင်ပြောပုံက"

"ဟာ ... ကျွန်တော်ကလည်း နေချိုနဲ့ကျွန်တော် လက်ထပ်ကြတယ်လို့ ပြောတာ လုံးဝမဟုတ်ပါဘူး၊ လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးတာလို့ပဲ အလွယ်ပြောလိုက်တာ၊ ဒါတောင် လူတိုင်းကို လိုက်လျှောက်ပြောနေတာ မဟုတ်ဘူး၊ ဟိုနှစ်ကောင်မေးလို့ ပြောတာဗျ၊ ဟော့ကောင်တွေ





... လာရှင်းဦး"

ပြောရင်း မိုးနောင်က အခန်းဝတွင် ပြူတစ်ပြူတစ် လုပ်နေသည့် တင်ထူးနှင့်နေမျိုးကျော်ကို လှမ်းခေါ်လိုက်သည်။ ထိုနှစ်ကောင်ကလည်း သူငယ်ချင်းကောင်းပီသပါသည်။ မိုးနောင်ခေါ်လိုက်သည်နှင့်တစ်ပြိုင်နက် ဘာညာဆိုသလို လှစ်ခနဲ ပျောက်ကွယ်သွားလေသည်။ ကိုယ်ဖျောက်ပညာတွေများ သုံးသွားလေလားမသိ။ နေချိုတို့ လှည့်ကြည့်လိုက်ချိန်တွင် အခန်းဝ၌ ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မရှိကြတော့ချေ။

နေချိုက မျက်နှာထားတင်းတင်းနှင့်ပင် ပြန်ကြည့်လာပြီး ...

"မိုးနောင် ... ရှင် ခုမှ ဟိုလိုလို ဒီလိုလို လာလုပ်မနေနဲ့၊ ဒီကိစ္စမှာ ကျွန်မ သိက္ခာကျအောင် ရှင် ရည်ရွယ်ချက်ရှိရှိ လုပ်တာပဲ၊ အကွက်ကျကျ နင်းတီးတာပဲ"

"ဟာဗျာ ... ဘယ်သူကများ သွေးထိုးလှုံ့ဆော်လိုက်လို့ ဒီလောက် ဖြစ်သွားတာလဲ၊ ဒီဖြစ်စဉ်မှာ နောက်ကွယ်က ကြိုးကိုင်တဲ့လူတွေလည်း မရှိပါဘူး၊ ပဋိပက္ခဖြစ်စေတော့ဆိုပြီး ကျူးလွန်လိုက်တာလည်း မဟုတ်ရပါဘူး၊ နောက်ဆုံး ဒီဖြစ်စဉ်ကနေ နှလုံးသားရေးရာ အမြတ်ထုတ်ဖို့လည်း ရည်ရွယ်ထားပါဘူးဗျာ"

"ဒီမှာ ... ရှင် ဘာတွေပြောနေတာလဲ"

"နေချိုကို ရှင်းပြနေတာလေ၊ ဒီကိစ္စက ကျွန်တော် တမင်ဖန်တီးတာ မဟုတ်ပါဘူးလို့"

နေချိုက အတန်ကြာအောင် စိုက်ကြည့်နေသေးသည်။ ပြီး ...

"ဘာပဲဖြစ်ဖြစ် ... ရှင်ပြောလိုက်တဲ့စကားကြောင့် ကျွန်မ သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ကျရတဲ့အတွက် ရှင့်ကို လုံးဝမကျေနပ်ဘူး မိုးနောင်၊ ကျွန်မ . . . ဒီကိစ္စကို မမနဲ့ တိုင်ပြောမယ်''

တိုင်ပေါ့ . . . တိုင်တစ်လုံး ငါးကျပ်ဟု ပြောလိုက်ဖို့ စဉ်းစားလိုက်သေးသည်။ ပြောလိုက်မှ အခြေအနေ ပို၍တင်းမာသွားမှာ သေချာနေသဖြင့် . . .

''ကဲပါဗျာ . . . တိုင်ချင်ရင်လည်း နေချို့သဘောပါ၊ ကျွန်တော့်ဘက်ကတော့ ကျွန်တော့်စကားကြောင့် နေချို သိက္ခာကျရတယ်ဆိုရင် တောင်းပန်ပါတယ်၊ အကျယ်အကျယ် မငြင်းဖွယ်ဖြစ်အောင်တော့ ထပ်မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်နဲ့နေချိုနဲ့က ခုဆို . . . စပ်ရင် အမျိုးတောင် တော်နေပြီဥစ္စာ''

''အို . . . ရှင်နဲ့ ဘယ်လိုမှ အမျိုးမတော်ချင်ဘူး''

ခါးခါးသီးသီး ပြောလာသည်ကိုပင် မိုးနောင်က အလိုက်သင့် ခေါင်းညိတ်လိုက်ပြီး . . .

''အင်းလေ . . . အမျိုးတော်နေပြန်ရင်လည်း တချို့နေရာတွေမှာကျတော့ ပြောရဆိုရမှာ ခက်ခဲနေဦးမယ်၊ ကောင်းပါတယ် . . . အမျိုးမတော်တာပဲ''

''တောက် ! . . . ကြည့်လို့ကိုမရဘူး''

တက်တစ်ချက် ခေါက်ရင်း ထိုသို့ တိတိကျကျပြောကာ နေချိုချာခနဲ လှည့်ထွက်သွားလေသည်။

မိုးနောင်လည်း ဘာလုပ်ရမည်မှန်းမသိဘဲ ရပ်ကာကျန်နေခဲ့ပြီး ဝိုင်းကြည့်နေကြသော အတန်းသားတွေကို ဟီးခနဲ ရယ်ပြလိုက်လေသည်။





ချုပ်မှ နောင်ရှင်းဆိုသလို စကားတစ်ခွန်းကိုလည်း ပြောထားလိုက်ပါသေး

''ခုနက နေချိုဆိုတဲ့ ကောင်မလေးနဲ့ ငါနဲ့က ဘာမှအမျိုးမတော်ဘူးနော်၊ နောက် အတူတွေ့ရင် မောင်နှမဆိုပြီး ထင်နေကြမှာစိုးလို့''

စကားအဆုံးမှာတော့ အရူး၊ ငပေါ . . . စသဖြင့် မှတ်ချက်ချသံတွေပဲ မတိုးမကျယ် ထွက်ပေါ်လာလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၈)

"မင်းတို့နှစ်ကောင်ကွာ . . . တော်တော်မွှေတာပဲ၊ ငါ့မှာ နေချိုကို မနည်းရှင်းပြလိုက်ရတယ်၊ ဒါတောင် အစာကြေသွားတာ မဟုတ်ဘူး"

ညနေပိုင်း ဘီယာဆိုင်ထိုင်ဖြစ်သောအချိန်၌ မိုးနောင်က ရှုံ့မဲ့မဲ့ ပြောလိုက်ခြင်းဖြစ်သည်။ နေ့လယ်ပြဿနာဖြစ်တုန်းအချိန်တုန်းက ထိုလူ နှစ်ကောင် လစ်ထွက်သွားသည်ကိုး။ ထို့ကြောင့် ခုချိန်ကျမှ ပြောရခြင်းဖြစ် သည်။

ဘီယာဆိုင်ဆိုတာလည်း အမြဲထိုင်ဖြစ်သည်တော့ မဟုတ်ချေ။ ခုလို ထိုနှစ်ကောင် အိမ်အထိ လာလည်သောအခါမျိုးမှာမှ ထိုင်ဖြစ်ကြခြင်း ဖြစ်သည်။ ထိုနှစ်ကောင်ကလည်း မကြာခဏဆိုသလို လာလည်လေသည်။





ခုလည်း မိုးနောင်စကားဆုံးတော့ နေမျိုးကျော်က ခေါင်းခပ်ဆတ် ဆတ်ခါရင်း . . .

"မင်းတို့နှစ်ကောင်လို့တော့ သိမ်းကျုံးမပြောနဲ့ မိုးနောင်၊ နေချိုကို သွားမေးတာက တင်ထူးကွ"

ထိုစကားကြောင့် တင်ထူးမျက်နှာက ရှုံ့သိုးသိုးဖြစ်သွားကာ . . .

"အောင်မာ . . . ငါ သွားမမေးခင်က မင်းလည်း ပြောတယ်လေ၊ အဲဒီကိစ္စကို မယုံဘူးဆို၊ မဖြစ်နိုင်ဘူးဆို . . . အဲကြောင့် ငါလည်း သွားမေး တာပေါ့ကွ"

"ဒါမျိုးကျ မစဉ်းစားတော့ဘူး . . . မင်းက"

အရေးထဲ တစ်ကောင့်နှင့်တစ်ကောင် ကိုက်နေကြသေးသည်။

မိုးနောင်က . . .

"ကဲပါကွာ . . . တော်ကြပါတော့၊ မင်းတို့လုပ်တုန်းကလည်း လုပ် ပြီးပြီ၊ ငါလည်း ပြောတုန်းက ပြောခဲ့လို့ ခုလည်း ပြန်အကောခံရပြီးပြီ"

"ဒါဆိုလည်း အဲကိစ္စကို ဆက်မပြောနဲ့တော့ မိုးနောင် . . . ပြီးရော လား"

တင်ထူးစကားကြောင့် မိုးနောင်မျက်နှာက တည်သွားရင်း . . .

"ဟော့ကောင် . . . မင်းက ဘာစကားပြောတာလဲ၊ နေချိုနဲ့ကိစ္စက ဒီမှာ စမှာကွ"

"ဟာ"

နှစ်ကောင်စလုံး မျက်လုံးကိုယ်စီ ပြူးသွားကြသည်။ တင်ထူးက လက်ထဲတွင် 'မ' ထားသော ဘီယာခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မိုးနောင်ဆီ လက်ညှိုးထိုးကာ ...

"ဟာ မိုးနောင် ... မင်း ... မင်းက ... နေ ... နေချိုကို"

တင်ထူးစကားမဆုံးခင်မှာပဲ နေမျိုးကျော်က ဖြတ်၍ ...

"ဘယ်လို ... ဘယ်လို ... နေချိုကို မင်းက ..."

နှစ်ကောင်စလုံး၏စကားက မဆုံးဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားကြသဖြင့် မိုးနောင် အားမလိုအားမရ ဖြစ်သွားရရင်း ...

"ဟေ့ကောင်တွေ ... ဆက်ပြောကြလေ"

တင်ထူးနှင့်နေမျိုးကျော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ တင်ထူးက အရင်မျက်နှာသေနှင့် ...

"မိုးနောင်ရာ ... မင်းကြားချင်နေတဲ့စကားက ... မင်း နေချိုကို စိတ်ဝင်စားနေပြီမလား ... ဆိုတဲ့ မေးခွန်းပဲဖြစ်မယ်၊ ထားပါတော့၊ ဒါပေမဲ့ ... မင်း အခုဖြစ်တဲ့စိတ်က အတည်လား"

မိုးနောင်က မဆိုင်းမတွဘဲ ...

"အတည်ပေါ့ကွ၊ ငါ နေချိုကို စတွေ့ခဲ့ကတည်းက စိတ်ဝင်စားသွားတာ၊ ဒါပေမဲ့ကွာ ... ကိုတိုးအမျိုးသမီး မဝါရဲ့ညီမဆိုတော့ ..."

"ပိုလွယ်တာပေါ့ကွာ၊ မင်းကိုလည်း ကိုတိုးရဲ့အမျိုးသမီး မယုဝါက တော်တော်ခင်တယ်ဆို"

မိုးနောင် စဉ်းစားလိုက်၏။ ယုဝါ သူ့အပေါ် ချစ်ခင်တာကတော့ ဟုတ်သည်။ သို့သော် ခုလို သူ့ညီမတစ်ယောက်နှင့်တော့ သဘောတူကြည်ဖြူပါ့မလား။ ပြီးတော့ သူ့မှာ ညီမ,ရှိမှန်း အရင်ကတောင် မပြောဖူးခဲ့ချေ။ မိုးနောင်တစ်ယောက် နေချိုနှင့် ဘာမှမပတ်သက်သေးဘဲ တစ်ဖက်သတ်





ကြီး လျှောက်စဉ်းစားနေမိခြင်း ဖြစ်၏။ ပြီးမှ သက်ပြင်းချရင်း ခပ်လေးလေး ပြောလိုက်ပါသည်။

"မင်းတို့ပြောသလို မဝါရဲ့ညီမ,ဖြစ်နေတာကိုက ဆိုးတာကွ"

ထိုစကားကြောင့် နေမျိုးကျော်က အူတူတူကြည့်လာပြီး ...

"ဟေ ... သူတို့က မျိုးရိုးမကောင်းလို့လား၊ ဒါဆို ကိုတိုးတော့"

"ဟာ ဟေ့ကောင် ... ဘာတွေပြောနေတာလဲ၊ ဆိုးတယ်ဆိုတာ မျိုးရိုးကို ပြောတာမဟုတ်ဘူး၊ ခု နေချိုက မဝါရဲ့ညီမဖြစ်နေတော့ ငါ ကြိုးစားတဲ့နေရာမှာ လွယ်နိုင်သလို၊ အရမ်းလည်း ခက်ခဲသွားနိုင်တယ်လို့ ပြောချင်တာ"

နှစ်ကောင်စလုံး ခေါင်းတဆတ်ဆတ်ညိတ်သွားကြသည်။ တစ်ခုခု များ ပြန်ပြောလေမလားဆိုပြီး မိုးနောင် စောင့်နေမိသေးသည်။ သို့သော် နှစ်ယောက်စလုံး အတိုင်အဖောက်ညီစွာ ဘာမှမပြောကြဘဲ ဘီယာခွက်တွေ ကိုယ်စီ 'မ' ယူကြလေသည်။ မိုးနောင် သက်ပြင်းသာ ကျိတ်ချရတော့၏။

ထိုအချိန်မှာပဲ ...

"ရှာလိုက်ရတာ မိုးနောင်ရာ၊ မင်းက ဘီယာဆိုင်မှာ အေးရာအေး ကြောင်း လာငြိမ့်နေတယ် ... ဟုတ်လား"

အသံအားဖြင့် နားနှင့်ဆတ်ဆတ်ကြားလိုက်ရပြီး လူတစ်ယောက် သုံးပါး အရှင်လတ်လတ်မြင်လိုက်ရသောကြောင့် မိုးနောင် လန့်သွားရသည်။ တစ်ခုံခွဲယူကာ ဝင်ထိုင်လာသည့် တိုးမိုးကို ကြောင်အမ်းအမ်း ကြည့်ရင်း

"ကို ... ကိုတိုးက ဘယ် ... ဘယ်လိုဖြစ်ပြီး ရောက်လာတာလဲ၊ အရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



တိုးမိုးက မိုးနောင်ကို အထူးအဆန်း သတ္တဝါတစ်ကောင်အလား ကြည့်လာသည်။

"ဟေ့ကောင် မိုးနောင် ‥ မင်း ဘာဖြစ်နေတာလဲ၊ မင်းဆီကို ကိစ္စရှိမှ လာရမှာလား၊ စည်တစ်ခွက်ဟေ့"

ပြောရင်း ဘီယာပင် လှမ်းမှာလိုက်သေးသည်။ ဟုတ်တော့လည်း ဟုတ်၏။ တိုးမိုးက သူ့ဆီ လာနေကျဖြစ်သည်။ သို့သော်လည်း ခုချိန်မှာက နေချိုကိစ္စပြောနေသဖြင့် လန့်သွားခြင်း ဖြစ်၏။

မိုးနောင်က အမှုအရာကို ချက်ချင်းပြင်လိုက်ပြီး …

"ဟာ … အဲလိုသဘောပြောတာ မဟုတ်ပါဘူးဗျာ၊ ဟို … ကိုတိုးက အရင်လို မဟုတ်တော့ဘူးလေဗျာ"

"ဟ … အရင်လို မဟုတ်ရအောင် ငါက လွှတ်တော်အမတ် ဖြစ်သွားလို့လား"

အရေးထဲ လာဖောက်နေသေးသည်။ မိုးနောင်က …

"အာ … လုပ်လာပြန်ပြီ၊ အရင်လို မဟုတ်တော့ဘူးဆိုတာက ကိုတိုးက အိမ်ထောင်ကျသွားပြီလေ၊ အဲ … ကြောင့် ပြောတာ"

"ဟေ့ကောင် … အိမ်ထောင်ကျလည်း ဒီအတိုင်းပဲ၊ မင်းပြောပုံက အိမ်ထောင်ကျသွားရင်ပဲ ဘီယာဆိုင်မထိုင်ရတော့တာ ကျနေတာပဲ"

"ဟုတ်သားပဲ … မင်းပြောတာကိုက အဓိပ္ပာယ်မရှိတာ"

တင်ထူးက ကြုံတုန်းလေး ဝင်နှောလိုက်သေးသည်။ မိုးနောင်က တိုးမိုးကို တစ်ချက်အကဲခတ်လိုက်၏။ ဒီအတိုင်းဆိုလျှင် သူနှင့်နေချို ပြဿနာဖြစ်သည့်ကိစ္စကို တိုးမိုး သိပုံမပေါ်သေး။ ကြည့်ရတာ နေချိုတ





လည်း ယုဝါကို မပြောပြတာ ဖြစ်နိုင်သည်။

ထိုအချိန်မှာပဲ နေမျိုးကျော်က တိုးမိုးကိုကြည့်ကာ အကွက်ဝင်တုန်းလေး …

"ဒါဆိုလည်း မင်္ဂလာမဆောင်ခင် ဒီပွဲလေးကို ကိုတိုး ဒကာခံလိုက်တော့ … အကြိုပေါ့"

"ရပါတယ်ကွာ … သောက်ပါ၊ ဟေ့ကောင် မိုးနောင် … မင်္ဂလာပွဲကျရင် မင်း သတို့သားအရန်လုပ်ရမှာနော်၊ ဒီကြားထဲ အင်္ကျီကိုယ်တိုင်းယူရအောင် အိမ်ကိုလာခဲ့ဦး။ နေချို့ကိစ္စကိုတော့ ယုဝါ စီစဉ်လိမ့်မယ်"

ထိုစကားကြောင့် မိုးနောင် ဆတ်ခနဲ တွန့်သွားရပြီး …

"ဟင် … မဝါက ဘာစီစဉ်မှာလဲ၊ တကယ်တော့ နေချိုနဲ့ ကျွန်တော် ဖြစ်တဲ့ကိစ္စမှာ သူ့ကို အရှက်ရဖို့ မရည်ရွယ်ပါဘူးဗျာ၊ တကယ့် မတော်တဆပါ၊ မဝါကို တောင်းပန်ပါတယ်လို့ ပြောလိုက်ပါ ကိုတိုး"

တိုးမိုးက ပြူးကြောင်ကြောင် ပြန်ကြည့်လာသည်။ ပြီးမှ …

"မိုးနောင် … မင်း ဘာတွေပြောနေတာလဲ"

"နေချိုနဲ့ကျွန်တော် ကျောင်းမှာ ပြဿနာဖြစ်တဲ့ကိစ္စလေ၊ အဲဒါ နေချိုက မဝါကို တိုင်လိုက်တာ မဟုတ်ဘူးလား"

တိုးမိုးမျက်နှာကြီးက တည်သွားပြီးမှ တဟားဟားရယ်လိုက်ရင်း

"ဟာ … ဘယ်ကလာ မိုးနောင်ရာ … မင်းတို့ဖြစ်တဲ့ကိစ္စကို ငါရော ယုဝါပါ မသိဘူး၊ ခုပြောတဲ့ နေချို့ကိစ္စဆိုတာက သတို့သမီးအရန်ကိစ္စ ဆိုစမ်းပါဦး … မင်းတို့က ဘာတွေဖြစ်ကြတာလဲ"

"အဲ"



www.burmeseclassic.com

www.burmeseclassic.com



ခုမှပဲ ဗူးပေါ်သလို ပေါ်တော့သည်။ ကိုယ့်စကားနှင့်ကိုယ် ရှင်းပြရတော့၏။ စကားအဆုံးမှာ တိုးမိုးက ...

"မင်းကွာ ဖြစ်စရာရှားလို့ ... ယုဝါညီမနဲ့မှ သွားဖြစ်ရတယ်လို့၊ အဲ့ကောင်မလေးက စိတ်ကြီးတယ်၊ ဒါပေမဲ့ ... ထားလိုက်ပါ၊ ငါ ယုဝါကို အကျိုးအကြောင်း ပြောပြလိုက်ပါ့မယ်၊ မင်း ... အဲ့ကိစ္စ ခေါင်းထဲထည့်မနေနဲ့တော့"

ပြောရင်း တိုးမိုးက ဘီယာထပ်မှာလိုက်ပြန်သည်။ တိုးမိုးက အရေးမကြီးဟန်ဖြင့် ပြောလာသောကြောင့် မိုးနောင်မှာ နေချို့နှင့်ပတ်သက်ပြီး ဆက်ပြောရန်ပင် အခွင့်မသာဖြစ်သွားရသည်။ သို့သော်လည်း ပြောဦးမှပဲဆိုပြီး အားတင်းကာ ...

"ကိုတိုး ... ဟိုလေ နေချို့က ..."

စကားပင် မဆုံးလိုက်ချေ။ တိုးမိုးက ဖြတ်၍ ...

"နေချို့က ယုဝါညီမဝမ်းကွဲလေကွာ၊ မင်းလည်း သိပြီးသားဟာကို၊ သောက်စရာရှိတာ သောက်စမ်းပါကွ၊ ပြီးရင် ... ကေတီဗီ သွားမယ်"

"ဗျာ"

"ဟော့ကောင် ... နားများလေးနေလား၊ ဒီမှာ သောက်ပြီးရင် သီချင်းသွားဆိုမယ်လို့ ပြောနေတာ၊ ဟော့ကောင်တွေ ... မှာ ... မှာ"

တိုးမိုးကတော့ အရှိန်တက်နေလေပြီ၊ ဟိုနှစ်ကောင်ကလည်း တားရမည့်အစား ဝမ်းသာအားရ မှာယူကြတော့၏။

နောက်ထပ် နှစ်ခွက်စီလောက် ထပ်သောက်ပြီးချိန်မှာတော့ တိုးမိုးက ပိုက်ဆံရှင်းကာ ကားသော့ကို မိုးနောင်လက်ထဲသို့ ထည့်ပေးရင်း ...





"ညီလေး မိုးနောင် ... ရော့ ကားသော့၊ ဒီညတော့ မင်းအစ်ကိုတဲမယ်ကွာ၊ ကေတီဗီကို မောင်းတော့ ... အေ့"

မိုးနောင်က ကားသော့ကို ယူရင်း ဟိုနှစ်ကောင်အား အကူအညီတောင်းသလို ကြည့်မိသေးသည်။ စဉ်းစားတတ်သူပီပီ တင်ထူးပြောလာသော စကားက တရားကျစရာပင် ကောင်းလှသေးတော့၏။

"မိုးနောင် ... မြန်မြန်ထက်ထက် သွားမယ်၊ ဟိုမှာ အခန်းမရရင် တိုင်ပတ်နေဦးမယ်"

တဲ့လေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၉)

မနေ့ညက တစ်နာရီခွဲမှ အိပ်ပြန်ရောက်သည့်အပြင် တော်တော်များများ သောက်မိလိုက်သဖြင့် မနက်အိပ်ရာထ နောက်ကျပြီး ခေါင်းပါ ကိုက်လေတော့သည်။ တိုးမိုးနှင့် ဟိုင်မိုက်သားနှစ်ကောင်တော့ ဘယ်လိုနေမည် မသိ။

အိပ်ရာကထပြီး ရေဝအောင် စိမ်ချိုးပစ်လိုက်တော့မှ အတော်သက်သာသွားသည်။ ဒါတောင် ခေါင်းကိုက်ခြင်းက အလျှဉ်းမပျောက်သေးသဖြင့် ကော်ဖီကြမ်းတစ်ခွက်ကို သံပရာသီးညှစ်ထည့်ကာ သောက်လိုက်ရသေးသည်။

ကျောင်းနောက်ကျနေပြီဆိုတာ သိသော်လည်း တခြားသွားစရာ နေရာလည်း မရှိသဖြင့် အဓိတက္ကသိုလ်ကြီးဆီသို့ပဲ ထွက်လာခဲ့သည်။





ကျောင်းဝင်းထဲ ခြေချမိပြီဖြစ်သော်လည်း စာသင်ခန်းဆီသို့ ခြေဦးက မတည့်ပြန်ချေ။ သို့နှင့် ကင်တင်းပဲ ရောက်ရပြန်သည်။ ကင်တင်းက ထိုင်နေကျ ကင်တင်းဖြစ်သဖြင့် ဟိုနှစ်ကောင်များ လာသွားသလားဆိုပြီး စားပွဲထိုးလေးဆီမှာ စုံစမ်းကြည့်ပါသေးသည်။ သတိမထားမိပါ ... တဲ့။

ကင်တင်းထဲ ငူငူငေါင်ငေါင် ထိုင်နေချိန်မှာပဲ ဝင်လာသော လူတစ်ယောက်ကိုကြည့်ကာ မိုးနောင် ခါးမတ်သွား၏။ ကျော်ဇင်မိုး။ Chemistry ဒုတိယနှစ်တက်နေသော ငတိ။ ကျော်ဇင်မိုးက ကင်တင်းထဲ အရင်ဝေ့ကြည့်လိုက်ပြီးမှ လွတ်နေသော စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်၏။ ကင်တင်းထဲ ထိုဝိုင်းတစ်ဝိုင်းသာ နေရာလွတ်နေခြင်း ဖြစ်သည်။

မိုးနောင်ဘက်ကကြည့်လျှင် ရှေ့ဘက်ခြားလွယ်ခုတ်အနေအထားဖြစ်သဖြင့် ခပ်တည်တည်ပဲ အကဲခတ်နေလိုက်သည်။ ကျော်ဇင်မိုးပုံစံက ရုပ်ရည်သန့်ပြီး စကားလည်း ကြွယ်ပုံရသည်။ နောက်တစ်ချက် မိုးနောင်သိထားရသည်က ကျော်ဇင်မိုးသည် ဒီနှစ်မှ Chemistry ဒုတိယနှစ်ကို ဒီကျောင်းမှာ လာတက်ခြင်းဖြစ်သည်။ ကျန်တာတွေတော့ ဘာမှမသိရသေး။

ထိုသို့တွေးရင်း ကြည့်နေချိန်မှာပဲ ကင်တင်းထဲသို့ နောက်ထပ်ဝင်လာသူတွေကြောင့် မျက်ခုံးပင့်မိပြန်၏။ တခြားသူတွေတော့ မဟုတ်။ နေချိုနှင့်သူငယ်ချင်းမနှစ်ယောက်။

ကင်တင်းထဲ၌ စားပွဲဝိုင်းအလွတ်မရှိသဖြင့် နေချိုက ထိုင်ရန်နေရာကို မျက်စိဝေ့ကာ ရှာနေချိန်မှာပဲ လှမ်းကြည့်သော မိုးနောင်နှင့် အကြည့်ချင်းဆုံမိသွားသည်။

မိုးနောင်က အသာပြုံးပြရင်း ဖိတ်ခေါ်ရန် ကြံစည်လိုက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေချိုက ခပ်တင်းတင်းကြည့်ကာ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ ပြီး နေချို့အကြည့်က ကျော်ဖင်မိုးတစ်ယောက်တည်း ထိုင်နေသည့် စားပွဲဝိုင်းတွင် ရပ်တန့်သွား၏။ တစ်ဆက်တည်းပဲ ဘေးမှသူငယ်ချင်းနှစ်ယောက်ကို လက်တို့ကာ ထိုဝိုင်းဆီသို့ လျှောက်သွားကြလေသည်။

ကျော်ဖင်မိုးဆိုသော ဝေါ်နှင့်နေချိုတို့က အစကတည်းက သိကျွမ်းနေသည်လား။ ဒါမှမဟုတ် ခုမှ ခွင့်တောင်းကာ ဝင်ထိုင်ကြတာလားတော့ မသိ။ မိုးနောင်လည်း ဆက်ကြည့်မနေတော့ဘဲ ကျောပိုးအိတ်ထဲမှ စာအုပ်တစ်အုပ်ထုတ်ကာ ဖတ်နေလိုက်သည်။

အချိန်မည်မျှကြာသွားသည်တော့မသိ။ ခပ်စူးစူးအသံလေး ကြားလိုက်ရသဖြင့် စာဖတ်နေရာမှ အာရုံလွင့်သွားသည်။

“ဒီမှာ . . . ရှင့်ကိုယ်ရှင် ဘာများမှတ်နေလဲ မိုးနောင်”

အသံကြောင့် မော့်ကြည့်လိုက်တော့ ရှေ့တွင် မားမားလေးရပ်နေသူက နေချို။ မိုးနောင် အူတီးအူကြောင်ဖြစ်သွားရပြီး . . .။

“နေချို . . . ဘာဖြစ်တာလဲဗျ၊ ကောက်ကာငင်ကာ လာကောနေပါလား”

“အောင်မာ . . . ဘာမှကောက်ကာငင်ကာ မဟုတ်ဘူး၊ ရှင့်ကို ပြောချင်လို့ကို တိတိကျကျ လာပြောတာ၊ နေစမ်းပါဦး . . . ရှင်နဲ့ကျွန်မ ပြဿနာဖြစ်တဲ့ကိစ္စကို ကျွန်မတောင် မမကို မပြောရသေးဘူး၊ ရှင်က ဘာသဘောနဲ့ ရှင့်အစ်ကိုကို ပြောလိုက်တာလဲ”

“အဲ . . . အဲဒါက . . .”

“ဒါတင်မကသေးဘူး . . . လက်ထပ်ထားပြီး မင်္ဂလာဆောင်မဆောင်ရသေးတဲ့လူကို ညနက်သန်းခေါင်ထိ အပျော်ကျူးဖို့ ခေါ်သွားတာရော၊ ရှင့်ကြောင့် ကျွန်မအစ်မ ဘယ်လောက်စိတ်ဆင်းရဲရတယ် ထင်လဲ၊ ရှင်ဟာလေ တော်တော်မကောင်းတဲ့ လူပဲ . . . မိုးနောင်”

“ဗျာ”

ရုတ်တရက် ဘာပြန်ပြောရမည်မှန်းမသိပင် ဖြစ်သွားရသည်။ စွပ်စွဲချက်တွေကလည်း များလိုက်တာ။

ခေါင်းတဖျင်းဖျင်းကုတ်လိုက်ပြီးမှ မိုးနောင်က . . .

“နေချို . . . ကျွန်တော့်ကို အထပ်ထပ်လွဲပြန်ပြီ၊ နေချိုနဲ့ကိစ္စက နေချိုပြောလို့ ကိုတိုးနဲ့မဝါ သိပြီးပြီထင်ပြီး ပြောလိုက်တာဗျ၊ မနေ့ညက ကိစ္စကလည်း ကိုတိုးကိုယ်တိုင် ခေါ်တာဗျ၊ သူသွားချင်တယ်ဆိုလို့ ကျွန်တော်မှာ လိုက်သွားရတာ”

“တော်တော် အားကိုးရတဲ့ ညီပဲ၊ တကယ်ဆို တားရမှာပေါ့၊ အစ်ကိုက မင်္ဂလာဆောင် ဆောင်ရသေးတာမဟုတ်ဘူး၊ အင်းလေ . . . ရှင်တို့အမျိုးကိုက အပျော်အပါးဝါသနာပါတာ ဖြစ်မှာပါ”

စိတ်ညစ်ရသည်။ ခေါင်းကို လက်တစ်ဖက်တည်းနှင့်ကုတ်နေရာမှ ဘက်နှစ်ဖက်စလုံးသုံးကာ မြှင်မြှင်ဆိုင်ဆိုင်ကုတ်မိတော့၏။ နေချို့ပုံစံကြည့်နေသည်မှာ လူတွေကြားထဲ လေပြည်သုံးကာ သာသာထိုးထိုး လာနှိပ်ကွပ်နေနေသည်။

မိုးနောင်က တစ်ချက်စဉ်းစားလိုက်ပြီးမှ . . .

“ကဲ နေချို . . . ခင်ဗျားနဲ့ကျွန်တော်လည်း ရေစက်ပဲလားတော့ မသိဘူး၊ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်လွဲစရာလေးတွေပဲ ဆက်







www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြုံဆုံနေရတယ်၊ ခက်တာပဲဗျာ''

''ဘယ်ကလာ ရေစက်ဖြစ်ရမှာလဲ၊ ရှင်နဲ့ ခုလိုပတ်သက်မိတာကိုက ကျွန်မအတွက် ကြုံဟ်ဆိုးဝင်တာပဲ''

''နေချိုရယ်''

''အောင်မာ … အဲ့လေသံမျိုးနဲ့ လာမညည်းပါနဲ့၊ ခုလို လာပြောရတာက ရှင့်ကို သတိပေးချင်လို့၊ ရှင်းရှင်းပဲ ပြောမယ်၊ ရှင့်အစ်ကိုကို သိပ် မမြှောက်ပေးပါနဲ့၊ ကျွန်မအစ်မ စိတ်ဆင်းရဲရရင် ကျွန်မ သည်းခံမှာမဟုတ် ဘူးဆိုတာ မှတ်ထားပါ … ဒါပဲ''

ပြောပြီး နေချိုက ချာခနဲလှည့်ထွက်လိုက်သည်။ မိုးနောင်က, ကမန်းကတန်းပဲ …

''နေချို … နေချို … ခဏ''

ဆတ်ခနဲ ပြန်ကြည့်လာသည်။ မိုးနောင်က …

''ဟိုလေ … တစ်ခုလောက်မေးချင်လို့ပါ၊ ကျော်ဇင်မိုးဆိုတဲ့ တစ် ယောက်နဲ့ နေချိုက အသိတွေလားဗျ၊ ဒါမှမဟုတ် … ခုမှ သိတာလား''

နေချို မျက်ခုံးအတွန့်ချိုးသွားသည်။ ခေတ္တမျှ စဉ်းစားလိုက်ပြီးမှ ခပ်ပြတ်ပြတ်ပြောကာ လှည့်ထွက်သွားလေသည်။

''အဲဒါ ကျွန်မကိစ္စပါ … ရှင်နဲ့ ဘာမှမဆိုင်ပါဘူး၊ လိုက်စပ်စုနေ တယ်''

■



မိုးလိုလည်း ရွာမချရဲပြန်ဘူး
မချစ်ရခင်ကတည်းက
အလွမ်းတွေ အုံ့ဆိုင်းမှိုင်းညို့နေတာ
ကောင်းကင်မှာ သောင်တွန်းနေသလို . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

"အေးနိုင် ... ငါ့ကို Viber Application လေး ကူးပေးစမ်းပါဦး"

နေချို ပြောလာသောစကားကြောင့် အေးအေးနိုင် အတော်အံ့သြသွားရသည်။

နေချိုက ခေတ်မီနီးကလေးတစ်ယောက်အနေဖြင့် Facebook ကို အသုံးပြုသည်ဆိုရုံလေး သုံးသော်လည်း Viber ကိုတော့ လုံးဝမသုံးခဲ့ဖူးကြောင့် ပြန်မေးရသည်။

"ဟဲ့ ... နင်ပဲ Viber က ဟို group, ဒီ group တွေထဲ ဆွဲဆွဲသွင်းလို့ အာရုံနောက်တယ်ဆိုပြီး မသုံးဘူးဆို၊ ခုကျ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... နင်ကလည်း ခု ငါ သုံးစရာပေါ်လာလို့ပေါ့ဟ"

ထိုစကားကြောင့် အေးအေးခိုင်က မျက်စမျက်နနှင့် ...

"အေးလေ ... လိုအပ်လာတော့လည်း Viber ကို အားကိုးရပြီ ပေါ့။ ခုဆို Viber က တို့နိုင်ငံအတွက် စတေကာတွေတောင် သီးသန့်ထုတ် ပေးတော့မယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက Facebook ထက် Viber သုံးတဲ့လူက များတာကိုး။ အင်းလေ ... Viber ကလည်း ဆိုက်ကားသမား ကအစ ဝန်ကြီးတွေအထိ သုံးကြတာကိုး"

အရေးထဲ Viber အေးအေးခိုင်က လာကြော်ငြာနေသေးသည်။ သူ့ကိုပဲ မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော Viber သံတမန်ခန့်အပ်ထားသည် အလား။

အင်းလေ ... သူကိုယ်တိုင်ကလည်း Viber ကို ပက်ပက်စက်စက် သုံးနေသူဖြစ်သည်ကိုး။

လေကြောရှည်နေသဖြင့် နေချိုက စိတ်မရှည်တော့ဘဲ ...

"အေးခိုင် ... Viber က အသုံးဝင်တဲ့ အပလီကေးရှင်းဆိုတာ ငါသိတယ်၊ လာရှင်းပြမနေနဲ့၊ ကူးမှာသာ ကူးပေးစမ်းပါ"

"အေးပါ ... ဒါနဲ့ နင့်မှာ ဇာပျံလေး ရှိတယ်မလား"

"ဘာ ... ဘယ်က ဇာပျံလေးလဲ၊ ကတိုးလျက်ဆားလား၊ မရှိဘူး နင်က ဘာလုပ်မလို့လဲ"

"လျက်မလို့ပေါ့ဟ၊ ဟယ် ... ယောင်ကုန်ပါပြီ၊ ဇာပျံလေးဆိုတာ ဇာပျာ (Zapya)ကို မြန်မာလို ပြောတာဟ၊ ရှိရင်ဖွင့်လိုက်"

"အေး ... ဖွင့်လိုက်မယ်"





နေချို ဖုန်းကနေ အပလီကေးရှင်း ဇာပျာဖွင့်ပေးလိုက်တော့ အေး အေးခိုင်က သူ့ဖုန်းဆီမှ Viber Application ကို တယုတယလေး ကူးပေးပါ သည်။

နေချိုလည်း Viber ရတော့ အင်တာနက်လိုင်းဖွင့်ကာ ကုတ် (Viber) တောင်းပြီး မှတ်ပုံတင်လိုက်၏။

နေချို၏အဆင့်အဆင့်လုပ်ဆောင်ချက်တွေကို ခပ်မဆိတ်ကြည့်နေ သော မေဇော်က မေးလာသည်။

"နေချို ... နင်က Viber ဘာအတွက် သုံးမှာလဲ၊ အရင်က မသုံးလို့ မေးကြည့်တာ"

ပခုံးအရင်တွန့်လိုက်ပြီးမှ နေချိုက ...

"ဒီလိုပဲပေါ့ဟာ၊ ပြည်တွင်း, ပြည်ပက လူတချို့နဲ့ ပြောစရာရှိလို့ ပေါ့၊ Viber က ဓာတ်ပုံတွေ, ဘာတွေပို့တာလည်း မြန်တယ်လေ၊ အဲ့ဒါ ကြောင့်"

"အင်း ... ဒါဆို နင့်ဖုန်းကလည်း ကလုံ့,ကလုံ့ဆိုတဲ့ message သံ ကြားရတော့မှာပေါ့"

"အေးခိုင်လောက်တော့ ဆိုးမယ်မထင်ပါဘူး"

"ဟဲ့ ... ငါ့ကိုပဲ လာထိခိုက် မနေ ..."

အေးအေးခိုင်စကားက မဆုံးခင်မှာ ရပ်သွားသည်။

ပြောနေချိန်မှာပဲ သူ့ဖုန်းဆီမှ Viber Message ဝင်သံ 'ကလုံ့' ဟု ထွက်ပေါ်လာ၍ဖြစ်၏။ နေချိုနှင့်မေဇော်တို့လည်း ရယ်မိကြတော့သည်။ နေချိုက အရယ်တစ်ဝက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အေးခိုင်ရယ် ... နင့်ကိုတော့ မနိုင်တော့ဘူး။ Viber နဲ့ ကြ[illegible] ချက်က နိုင်းပွိုင့်နိုင်းနိုင်းလောက် ရှိတယ်"

"အေးပါ ... နင်ပြောထားဦး နေချို၊ နင့်ဖုန်းကသာ ကလုံ ...၊ ကလုံ အသံထွက်မလာစေနဲ့၊ ကဲပါ ... အတန်းသွားတက်ရအောင်၊ ပိုက်ဆံရှင်းမယ်ဟေ့"

ပြောရင်း အေးအေးခိုင်က စားပွဲထိုးကို လှမ်းအော်ကာ ခေါ်လိုက်သည်။

ပိုက်ဆံရှင်းအပြီးမှာ သုံးယောက်သား ထရပ်လိုက်ကြတော့ နေချိုက ...

"နင်တို့ သွားနှင့်ဟာ၊ ငါ ... ဟိုဘက် ခဏသွားလိုက်ဦးမယ်၊ ပြီးမှ လိုက်လာခဲ့မယ်"

ထိုစကားကြောင့် မေဇော်နှင့် အေးအေးခိုင်တို့ ကြောင်အမ်းအမ်းဖြစ်သွားကြပြီး ...

"ဟဲ့ ... ဘယ်သွားဦးမလို့လဲ၊ တစ်ယောက်တည်း"

မဆိုစလောက်လေး မျက်နှာတည်သွားပြီးမှ နေချိုက ခပ်အေးအေးပြောလာသည်။

"လူတစ်ယောက်နဲ့ သွားတွေ့စရာရှိလို့ပါ၊ လောလောဆယ် ဘာမှထပ်မမေးနဲ့တော့၊ အချိန်တန်ရင် ပြောပြမယ် ... ဟုတ်ပြီလား"

စကားကို ပိတ်ပြောကာ နေချိုက လှည့်ထွက်သွားလေသည်။ မေဇော်နှင့် အေးအေးခိုင်တို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပခုံးပဲ တွန့်မိကြတော့၏။





ဒီနေ့အဖို့ နေချိုနှင့်ပတ်သက်ပြီး နားမလည်ဖြစ်ရသည်က Viber သုံးမည့်ကိစ္စနှင့် လူတစ်ယောက်ကို သွားတွေ့မည်ဆိုသောကိစ္စ။

နှစ်ယောက်သား သက်ပြင်းပဲ ပြိုင်တူချမိကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

စာသင်ချိန်နှစ်ချိန်ပြီးသည်အထိ နေချို အခန်းထဲရောက်မလာသဖြင့် အေးအေးခိုင်နှင့်မေဇော်တို့ စိတ်စနိုးစနောင့်ဖြစ်လာရသည်။ တကယ်ဆို ခဏ,ဆိုပြီး ဒီလောက်ကြာဖို့ မသင့်ချေ။ ပြီးတော့ ... ခုလိုမျိုး နေချိုတစ်ယောက်တည်း သွားတတ်သည့်အကျင့်လည်း အရင်က မရှိသောကြောင့် စိတ်ပူလာမိကြသည်။

ထို့ကြောင့် စာသင်နေသည်ကိုပင် စိတ်မဖြောင့်နိုင်တော့ဘဲ ...

"အေးခိုင် ... ငါတို့ နေချိုကို ထိုင်စောင့်နေတာထက်စာရင် လိုက်ရှာတာ မကောင်းဘူးလား"

သဘောတူသလို ခေါင်းညိတ်ရင်း အေးအေးခိုင်က ...





"အေး ... ကောင်းသားပဲ၊ နေချို ခုလို မသွားတတ်တော့ စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်"

"ဒါဆိုလည်း လာဟာ"

နောက် စာသင်ချိန်အတွက် ဆရာဝင်မလာခင်မှာ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ပြီး ... ပထမဆုံးအနေဖြင့် ထိုင်နေကျ ကင်တင်းဆီ သွားကြည့်လိုက်ကြ၏။ သို့သော် မတွေ့။ မျက်မှန်းတန်းမိနေသည့် စားပွဲထိုးလေးက မလာဟုဆိုသည်။ သို့နှင့် အနီးအနားရှိ ကင်တင်းတွေဆီ ခြေဦးလှည့်ရပြန်သည်။

နောက်ထပ် ကင်တင်းနှစ်ခုလောက် ဝင်ရှာပြီးချိန်မှာတော့ မေဇော်က ...

"အေးခိုင် ... ငါတို့ ဒီအတိုင်း လိုက်ကြည့်နေရင်တော့ တွေ့မှာ[illegible]ဟုတ်ဘူးထင်တယ်၊ ဒီတော့ မေးစမ်းကြည့်ရင် မကောင်းဘူးလား"

"မေးတာက ဟုတ်ပါတယ်၊ ဒါပေမဲ့ ... နေချိုက ကွင်းလည်း [illegible]ဟုတ်၊ မင်းသမီးလည်း မဟုတ်တော့ ဘယ်သူသိမှာလဲ"

"ဪ ... နင်ကလည်း နင့်ဖုန်းထဲမှာ နေချိုဓာတ်ပုံရှိတယ်မလား။ ဓာတ်ပုံပြပြီး မေးမှာပေါ့"

မေဇော့်စကားကြောင့် အေးအေးခိုင်က ထောက်ခံခေါင်းညိတ်လိုက်[illegible] ...

"အေး ... ဟုတ်သားပဲ၊ ဒီလိုဆိုတော့လည်း နင်က ဉာဏ်ကောင်း[illegible] လာ ... နောက်ကင်တင်းကျရင် ဓာတ်ပုံပြပြီး မေးတာပေါ့"

ထိုသို့ဖြင့် နောက်ထပ်ကင်တင်းတစ်ခုဆီ ရောက်ပြန်တော့ နေ့လယ်



www.burmeseclassic.com

www.burmeseclassic.com



စာ စားချိန်ဖြစ်နေလေပြီ။ ထို့ကြောင့် ကင်တင်းမှာ လူကျနေသဖြင့် အေးနိုင်က

"မေဖော် ... နှင်မြင်တဲ့အတိုင်းပဲ စားပွဲထိုးတွေက အလုပ်ရှုပ်နေ တာဆိုတော့ မေးရတာ အဆင်ပြေမှာမဟုတ်ဘူး"

"ဒါများ အေးနိုင်ရယ် ... ကောင်တာက ပိုင်ရှင်ကို သွားမေးမယ် လေ၊ သူက တစ်ဆိုင်လုံးကို ကြည့်နေတာဆိုတော့ နေချို့ပုံကို မြင်ရင် သိမှာပဲ"

"အေး ... ဟုတ်တယ်၊ ခဏလေး ... ငါ နေချို့ဓာတ်ပုံ ရှာလိုက် ဦးမယ်"

ပြောရင်း အေးအေးနိုင်က သူ့ဖုန်းထဲမှ နေချို့ဓာတ်ပုံကို အရင်ရှာ လိုက်သည်။ ပုံတွေ့တော့မှ ဖုန်းလေးကိုင်ရင်း ကောင်တာဆီ နှစ်ယောက် သား သွားလိုက်ကြ၏။

ကောင်တာတွင် မိန့်မိန့်ကြီး ထိုင်နေသူက သက်လတ်ပိုင်းအရွယ် ယောက်ျားပျိုကြီး ဖြစ်သည်။ မျက်နှာကြီး အဆီတဝင်းဝင်းနှင့် စားသုံးသူ များကို ကျီးကန်းတောင်းမှောက် ဝေ့ဝိုက်ကာ လိုက်ကြည့်နေ၏။

ထိုလူကြီးရှေ့ရောက်တော့ အေးအေးနိုင်က မျက်နှာချင်းဆိုင်လိုက် ပြီး ...

"အစ်ကိုကြီး ... ဒီမှာကြည့်ပါဦး"

ပြောရင်း အေးအေးနိုင်က ကိုင်ထားသောဖုန်း၏မျက်နှာပြင်ရှိ နေချို့ ဓာတ်ပုံကို မြင်သာအောင် ပြလိုက်သည်။

ထိုလူကြီးကလည်း ဘာမှန်းမသိပေမယ့် မိန်းကလေးတစ်ယောက် က ပြသောကြောင့် ကြည့်လိုက်ပါ၏။ သို့သော်လည်း ထိုလူကြီး၏အကြည့်နှင့်





အချိန်ကိုက်ဆိုသလို 'ကလုံ' ဟူသော အသံထွက်လာပြီး ဖုန်းမျက်နှာပြင်ပေါ်၌ လည်း message စာတန်းလေး ပေါ်လာလေ၏။

*နေကောင်းလား ... အသဲလေး ...။*

ပေါ်လာသော message စာတန်းကိုကြည့်ကာ ယောက်ျားပျိုကြီး၏ မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ အေးအေးနိုင်ကိုလည်း ပြုံးဖြီးဖြီးပြန်ကြည့် လိုက်ရင်း အာလုပ်သံကြီးဖြင့် ...

"ကောင်း ... ကောင်းပါတယ် ညလေး"

"ရှင်"

အေးအေးနိုင်က အာမေဋိတ်'တ'ကာ ဖုန်းကိုပြန်ယူ၍ message စာတန်းပျောက်သွားအောင် ကြက်ခြေခတ်နှိပ်ကာ ပိတ်လိုက်ပြီး ...

"အရေးထဲ message က ဝင်လာသေးတယ်၊ အစ်ကိုကြီး ဆောရီး နော်၊ သမီးပြချင်တာက ဒီပုံပါ"

ပြောရင်း ဖုန်းကို ပြန်ထိုးပြလိုက်သည်။ ခုတစ်ခါလည်း Viber က သစ္စာရှိစွာ အချိန်ကိုက်ဆိုသလို 'ကလုံ' ဟူသောအသံနှင့်အတူ ...။

*စိတ်ကောက်နေတာလား ... စကားပြန်မပြောဘူးနော် ...။*

ပေါ်လာသော message စာသားကို ဖတ်ကာ ယောက်ျားပျိုကြီးက အေးအေးနိုင်ကို အမိပ္ပာယ်ပါပါ ကြည့်လာပြီး ...

"ညလေး ... ကိုကြီးကို ဘာပြောချင်တာလဲဟင်၊ စိတ်လည်း ကောက်ပါဘူး"

"ရှင် ... ဘာတွေပြောနေတာလဲ ... ရှင့်"

ယောက်ျားပျိုကြီးက ဖုန်းကို လက်ညှိုးထိုးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ည . . . ညလေးရဲ့ဖုန်းကိုလည်း ကြည့်ဦးလေ"

ဆတ်ခနဲ ဖုန်းကို ပြန်ယူကြည့်ကာ အေးအေးခိုင်မျက်နှာက ရဲခနဲ ဖြစ်သွားသည်။

ပြီး . . . ယောက်ျားပျိုကြီးကိုကြည့်ကာ အထစ်,အထစ်ဖြင့်

"အဲ . . . အာ့ . . . က အစ်ကိုကြီးကို ပြောတာ ဟုတ်ဖူး။ ခုကွာပါပဲ လာ . . . မေဇော် . . . သွားမယ်"

မေဇော့်လက်ကို ဆွဲကာ အေးအေးခိုင် အမြန်လှည့်ထွက်လာခဲ့သည်။ လမ်းမှာလည်း ဘဝ၏ပထမဦးဆုံးအကြိမ်အဖြစ် Viber ကို ကျိန်ဆဲလိုက်လေသည်။

"အရေးထဲ သောက် Viber ကလည်း message တွေ ဝင်ဝင်နိုင်လွန်းတယ်"

ထိုစကားကြောင့် မေဇော်က ပေစောင်းစောင်းကြည့်ကာ . . .

"ဝင်မှာပေါ့ . . . နင်က ကျောင်းရောက်ရင် Viber သုံးဖို့အတွက် အင်တာနက် တောက်လျှောက်ဖွင့်ထားတာကိုး"

"တစ်မိနစ် နှစ်ကျပ်ဆိုတော့ တန်လို့ပါ မေဇော်ရာ"

ထိုစကားကြောင့် မေဇော်က ထပ်ကာ မျက်စောင်းထိုးလိုက်၏။

"အေးပါ တန်နေ . . . နင့်လိုမိန်းမမျိုးက အော်ရီဒူးနဲ့တွေ့မှ ခုကွာ ရောက်မှာ"

"ဟဲ့"

အထိတ်တလန့် ရေရွတ်ရင်း အေးအေးခိုင်တစ်ကိုယ်လုံး တွန့်ခနဲ သွားသည်။ မေဇော်ကို ပြန်ကာကြည့်လိုက်ပြီး . . .



www.burmeseclassic.com



"မေ . . . မေဇော် . . . နင် . . . နင် . . . ဘာပြောလိုက်တာလဲ"

မေဇော်က ဟီးခနဲ ရယ်လိုက်ကာ . . .

"အဟီး . . . ငါပြောချင်တာက အော်ရီးဒူး ဖုန်းလိုင်းပါ၊ သူက အင်တာနက်သုံးစွဲခ ဈေးကြီးတော့ နင့်လို ဖွင့်ထားရင် မွဲမှာလို့ ပြောတာ"

"တော်သေးတာပေါ့ . . . ဟာ"

ပြောရင်း . . . အေးအေးခိုင်မှာ သက်ပြင်းကို ကျိတ်ချလိုက်ရသည်။ ပထမတော့ သူ့စိတ်ထဲတွင် 'အော်ရီဒူး' ဆိုတာကို နှိုင်းခြားသား အကောင်ကြီးတစ်ကောင်ဟု ထင်သွားသောကြောင့်လည်း ဖြစ်၏။ ဟူး . . .။

"ကဲ . . . ခု ဘယ်လိုဆက်လုပ်မှာလဲ မေဇော် . . . နေချိကို ရှာဖို့ကိစ္စ"

မေဇော်က မျက်မှောင်ကြုတ်ရင်း စဉ်းစားလိုက်သည်။ ထိုအချိန်မှာပဲ . . .

"ဒီမှာဗျ . . . ခင်ဗျားတို့က နေချို့သူငယ်ချင်းတွေမလား"

စကားသံကြောင့် နှစ်ယောက်သား ကြည့်လိုက်မိကြသည်။ မိုးနောင်ကို မြင်မြင်ချင်း လူကိုမှတ်မိလိုက်သော်လည်း နာမည်ကို ရုတ်တရက် စဉ်းစားမရသဖြင့် အေးအေးခိုင်က . . .

"ရှင် . . . ရှင်က . . . ဟို . . . ဟို . . ."

"ကျွန်တော်က မိုးနောင်လေ၊ ခင်ဗျားတို့နဲ့ ဆုံဖူးပါတယ်"

မိုးနောင်က ရင်ဘတ်ပုတ်ကာ ပြောလိုက်သည်။ မေဇော်က ခပ်စွေစွေကြည့်လိုက်ရင်း . . .

www.burmeseclassic.com



"သိသားပဲ ရှင့်ကို … ခုက ဘာပြောချင်လို့လဲ"

မိုးနောင်က …

"ခင်ဗျားတို့သူငယ်ချင်း နေချိုကို လိုက်ရှာနေတာဆိုရင် လမ်းညွှန်မလို့ပါ၊ မဟုတ်ဘူးဆိုရင်တော့ သွားတော့မယ်"

ပြောရင်း တစ်ချက်ကြည့်ကာ လှည့်ထွက်ရန် ဟန်ပြင်လိုက်သဖြင့် အေးအေးခိုင်က ကမန်းကတန်း လက်ကာပြလိုက်ရင်း …

"ခဏ … ခဏ … ကျွန်မတို့က နေချို့ကို လိုက်ရှာနေတာပါ၊ ရှင်က ဘယ်မှာတွေ့ခဲ့လို့လဲ"

မိုးနောင်က …

"စာကြည့်တိုက်ထဲမှာ နေချို ရှိတယ်၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ ကျော်ဇင်မိုးဆိုတဲ့လူနဲ့၊ မြန်မြန်သွားခေါ်လိုက်ပါဗျာ၊ ကျွန်တော် စိတ်ပူလို့ဗျ"

"ဩော် … ဟုတ်ကဲ့ … ဟုတ်ကဲ့"

ပြောပြီး သွားရန်ပြင်လိုက်ပြီးမှ မေဇော်က သတိရသလို …

"နေစမ်းပါဦးရှင့် … ရှင်က ဘာကိစ္စ နေချိုကို စိတ်ပူတာလဲ"

ထိုစကားကြောင့် မိုးနောင် အိုးတိုးအမ်းတမ်းဖြစ်သွားကာ …

"အာ့–ကက … ဟွာလေ … ကျော်ဇင်မိုးနဲ့နေချိုက သိတာမကြာသေးဘူးမလား၊ ပြီးတော့ … ကျွန်တော့်အနေနဲ့လည်း စိတ်ပူသင့်တယ်ထင်လို့ပါ၊ သွားပြီဗျ … ခင်ဗျားတို့လည်း မြန်မြန်သွားလိုက်ကြဦးနော်"

ပြောပြီး … မိုးနောင်က အရင် ချာခနဲလှည့်ထွက်သွားလေသည်။

မိုးနောင်ကိုကြည့်ကာ အေးအေးခိုင်က ခေါင်းအသာခါရမ်းလိုက်





ပြီး …

"ဟင်း … ဒီတစ်ယောက်ကလည်း တစ်မျိုး၊ ဒီနေ့တော့ နေချိုနဲ့ ပတ်သက်သမျှ ထူးဆန်းတာတွေပဲ ကြုံနေရတယ်"

"ကဲပါ … မိုးနောင်က အရေးမကြီးဘူး၊ ငါတို့ နေချိုဆီသွားရအောင် … လာလာ"

ဒီတစ်ခါတော့ မိုးနောင် ညွှန်လိုက်သည့်စာကြည့်တိုက်တွင် ရှိမှာ သေချာလောက်ပါသည်။ နှစ်ယောက်သား တိုင်ပင်စရာမလိုဘဲ စာကြည့်တိုက်ဘက်သို့ ခပ်သွက်သွက် ခြေလှမ်းလိုက်ပါ၏။

■

www.burmeseclassic.com

## (၁၂)

"နှင့်ကိုတော့ ဒီကိစ္စမေးမှဖြစ်တော့မယ် နေချို၊ နှင်နဲ့ကျော်ဇင်မိုးက ဘာလဲ"

နေချိုက မျက်ခုံးမသိမသာပင့်လိုက်ကာ . . .

"မိတ်ဆွေတွေလေ၊ ဒီလောက်ပဲ"

အဖြေကို အေးအေးခိုင်က ကျေနပ်ဟန်မတူချေ။ ထပ်ကာ စော ဒကတက်လိုက်သည်။

"နှင်က မိတ်ဆွေလို့ ပြောပေမယ့် . . . နှင်တို့ တွဲနေတဲ့ပုံစံက မိတ်ဆွေထက် ပိုနေတယ်၊ ပြီးတော့ . . . မိတ်ဆွေဆိုရင်လည်း ငါတို့နဲ့ပါ မိတ်ဆက်ပေးတာမဟုတ်ဘူး။ ခုတော့ . . . နှင်က ငါတို့ကိုထားခဲ့ပြီး အဲတစ်





ယောက်နဲ့ တွေ့တွေ့နေတယ်"

"ဘာလဲ . . . မြို့ပြင်တာလား"

နေချိုက ပြောင်စပ်စပ်မျက်နှာပေးနှင့် ပြန်ပြောလာသဖြင့် မေဇော်က . . .

"နေချို . . . နှင် စကားကို ပျော်စေပျက်စေ မလုပ်လိုက်နဲ့၊ အဲဒီကိစ္စကို ငါလည်း သိချင်နေတာ"

စကားအဆုံးမှာ နေချို့မျက်နှာက တည်သွားပြီး . . .

"ငါ နှင်တို့ကို ပြောပြမှာပါ၊ အမှန်အတိုင်း ပြောရရင် ငါနဲ့ကျော်ဇင်မိုးက မိတ်ဆွေအဆင့်ပဲ၊ သူ့ဘက်က ရှေ့ဆက် တိုးလာမလားဆိုတာတော့ ငါ မသိသေးဘူး၊ နှင်တို့နဲ့ မိတ်မဆက်ပေးတာက မလိုအပ်သေးလို့ပါ၊ လောလောဆယ်အနေအထားကို ပြောရရင် ငါ့အတွက် ကျော်ဇင်မိုးက အရေးပါတဲ့လူတစ်ယောက်ဆိုတာလောက်ပဲ . . . နှင်တို့ကို ပြောပြနိုင်မယ်၊ အဲဒါကို မကျေနပ်လည်း မတတ်နိုင်ဘူး"

ခပ်ပြတ်ပြတ်ပြောလာသဖြင့် မေဇော်နှင့်အေးအေးခိုင်တို့ သက်ပြင်းကိုယ်စီ ချလိုက်မိကြသည်။

အေးအေးခိုင်က အရင် . . .

"မကျေနပ်လို့တော့ မဟုတ်ပါဘူးဟာ၊ အရင်က ဘယ်ကိစ္စမဆို နှင်က ငါတို့နဲ့ တိုင်ပင်တယ်လေ၊ ခု . . . ကျော်ဇင်မိုးနဲ့ကျမှ"

နေချိုက စကားဖြတ်၍ . . .

"အရင်က တိုင်ပင်တယ်ဆိုတာကလည်း တခြားကိစ္စတွေလေ၊ ခုလို ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်တာမျိုး ငါ့မှာ ဘယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့ဖူးလို့လဲ''

''ဒါ ... ဒါဆို ... ကျော်ဇင်မိုးကို နင့်ဘက်ကလည်း စိတ်ဝင်စား
တာပေါ့၊ ဒီလိုလား''

''ဆိုပါတော့ ... စတွေ့ကတည်းကပဲ''

''ဟင်''

အေးအေးခိုင် တကယ်ပင် အံ့ဩသွားမိသည်။ နေချိုနှင့်ပတ်သက်
ပြီး ယောကျာ်းလေးကိစ္စ မကြားဖူးခဲ့သော်လည်း ခုလို ပထမဆုံးအကြိမ်
နေချို၏ပွင့်လင်းမှုကို အံ့ဩမိခြင်းဖြစ်သည်။ မေဇော်ကတော့ ဘာမှဝင်မ
ဘဲ ငြိမ်ဆိတ်ကာ နားထောင်နေ၏။

နေချိုကပဲ ...

''ယောကျာ်းလေးတစ်ယောက်နဲ့ ခုလိုတွဲနေလို့ နင်တို့ကို ပါ
တာတော့ မဟုတ်ပါဘူး၊ ငါ့အပေါ် နားလည်ပေးပါဟာ၊ နင်တို့နှစ်ယော
ကို ငါ တကယ်ခင်ပါတယ်''

''ငါတို့ကလည်း ခင်လို့ပြောနေတာပေါ့ဟဲ့ ... ခုတော့ နင်
ထွက်ထွက်သွားတော့ ဘက်ပဲ့သလို ဖြစ်နေလို့ ပြောနေတာ''

''အေးပါဟာ ... ငါ သိပါတယ်၊ ခုတော့ ကျော်ဇင်မိုးနဲ့ ချိန်
လို့ ငါ သွားလိုက်ဦးမယ်''

ပြောရင်း ... နေချိုက သက်ပြင်းငွေ့ငွေ့ချကာ ထထွက်သွား
သည်။

အေးအေးခိုင်က နေချိုကို လိုက်ကြည့်နေပြီးမှ ငြိမ်နေသော မေ
ဘက်လှည့်ကာ ...





''ကဲ မေဇော် ... နင်လည်း ကြားတဲ့အတိုင်းပဲ၊ နေချိုက ကောက်
ကာငင်ကာ ရည်းစားထားချင်သွားလို့နေမှာပေါ့၊ ငါတို့ တားလို့လည်း ရမှာ
မဟုတ်ဘူး''

ငြိမ်သက်စဉ်းစားနေဟန်ရှိသော မေဇော်က တစ်ချက် ပြန်ကြည့်
လာသည်။ ပြီးမှ ခပ်လေးလေး စကားဆိုလိုက်၏။

''မဟုတ်သေးပါဘူးဟာ ... ငါ စဉ်းစားနေတာက နေချို ရုတ်
တရက်ပြောင်းလဲသွားတာကိုပါ၊ ငါ သူ့ကို စိတ်ပူနေတာ မဟုတ်ပါဘူး
ယောကျာ်းလေးနဲ့မိန်းကလေး တွေ့ကြ၊ ချစ်ကြတာ မဆန်းပါဘူး၊ ဒါပေမဲ့
... နေချို ခုလို ပြောင်းလဲသွားတာကို ငါ တကယ်အံ့ဩနေမိတယ်''

အေးအေးခိုင်လည်း ဘာမှထပ်မပြောဘဲ အဝေးကို ငေးနေမိသည်။
ပြောရလျှင် သူကိုယ်တိုင်လည်း နေချို့အပေါ် နားမလည်နိုင်စွာ အံ့ဩနေ
သည်ပဲလေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်ကွ"

ကောက်ကာငင်ကာပြောလိုက်သော တင်ထူး၏စကားကြောင့် နေမျိုးကျော်က လုပ်လာပြန်ပြီဆိုသောမျက်နှာပေးနှင့် ကြည့်လိုက်သည်။ တင်ထူးက ဂရုမစိုက်သလို ဆက်၍ . . .

"ဆိုကရေးတီး, အရစ္စတိုတယ်လ်, ဂရိဘုရင် အလက်ဇန်းဒါး, ရောမဘုရင် ဂျူးလီယက်ဆီဇာ, လီယိုနာဒိုဒါဗင်ချီနဲ့ အော်စကာဝိုင်း ဆိုတဲ့ လူတွေကို မင်းသိလား မိုးနောင်"

နာမည်တပ်ကာ မေးလာသောကြောင့် မိုးနောင် ဆတ်ခနဲ ဖြစ်သွားရပြီး . . .





"သိတာပေါ့ကွ၊ မင်းပြောတဲ့လူတွေက ကမ္ဘာကျော်ပုဂ္ဂိုလ်တွေပဲ ဟာကို"

စကားအဆုံးမှာ တင်ထူးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း . . .

"အေး . . . ဟုတ်တယ်၊ သူတို့ဟာ ကမ္ဘာကျော်ပုဂ္ဂိုလ်တွေဖြစ်တဲ့ အပြင် အခြောက်စိတ်ရှိတဲ့သူတွေဆိုတာကော မင်းသိလား"

"စာအုပ်တချို့တွေထဲမှာ ရေးတာတော့ ဖတ်ဖူးတာပဲ၊ ဘာဖြစ်လို့ လဲ တင်ထူး"

"ဘာမှမဖြစ်ပါဘူး၊ ငါ့စိတ်ထဲ မင်းလည်း အခြောက်စိတ်ဝင်နေပြီလားလို့ တွေးနေတာပါ"

"ဟာ"

မြီးညှောင်းရိုးတစ်ပိုက် ဆတ်ခနဲ တုန်သွားရင်း မိုးနောင် အလန့်တကြားဖြစ်သွားရသည်။

ချက်ချင်းပဲ တင်ထူးကို ပြန်ကြည့်လိုက်ရင်း . . .

"ဟေ့ကောင် . . . ငါက ဘာဖြစ်လို့ အခြောက်ဖြစ်ရမှာလဲ၊ မင်းကွာ . . . မဦးမချွတ်"

"ဩော် . . . ကမ္ဘာကျော်ပုဂ္ဂိုလ်တွေတောင် သူတို့ဟာ အခြောက်စိတ်ရှိတယ်ဆိုတာ လက်ခံကြတယ်ဆိုတော့ မင်းလို ဘာမှမဟုတ်တဲ့ ပါးမွှားတစ်ကောင်က မျိုသိပ်နေစရာမလိုဘူးလို့ ထင်လို့ပါ"

"မိုက်ရိုင်းလှချည်လားကွ၊ နေစမ်းပါဦး . . . မင်းက ဘာဖြစ်လို့ ဒီကို ဘလိုင်းကြီး လာစွပ်စွဲနေတာလဲ၊ မင်းညီမကို မကြိုက်လို့လား"

www.burmeseclassic.com



မိုးနောင် ပက်ခနဲ ပြန်ပြောလိုက်သည်ကို တင်ထူးက နာဟန်မရှိဘဲ

"ငါ့ညီမက မင်းမကြိုက်လည်း ဘာမှမဖြစ်ဘူး၊ ခုဟာက မင်း နေချို့ကို ကြိုက်တယ်လည်း ပြောတယ်၊ ပြီးတော့ ခြောက်ကြီးကျနေတာပဲ ... ဘာမှလည်းမလုပ်ရဲဘူး၊ မင်း ... တစ်ရက်, တစ်ရက် ခုလို နောက် ယောင်ခံလိုက်နေတော့မှာလား။ ပြီးတော့ နေချို့က ခု ဘဲတစ်ပွေနဲ့တွဲနေတာ နော်"

ခုမှပဲ တင်ထူး ဘာကြောင့်စွပ်စွဲနေသည်ကို သိရတော့သည်။ နေချို့ကို ကြိုက်သည့်ကိစ္စအပေါ် ထိထိရောက်ရောက် မလှုပ်ရှားသဖြင့် အခြောက်ဟု စွပ်စွဲနေခြင်းဖြစ်၏။

စကားအဆုံးမှာ မိုးနောင်က တဟက်ဟက် ရယ်လိုက်ရင်း ...

"ဘာများလဲလို့ တင်ထူးရာ ... ဒီကိစ္စလောက်ကို ကမ္ဘာကျော် ပုဂ္ဂိုလ်တွေနဲ့ချီပြီး ပြောစရာမလိုပါဘူး၊ ကဲ ... မင်းပြောသလိုဆို ငါလည်း ပြောဦးမယ်၊ အရင်ခေတ်က အပြစ်သားတွေ၊ ထောင်သားတွေကိုသတ်တဲ့ လျှပ်စစ်ကုလားထိုင်ဆိုတာ မင်း ကြားဖူးလား"

"ကြားဖူးတာပေါ့ကွ၊ ဒီဘက်ခေတ်မှာတော့ မရှိလောက်တော့ ဘူး"

"ဟုတ်ပါတယ်၊ ငါပြောချင်တာကလည်း လျှပ်စစ်ကုလားထိုင် ရာဇဝင်ပါ၊ လျှပ်စစ်ကုလားထိုင်ကို ၁၈၉၀–ခုနှစ်လောက်က နယူးယောက် မှာ စတင်အသုံးပြုခဲ့တာကွ၊ အဲလို ကုလားထိုင်နဲ့လူသတ်အပြစ်ပေး သတင်းကို အီသီယိုပီးယားနိုင်ငံက ဘုရင်ကြီးကြားပြီး အတော်သဘော ကျ သွားတာကွ၊ အဲဒါနဲ့ သူလည်း နယူးယောက်က ကုမ္ပဏီကို လျှပ်စစ်ကုလား





ထိုင်တစ်လုံး လှမ်းမှာလိုက်တယ်၊ ဒါပေမဲ့ ... ကုလားထိုင်ရောက်လာတော့ ဘယ်လိုမှ သုံးလို့မရဘူးဖြစ်နေရော"

"ဟော ... ကုလားထိုင်က တစ်ခုခုချွတ်ယွင်းနေလို့လား"

နေမျိုးကျော်က ဝင်မေးလိုက်ခြင်းဖြစ်သည်။ မိုးနောင်က ခေါင်းခါ လိုက်ရင်း ...

"မဟုတ်ဘူးကွ၊ အဲဒီအချိန်တုန်းက အီသီယိုပီးယားနိုင်ငံမှာ လျှပ်စစ် မီးလုံးဝ မရှိသေးလို့ပဲ"

"ဟော"

"အဲဒါနဲ့ ဘုရင်ကြီးက ဈေးကြီးပေးဝယ်ထားတော့ နှမြောပြီး အလကားမဖြစ်အောင် အဲဒီကုလားထိုင်ကို သူထိုင်မယ့်ရာဇပလ္လင်အဖြစ် အသုံးပြုလိုက်တယ်တဲ့၊ ငါကတော့ နေချို့နဲ့ ပတ်သက်ပြီး အီသီယိုပီးယား ဘုရင်လို မလုပ်ဘူးကွ"

"ဟာ"

စကားအဆုံးမှာ နေမျိုးကျော်ရော တင်ထူးပါ တဟားဟား ရယ် ကြတော့သည်။

"တတ်လည်း တတ်နိုင်တဲ့ ဘုရင်ကွာ၊ ဒါပေမဲ့ ... သူ့နိုင်ငံမှာ အဲလိုထိုင်ခုံက တစ်လုံးတည်းပဲ ရှိတာဆိုတော့ သူ စဉ်းစားတာလည်း မဆိုးဘူးကွ"

နေမျိုးကျော် မှတ်ချက်ချသည့် စကားကို နားထောင်နေပြီးမှ တင်ထူးမျက်နှာက တည်သွားကာ မိုးနောင်ကို ကြည့်၍ ...

"နေစမ်းပါဦး မိုးနောင်ရ ... ခု ငါတို့ပြောနေတဲ့ကိစ္စနဲ့ လျှပ်စစ်

www.burmeseclassic.com



ကုလားထိုင်က ဘာဆိုင်လို့လဲ''

တင်ထူးအမေးကို မိုးနောင်က ပခုံးအရင်တွန့်ပြလိုက်ပြီးမှ . . .

''မင်းလည်း စဉ်းစားတတ်တဲ့ကောင်ပဲကွ၊ ငါ ဘာကိုဆိုလိုချင်တာလဲဆိုတာကို မင်းဟာမင်း စဉ်းစားကြည့်ပေါ့ . . . ငါ သွားပြီ''

ပြောပြီး မိုးနောင်က ထထွက်သွားလေသည်။

တင်ထူးမှာပဲ ဆံပင်ကြားထဲ မီးခဲကျသည့်အလား ခေါင်းပူကာ ကျန်ခဲ့သည်။

ဒီကောင်က ဘာပြောသွားတာလဲ။

ဖျစ်ညှစ်စဉ်းစားသော်လည်း အဖြေက မရသဖြင့် . . .

''နေမျိုးကျော် . . . ဟိုကောင် ဘာကိုပြောသွားတာလဲကွ၊ ငါ စဉ်းစားလို့မရဘူး''

နေမျိုးကျော်က ခံပေါ့ဆိုသည့်ပုံစံနှင့် အပြစ်တင်သလိုကြည့်ကာ . . .

''မင်းက မိုးနောင်လိုကောင်ကို ကမ္ဘာကျော်တွေနဲ့ချီပြီး အခြောက်လို့ သွားပြောတာကိုး၊ ရိုးရိုးပဲ တွေးစမ်းပါကွာ၊ အီသီယိုပီးယားဘုရင်က လျှပ်စစ်မီးမရှိတဲ့ လျှပ်စစ်ကုလားထိုင် မှာမိတယ်မလား။ အဲဒါ . . . သူ့ဘက်က ပြည့်စုံ အဆင်သင့်မဖြစ်သေးတဲ့သဘောပေါ့ကွာ၊ ခု မိုးနောင်ပြောသွားပုံက သူ့ဘက်က အဆင်သင့်မဖြစ်သေးဘဲ နေချိုကို ဖွင့်မပြောသေးဘူးလို့ ဆိုလိုချင်တာလားမှမသိတာ''

တင်ထူးက မသိမသာ ခေါင်းခါရင်း . . .

''မဟုတ်သေးဘူးကွ၊ မင်းပြောတာက နီးစပ်ပေမယ့် လုံပြိန်းတစ်ယောက် စဉ်းစားသလိုဖြစ်နေတယ်၊ ဒီကောင်ပြောသွားတာက ဒီထက်ပိုလိမ့်မယ်''

နေမျိုးကျော် အောင့်သက်သက် ဖြစ်သွားသည်။ စဉ်းစားပေးသည့်သူ့ကိုတောင် လုံပြိန်းဟု သမုတ်လိုက်သည်ကိုး။ ထို့ကြောင့် ပေစောင်းစောင်း ပြန်ကြည့်လိုက်ရင်း . . .

''အဲဒါဆိုလည်း မင်းဟာမင်း စဉ်းစားကွာ၊ စဉ်းစားလို့မရရင် ဆုတောင်း''

''အမ် . . . ငါက ဘာကိုဆုတောင်းရမှာလဲ''

''နောင်ဘဝ စဉ်းစားရင်း ချေးမထွက်ကျပါစေနဲ့လို့၊ ငါလည်း သွားပြီ''

ပြောပြီး နေမျိုးကျော်လည်း ဆတ်ခနဲ ထထွက်သွားလေ၏။ တင်ထူးလည်း နေမျိုးကျော်ကို သနားသလို လိုက်ကြည့်နေရင်းက ဒီလောက် တိန္စလေးတောင်မှ မစဉ်းစားချင်ရင် နိုင်ငံအတွက် ရင်လေးစရာပဲဟု ကြီးကြီးကျယ်ကျယ် တွေးမိလိုက်သေး၏။

ဥပမာအနေနှင့်ပြောရလျှင် သမ္မတအကြီးပေးဆိုသောပုဂ္ဂိုလ်များသည် မစဉ်းစား။ မဆင်ခြင်တတ်သော လူတွေထဲမှ ပေါ်ထွန်းလာကြသည် မဟုတ်ချေ။ သူလို စဉ်းစားတတ်သော လူငယ်တွေထဲကမှ ဖြစ်ထွန်းလာဖွယ် ရှိသည်။

ထိုသို့ စဉ်းစားနေရင်းကပင် ဗိုက်ထဲမှ ရစ်သီရစ်သီဖြစ်လာသဖြင့် ဆတ်ဝန်းကျင်အနေအထားကိုကြည့်ကာ တင်ထူး စဉ်းစားခြင်းအမှုကို ခဏ ဘရိတ်အုပ်ထားလိုက်ရလေသည်။




ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် သေးသေးလေး စဥ်းစားလိုက်မိသည်က ...

"သမ္မတအကြံပေးပုဂ္ဂိုလ်ကြီးတွေကော ငယ်စဥ်၊ နုစဥ်အခါက စဥ်းစားရင်း ချေးထွက်ကျဖူးမလား"

ဟူ၍ ...။

■

## (၁၄)

"ဘာပြောတယ် မိုးနောင် ... မင်း ငါ့ဆီကိုလာတာ အပေးအယူ
င်လို့ ... ဟုတ်လား"

မျက်မှောင်ကြီးကြုတ်ကာ ပြန်မေးလာသော တိုးမိုးကို မိုးနောင်က
ညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ် ကိုတိုး၊ ဒီအပေးအယူကိုတော့ မဝါရှေ့မှာ လုပ်ရလိမ့်
ခေါ်လိုက်ပါဦး၊ အဲ တစ်ခုတော့ရှိတယ် ... ဒီအပေးအယူကို ကိုတိုး
ဘူးဆိုရင် ကိုတိုးရဲ့အရင်က ဘာညာကိစ္စတွေကို မဝါကို ဖွင့်ချလိုက်

"ဟော့ကောင် ... အဲဒါတွေ မပါဘူးလေ၊ ခဏလေး ... ငါ



www.burmeseclassic.com

www.burmeseclassic.com



ယုဝါကို ခေါ်လိုက်ဦးမယ်''

သိပ်မကြည်သလိုပြောရင်း တိုးမိုးက သူ့မိန်းမကိုခေါ်ရန် မီးဖိုချောင် ဘက်သို့ ထွက်သွားသည်။ ပြန်ထွက်လာတော့ ယုဝါက ယောက်မကြီးတန်း လန်းနှင့် ပါလာပါသည်။ (ထိုနေရာတွင် ယောက်မကြီးတန်းလန်းဆိုသည် မှာ ယုဝါလက်က ကိုင်လာခြင်းဖြစ်သည်။ ယောက်မဆိုသည်ကလည်း ထမင်း ဟင်းချက်သော သစ်သားယောက်မကြီး ဖြစ်၏။)

ယုဝါက မိုးနောင်ကို မြင်မြင်ချင်းပဲ ...

''မိုးနောင်က ပြောစရာရှိလို့ဆို''

ထစ်ကာ ခေါင်းညိတ်ရင်း မိုးနောင်က ...

''ဟုတ်တယ် မဝါ၊ မဝါနဲ့ကိုတိုးတို့ရဲ့ မင်္ဂလာပွဲမှာ ကျွန်တော့်ကို သတို့သားအရန်လုပ်ခိုင်းထားတဲ့ကိစ္စလေ၊ အဲဒါ ကျွန်တော့်ဘက်က တောင်း ဆိုစရာလေးရှိလို့''

ယုဝါက မျက်ခုံးတွန့်လိုက်ရင်း ...

''ဘာများလဲ မောင်လေးရဲ့ ... အဝတ်အစားလား''

''မဟုတ်ပါဘူး မဝါ၊ မဝါတို့စီစဉ်တဲ့အတိုင်း ကျွန်တော် လုပ်မှာပါ၊ ကျွန်တော် ခု တောင်းဆိုချင်တာကတော့ နားနဲ့မနား၊ ဖဝါးနဲ့ နား ... အဲ ဘယ်လိုပဲနာနာဗျာ၊ မဝါရဲ့ညီမဝမ်းကွဲ နေချိုကို ကျွန်တော် မေတ္တာ ရှိနေတယ်၊ အဲဒါကို သဘောတူပေးပါ ... လို့ တောင်းဆိုချင်တာ''

''ဟဲ့''

''ဟာ ... ဒီကောင်''

နှစ်ယောက်စလုံး အာမေဋိတ် 'တ' သွားကြသည်။ ယုဝါဆိုလျှင်





ကိုင်ထားသော ယောက်မပင် လွတ်ကျသွားရ၏။ တိုးမိုးက အရင် မျက်လုံး ကြီးပြူးကာ ကြည့်လာပြီး ...

''ဟေ့ကောင် မိုးနောင် ... မင်း ဒီကိစ္စက တကူးတက လာနောက် စရာ မဟုတ်ဘူးနော်''

''ဟာ ... ကိုတိုးကလည်း ကျွန်တော်က နောက်မလားဗျ၊ အတည် ပြောနေတာ၊ ခု ... ကိုတိုးရဲ့သဘောထက် မဝါရဲ့သဘောထားက အရေး ကြီးတယ်၊ ဘယ်လိုလဲ မဝါ ... သဘောတူမှာလား''

ယုဝါက ဘာမှပြန်မပြောခင် အောက်သို့ ပြုတ်ကျနေသော ယောက်မကို ကုန်းကောက်လိုက်သဖြင့် မိုးနောင် မသိမသာလေး သတိကပ် ထားလိုက်သည်။ မပြောမဆို ယုဝါက ယောက်မနှင့်ပစ်ပေါက်လျှင် ရှောင် နိုင်၊ တိမ်းနိုင်၊ ထွက်ပြေးနိုင်ရန် ...။

သို့သော် ယုဝါက သက်ပြင်းအရင်ချလိုက်ပြီးမှ ...

''မောင်လေးပြောတာကို နောက်နေတာလို့ မထင်ပါဘူး၊ ဒါပေမဲ့ ... ခုလို လာပြောတာက အကြောင်းရှိမယ်ထင်တယ်၊ မောင်လေးက ညီမ လေးကို စိတ်ဝင်စားနေတဲ့အကြောင်းအပြင် တခြားတစ်ခုခုပေါ့''

ထိုစကားကြောင့် မိုးနောင်က ပြုံးလိုက်ရင်း ...

''မဝါက စဉ်းစားတွေးခေါ်တတ်သားပဲ၊ ကိုတိုးနဲ့တောင် မတန်ဘူး''

''ဟာ ... ဟေ့ကောင် ... မင်းတော့ကွာ''

တိုးမိုးက ဝင်ဝေါက်သည်။ ယုဝါကတော့ ဘာမှမပြော။ မိုးနောင် ကပဲ ...

''ဟုတ်တယ် မဝါ၊ ကျောင်းမှာ နေချိုကို တခြားလိုက်နေပဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိတယ်ဗျ၊ ကျွန်တော့်ဘက်ကတော့ နေချိုကို ပရိုပိုဇ် မလုပ်ရသေးပါဘူး မလုပ်ခင်မှာ အစ်မတစ်ယောက်ဖြစ်တဲ့ မဝါကို လာအသိပေးတာပါ၊ တကယ်လို့များ မဝါဘက်က နေချိုရဲ့အစ်မတစ်ယောက်အနေနဲ့ သဘောမတူဘူးဆိုရင် ကျွန်တော့်ဘက်က ဘာအားနည်းချက်တွေရှိသလဲ၊ ရှိရင်လည်း ပြုပြင်မယ်ပေါ့ဗျာ ... ကဲ ... မဝါ ပြောပါဦး''

ယောက်မကြီး လက်ထဲကိုင်ထားရင်းကပင် ယုဝါ စဉ်းစားသွားသည်။ စဉ်းစားနေရင်း ယောက်မကြီးကို တိုးမိုးဆီသို့ လှမ်းပေးလိုက်၏။ တိုးမိုးမှာ ကြောက်တက်တက်နှင့် ယောက်မကြီးကို ယူလိုက်ရ၏။ ယောက်မကြီးလက်ထဲမှာ မရှိတော့မှ ယုဝါက ယောက်မနှင့် မဆိုင်သောစကားကို ဆိုလာသည်။

''ချစ်တယ်၊ ကြိုက်တယ်၊ မုန်းတယ်ဆိုတာက မောင်လေးနဲ့ ညီမလေးတို့ကြားက ကိစ္စပါ၊ ဒါပေမဲ့ ... တစ်ခုရှိတာက မောင်လေးနဲ့ညီမလေးကြောင့် တခြားလူတွေပါ မျက်နှာနာရမယ့်အဖြစ်မျိုး မမ မဖြစ်စေချင်ပါဘူး မောင်လေးအပေါ် သဘောထားက ညီမလေးဆန္ဒပါပဲ''

''ဟုတ်ပါတယ် မဝါ၊ ကျွန်တော်ကတော့ နေချို ထိခိုက်နစ်နာအောင် လုံးဝလုပ်မှာမဟုတ်ပါဘူး၊ ဒါဆို ... မဝါရဲ့သဘောထားကတော့ နေချိုနဲ့ ကျွန်တော့်ကို သဘောတူတာပေါ့နော်''

''တူပါတယ်''

ထိုစကားကို ယုဝါက ယောက်မကြီးကိုင်မထားဘဲ သတိကြီးစွာ ဆိုလိုက်ခြင်း ဖြစ်သည်။

မိုးနောင်က ယုဝါကို ကျေးဇူးတင်စွာ ကြည့်လိုက်ပြီး ...





''အဲဒါဆိုရင်တော့ ဒီနေ့အဖို့ မင်္ဂလာရှိသွားပြီဗျာ၊ ကဲ ကိုတိုး ... အပေးအယူကိစ္စ အောင်မြင်သွားပြီဆိုတော့ ဘာညာကိစ္စအတွက် စိတ်မပူနဲ့တော့ဗျ ... သွားပြီနော်''

ပြောပြီး မိုးနောင် လှည့်ထွက်လာခဲ့သည်။ တိုးမိုးက မိုးနောင်ကို စိတ်ထဲက ကျိန်ဆဲလိုက်ပြီး ယုဝါဆီ မသိမသာ ကြည့်လိုက်၏။ ပထမတော့ ယုဝါလည်း မိုးနောင်ပြောသွားသည့် ဘာညာကိစ္စတွေဆိုသည့်စကားအပေါ် အမှုမဲ့ အမှတ်မဲ့ ဖြစ်နေသေးသည်။ သို့သော်လည်း တွေးရင်း သဘောပေါက်လာသဖြင့် တိုးမိုးလက်ထဲမှ ယောက်မကို ဆတ်ခနဲ ဆွဲယူလိုက်ကာ ...

''ကဲ တိုးမိုး ... ရှင့်ရဲ့ဘာညာကိစ္စတွေဆိုတာ ဘာလဲ၊ ပြောနော် ... ညာလို့ကတော့ ယောက်မစာမိပြီသာမှတ်''

တိုးမိုးလည်း မိန်းမကို ဟီးခနဲ ရယ်ပြလိုက်ရင်း မိုးနောင်ကိုသာ အခါတစ်သိန်းလောက် ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

ပြောရလျှင် နေချို သတိထားမိနေတာ လေးငါးကြိမ်ထက်မကပြီး သူမနှင့် ကျော်ဇင်မိုး ဆိုင်တစ်ဆိုင်တွင် အတူရှိနေပြီဆိုလျှင် မိုးနှောင်သည် ခပ်လှမ်းလှမ်းတွင် ရှိနေလေ့ရှိ၏။ စိတ်ထဲတွင် ကိုယ့်ကို လိုက်ချောင်းနေ သည်ဟု နေချို တိတိကျကျ ခံစားလာမိခြင်း ဖြစ်သည်။

ခုလည်း သူမနှင့်ကျော်ဇင်မိုးတို့ ကင်တင်းတစ်ခုတွင် စကားပြော နေချိန်တွင် စိတ်ထဲ မသက်သာသလိုဖြစ်လာ၍ လှည့်ကြည့်လိုက်တော့ မိုးနှောင် ကို တွေ့လိုက်ရ၏။ အကြည့်ချင်းဆုံလိုက်ချိန်မှာပဲ မိုးနှောင်က မသိမသာ မျက်နှာလွှဲသွားသည်။

နေချိုလည်း ထိုကိစ္စကို ကျော်ဇင်မိုး မသိစေချင်သဖြင့် လတ်





လောအချိန်မှာ ငြိမ်နေလိုက်သည်။

သို့သော် . . .

ကံကောင်းသည်ဟုပဲ ပြောရမည်လားမသိ။ တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို နေချိုနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသည့် ကျော်ဇင်မိုး၏ဖုန်းက ထမြည်လာသည်။ (ထိုနေရာတွင် ဖုန်းအမျိုးစားနှင့် ရိန်းတုန်းအသံ ဘာသံ ဆိုတာကို ထည့်ပြောရဦးမည်လား၊ ရှုပ်သည်)

ဖုန်းကို ယူကြည့်ရင်း ကျော်ဇင်မိုးမျက်နှာက တည်သွားသည်။ ပြီး နေချိုကိုကြည့်ကာ . . .

"နေချို . . . နိုင်ငံခြားဖုန်းဝင်လာလို့ ခဏနော်"

ပြောရင်း မတ်တတ်ထရပ်လိုက်သဖြင့် နေချိုက အလိုက်သိစွာ . . .

"ရပါတယ် . . . အေးဆေးပြောလေ၊ အရေးကြီးမှာပေါ့၊ နောက်မှ ဆုံမယ်နော် . . . ကိုကျော်ဇင်မိုး"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ ဆီးယူနော် . . . နေချို"

ကျော်ဇင်မိုး ကင်တင်းထဲမှ ခပ်သုတ်သုတ် ထထွက်သွားသည်။ နေချိုလည်း ပြန်ရန်ထရပ်ရင်းက မိုးနှောင် ထိုင်နေသည့်ဘက်သို့ လှမ်းကြည့် မိသေး၏။ သြော် . . . ဒင်းက ရှိနေသေးတာကိုး။

နေချို ခပ်သွက်သွက်ပဲ မိုးနှောင်ရှိရာ စားပွဲသို့ ကူးသွားလိုက်သည်။ တပ်ဝန်းကျင်ကတော့ နေချိုကို ဘယ်လိုထင်မည်မသိ။ မသိလျှင် ယောကျ်ား လေးတွေနှင့် ခပ်ရှုပ်ရှုပ်နေတတ်သူဟု ထင်ရော့မည်။

မည်သို့ပင်ဖြစ်စေ ကိုယ့်အကြောင်း ကိုယ်ပဲသိတာမို့ ဂရုမစိုက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့။ မိုးနောင်နှင့်မျက်နှာချင်းဆိုင်ခုံတွင် ခပ်တည်တည်ဝင်ထိုင်လိုက်ရင်း

"မိုးနောင် . . . ရှင့်ကို ပြောစရာရှိလို့"

ဆတ်ခနဲဖြစ်သွားပြီးမှ မိုးနောင်က ခပ်အေးအေး ပြန်ကြည့်လာသည်။ ပြီး . . .

"ပြောလေ နေချို . . . အဲ . . . တစ်ခုခုသောက်ပါလား။ ကျွန်တော် မှာလိုက်မယ်လေ၊ အပူလား၊ အအေးလား"

အရေးထဲ လောကွက်လာလုပ်နေသေးသည်။ အအေးပဲလုပ်ပါဟု ယောင်ကာ ပြောလိုက်မည်ပြုပြီးမှ ဘရိတ်လုပ်လိုက်ရင်း . . .

"ဒီမှာ . . . ရှင်နဲ့ အတူထိုင်ပြီး စားဖို့သောက်ဖို့ လာတာမဟုတ်ဘူး။ ရှင့်ကို သတိပေးစရာရှိလို့"

"ဟင် . . . ဘာများလဲ နေချို"

နေချိုက ခပ်စူးစူးကြည့်လိုက်ပြီး . . .

"ရှင် မသိချင်ယောင်ဆောင်နေတာဆိုရင်တော့ . . . ဒဲ့ပဲပြောတော့မယ်၊ ရှင် ကျွန်မနောက်ကို ဘာကိစ္စ လိုက်နေတာလဲ၊ မဟုတ်ဘူးလို့တော့ ရှင် မငြင်းနဲ့နော်"

ခေါင်းမညိတ် ခေါင်းမခါဘဲ မိုးနောင်က . . .

"နေချို စွပ်စွဲနေတာက မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမဲ့ . . . တစ်ခုရှိတာက ကျွန်တော် နေချို့နောက်ကိုချည်း လိုက်နေတာ မဟုတ်သလို၊ ဟုတ်တယ်ဆိုရင်တောင် နေချို့အပေါ် မကောင်းကြံချင်တဲ့ စိတ်ထားမျိုး မရှိပါဘူး"

"အဲဒါက ရှင့်စကားလေ၊ ဒါပေမဲ့ . . . ကျွန်မ မသင်္ကာလို့ ပတ်





ဝန်းကျင်ကို ကြည့်မိတိုင်း ရှင်ရှိနေတော့ စိတ်ထဲမှာ ကသိကအောက် ဖြစ်ရတယ်၊ ဘာမှထွေထွေထူးထူး ကိစ္စမရှိဘူးဆိုရင် ကျွန်မနောက်ကို မလိုက်ပါနဲ့လား၊ ကျွန်မ အနေကျုံ့တယ်"

မိုးနောင်က ပြုံးလိုက်သည်။ ပြီးမှ . . .

"နေချိုက ပွင့်ပွင့်လင်းလင်း ပြောလာတော့လည်း ကျွန်တော်က ပြန်ပြောရတော့မှာပေါ့။ ကျွန်တော် တချို့အချိန်တွေမှာဆိုရင်တော့ နေချို့ ပတ်ဝန်းကျင်မှာရှိမှဖြစ်မယ်"

"ဘာ"

"ဟုတ်တယ် နေချို၊ အဲဒါဟာ . . . နေချို့ကို ကျွန်တော် စိတ်ပူလို့ပါ"

စကားအဆုံးမှာ နေချိုက ခပ်တင်းတင်းကြည့်လာပြီး . . .

"နေစမ်းပါဦး မိုးနောင်ရဲ့ . . . ရှင် ကျွန်မကို စိတ်ပူစရာအခွင့်အရေး ရှိပါဘူး၊ ကျွန်မကိုလည်း ဒီကျောင်းထဲမှာ ဘယ်သူကမှ ချောင်းမြောင်း လုပ်ကြံမှာ မဟုတ်ဘူး၊ ပြီးတော့ . . . ရှင့်ကို ဘယ်သူက တာဝန်ပေးထားလို့လဲ"

"ကိုယ့်ကိုယ်ကိုယ်ပဲ တာဝန်ပေးထားတာပါ နေချို၊ ဘာဖြစ်လို့ ဒီတာဝန်ကို ယူရတာလဲဆိုရင်တော့ နေချို့ရဲ့အစ်မ မယုဝါကိုပဲ ဖုန်းဆက် မေးလိုက်ပါ၊ ကျွန်တော် သွားတော့မယ်"

မိုးနောင် ထရပ်လိုက်သည်။ ခပ်ကြောင်ကြောင်လေး ပြန်ကြည့်နေသော နေချို့မျက်ဝန်းတွေနှင့် ခဏရင်ဆိုင်လိုက်ပြီး လှည့်ထွက်လာခဲ့၏။

မိုးနောင် ခပ်လှမ်းလှမ်းရောက်သည်အထိ နေချို ကြည့်နေမိပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သတိဝင်လာကာ ဖုန်းထုတ်၍ နံပါတ်တချို့ကို နှိပ်ကာ ခေါ်လိုက်သည်။ အရေးထဲ လူကြီးမင်းမနှင့် လာတိုးနေသဖြင့် ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ပိတ်ချလိုက်၏။ ပြီး . . . ကင်တင်းထဲမှထွက်ရန် ထရပ်လိုက်သည်။

ထိုအချိန်မှာပဲ . . .

''အစ်မလေး . . . ဒီဝိုင်းက မရှင်းရသေးဘူး ခင်ဗျ''

''ဟင်''

စားပွဲထိုးလေးက မိုးနောင်သောက်သွားသည့် ကော်ဖီခွက်ဟောင်းလောင်းလေးကို လက်ညှိုးထိုးပြသည်။ မိုးနောင်ကို မေတ္တာပို့ရင်းကပဲ ကော်ဖီဖိုးရှင်းရန် ပိုက်ဆံအိတ်ထုတ်လိုက်ရလေ၏။

အရေးထဲ . . .။

■

မိုးခြိမ်းသံ

လျှပ်စစ်အလင်း

ငါ့ကမ္ဘာကို စီးဖြန်းသွားခဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

"ဘယ်လို . . . ဘယ်လို နေချို၊ မိုးနောင်က နင့်အစ်မဆီ တိုက်ရိုက်သွားပြီး နင့်ကို တောင်းသွားတာပေါ့ . . . ဟုတ်လား"

အေးအေးခိုင်၏အဆီငေါ်မတည့်သောစကားစဉ်ကြောင့် နေချိုမှာ စိတ်တိုလာရသည်။

"အာ . . . နင်က တစ်မျိုး၊ ငါ့အစ်မဆီမှာ တောင်းတိုင်းကော ရမလားဟ၊ ဒင်းက သူနဲ့ငါ့ကို သဘောတူလားဆိုပြီး အပိုင်သဘောနဲ့ မေးသွားတာ"

"ဒါတော့ မိုးနောင် နည်းနည်းတရားလွန်တယ်ထင်တာပဲ၊ ဘာကယ်ဆို နင်နဲ့ သူနဲ့က ဘာမှဖြစ်သေးတာမှ မဟုတ်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကာ မှတ်ချက်ချလိုက်ပြန်သည့် မေဇော့်ကို နေချိုက မျက်စောင်းထိုးလိုက်ရင်း . . .

"လုပ်လာပြန်ပြီ တစ်ယောက် . . . နင်ပြောပုံကလည်း နောက်ပြီးကျရင် အဲ့ကောင်နဲ့ ငါနဲ့က တစ်ခုခုဖြစ်တော့မှာလိုလို၊ တကယ်ပဲ တွေးမိတိုင်း စိတ်တိုတယ်"

"ငါ . . . Viber ထဲကနေ message ပို့ပြီး ဆဲပေးရမလား နေချို"

"အရေးထဲ"

အေးအေးခိုင်ပြောစကားကြောင့် စိတ်တိုနေသည့်ကြားက ရယ်ချင်မိသေးတော့၏။

မေဇော်က တစ်ချက်စဉ်းစားလိုက်ရင်း . . .

"နင် အဲဒီကိစ္စကို မိုးနောင်နဲ့ မျက်နှာချင်းဆိုင်မေးပြီး ရှင်းလိုက်ပါလား"

ခပ်သွက်သွက် ခေါင်းခါလိုက်ရင်း နေချိုက . . .

"အဲလိုလည်း မဖြစ်သေးဘူးဟ၊ ဒင်းက ငါ့ကို ပရိုပို့စ်လုပ်ထားတာမှမဟုတ်တာ၊ ငါ သွားမေးလိုက်မှ သူ့ပြောဖို့အတွက် လမ်းဖွင့်ပေးသလိုဖြစ်နေဦးမယ်"

"အေးဟ . . . နင်ပြောတာလည်း ဟုတ်တယ် နေချို၊ မိုးနောင်ရဲ့လုပ်ပေါက်က တစ်မျိုးပဲ၊ အဲဒီကိစ္စအတွက် နင် ဘယ်လိုစဉ်းစားထားလဲ"

နေချိုက မျက်ခုံးအတွန့်ချိုးကာ စဉ်းစားလိုက်ရင်း . . .

"အင်း . . . ခုနကအချိန်ထိတော့ ဘာမှစဉ်းစားလို့ မရသေးတာအမှန်ပဲ၊ ဒါပေမဲ့ . . . နင်တို့ ပြောတာတွေကို နားသောင်ရင်း အကြံတစ်ခုရ



ထွက်ခနဲ ဝင်လာတယ်၊ ငါ ဘာဆက်လုပ်ရမယ်ဆိုတာ သိပြီ"

စကားအဆုံးမှာပဲ အေးအေးခိုင်က ဝမ်းသာအယ်လဲပုံစံဖြင့် . . .

"ဟယ် . . . တကယ်၊ နင် ဘယ်လိုစဉ်းစားမိတာလဲ . . . ငါတို့ကိုလည်း ပြောပြဦးလေ"

အမေးကို ချက်ချင်းမဖြေသေးဘဲ နေချိုက အားရပါးရ ပြုံးလိုက်ပြီး . . .

"ငါပြောတာထက် နင်တို့မျက်စိနဲ့ ကိုယ်တိုင်မြင်ရတာက ပိုကောင်းလိမ့်မယ်၊ စောင့်ကြည့်ကြပေါ့ဟာ . . . ဟင်း ဟင်း"

ဒီတစ်ခါလည်း နေချို၏အပြောကို နှစ်ယောက်စလုံး နားမလည်မိပါချေ။ သို့သော် မျက်စိဖြင့် မြင်ရလိမ့်မည်ဟုဆိုသဖြင့် တော်ပါသေးသည်။

စောင့်ကြည့်ဆိုတော့လည်း စောင့်ကာကြည့်ရဦးမည်ပေါ့လေ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

"ထိုင် . . . ကိုကျော်ဇင်မိုး၊ ဒီကင်တင်းကတော့ ကျွန်မတို့ အမြဲလိုလို ထိုင်ဖြစ်တဲ့ ကင်တင်းပဲ"

ပြောပြီး ခုံတစ်ခုံဆွဲယူကာ နေချို ဝင်ထိုင်လိုက်သည်။ ကျော်ဇင်မိုးက ကင်တင်းထဲ တစ်ချက်ဝေ့ကြည့်လိုက်ပြီး . . .

"အင်း . . . ကျွန်တော်လည်း ဒီကင်တင်းမှာ တစ်ခါနှစ်ခါလောက်တော့ ထိုင်ဖူးပါတယ်"

"ကိုကျော်ဇင်မိုးကို ကျွန်မ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးဦးမယ်"

ပြောရင်း နေချိုက ခပ်လှမ်းလှမ်းတွင် ထိုင်နေကြသည့် မေဇော်နှင့်





အေးအေးခိုင်တို့ကို လက်ပြကာ လှမ်းခေါ်လိုက်သည်။ အစကတည်းကမှ လှမ်းကြည့်နေသော အေးအေးခိုင်တို့ကလည်း ချက်ချင်းထလာကြပါသည်။

နှစ်ယောက်စလုံး ဝင်ထိုင်ပြီးချိန်ကျမှ နေချိုက . . .

"ကိုကျော်ဇင်မိုး . . . သူက မေဇော်၊ ဟိုတက်က အေးအေးခိုင်တဲ့၊ ဟဲ့ . . . ဒါက ငါပြောနေတဲ့ ကိုကျော်ဇင်မိုးပဲ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျ၊ နောက်တွေ့ရင်လည်း ခေါ်ပါ"

ကျော်ဇင်မိုးက ဖော်ဖော်ရွေရွေ ပြန်ပြောလာသည်။ နှစ်ယောက်စလုံး ခေါင်းညိတ်လိုက်ကြပြီးမှ အေးအေးခိုင်က အရင် . . .

"ကျွန်မတို့က ရှင့်ကို စိတ်ဆိုးနေတာရှင့်"

"ဗျာ"

"ဟုတ်တယ်လေ၊ ရှင်ရောက်လာတာ နေချိုက ကျွန်မတို့နဲ့ ကျောင်းမှာ အချိန်ပြည့်မရှိတော့ဘူးလေ၊ အဲဒါကြောင့် . . ."

"ဟဲ့ . . . ဘာတွေပြောနေတာလဲ"

နေချိုက ရှက်ဝါးဝါးမျက်နှာပေးနှင့် လှမ်းဟန့်သည်။ ကျော်ဇင်မိုးက သဘောကျသလို တဟီးဟီး ရယ်လိုက်ပြီး . . .

"မအေးအေးခိုင်က နောက်တတ်သားပဲ၊ ကျွန်တော်က ဒီကျောင်းမှာ ဒီနှစ်မှ ပြန်တက်ဖြစ်တော့ သူငယ်ချင်းလည်း မရှိလို့ပါ၊ ပြီးတော့ နေချိုက ခင်ဖို့ကောင်းတယ်လေ"

နေချိုက ပြုံးလိုက်သည်။ ပြီးမှ . . .

"ဒါနဲ့ ကိုကျော်ဇင်မိုးက ကျောင်းခဏ နားလိုက်တာလား"

ကျော်ဇင်မိုးက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါတော့ဗျာ၊ နှစ်နှစ်ခွဲလောက် နိုင်ငံခြား ရောက်နေတော့လေ"

"ဩော် ... အလုပ်သွားလုပ်တာလား"

"အဲ ... ဟိုမှာချည်းပဲ တောက်လျှောက်နေရတဲ့ အလုပ်မျိုးတော့ မဟုတ်ပါဘူး။ သွားလိုက် ပြန်လိုက်ပါပဲ၊ ကျွန်တော်က ဟိုက မိတ်ဆွေတစ်ယောက်နဲ့တွဲပြီး ဒီက အလုပ်သွားလုပ်ချင်တဲ့လူတွေအတွက် အလုပ်ရှာပေးတဲ့ ဝန်ဆောင်မှုပုံစံမျိုး လုပ်တာ"

"ခုကော ... မလုပ်တော့တာလား ကိုကျော်ဇင်မိုး"

ပခုံး အသာတွန့်ရင်း ကျော်ဇင်မိုးက ...

"လုပ်တော့ လုပ်ဖြစ်ပါတယ်၊ ဒီဘက်မှာလည်း ဘွဲ့လေးတစ်ခုလောက်တော့ ယူဦးမှပဲဆိုပြီး ကျောင်းပြန်တက်နေတာ၊ အေးဂျင့်အလုပ်ကလည်း လူလိမ်လူကောက်တွေက များတော့ အရင်လောက် အလုပ်မဖြစ်ပါဘူးဗျာ"

ခေါင်းညိတ်ထောက်ခံလိုက်ရင်း နေချိုက ပြန်ပြောလိုက်သည်။

"ဟုတ်တယ်နော်၊ ကျွန်မကတော့ အဲဒီလို သွားရတာထက်စာရင် DV ပေါက်ပြီး သွားရတာကို ပိုကြိုက်တယ်၊ DV လည်း နှစ်တိုင်းထိုးနေတာပဲ၊ မပေါက်ပါဘူးရှင်၊ အမေရိကန်ရောက်ဖို့ဆိုတာကလည်း မလွယ်ဘူးမလား"

"ဘာပဲဖြစ်ဖြစ်ပေါ့ နေချိုရယ် ... အမေရိကန်ကတော့ နှစ်တိုင်းလူထောင်နဲ့ချီ ခေါ်နေတာပဲ ... ထိုးပေါ့၊ ကျွန်တော်လည်း DV ပုံမှန်ထိုးပြီးပါတယ်"

ထိုစဉ်အချိန်မှာပဲ ကျော်ဇင်မိုး၏ဖုန်းမှ 'ကလုံ' ဟူသောအသံမြည်





အတူ လင်းလာသဖြင့် ...

"ခဏနော် ... Message ဝင်လာလို့"

ကျော်ဇင်မိုးက ဖုန်းကောက်ယူကာ Viber Message ကို ဖွင့်ဖတ်လိုက်သည်။ အေးအေးခိုင်က ကျော်ဇင်မိုးကိုကြည့်ကာ ...

"ကိုကျော်ဇင်မိုးကလည်း Viber သုံးတာလား၊ ကောင်းတယ် ... ကောင်းတယ်၊ ကျွန်မလည်း သုံးတယ်"

"ဗျာ"

ကျော်ဇင်မိုး ကြောင်တောင်တောင်ဖြစ်သွားသဖြင့် အေးအေးခိုင်က ရယ်ကာ ...

"ဩော် ... ဘာရယ်မဟုတ်ပါဘူး၊ ကျွန်မတို့နိုင်ငံက အင်တာနက်နဲ့ Viber က အဆင်ပြေဆုံးလေ၊ သုံးရတာ အဆင်ပြေတယ်လို့ ပြောတာ"

"ဟုတ် ... ဟုတ်တယ်ဗျ"

ထိုအချိန်မှာပဲ နေချိုက ခဏနော်ဟု ပြောကာ ထိုင်နေရာမှ ကောက်ကာငင်ကာ ထသွားလေသည်။ နေချို နောက်ကို လိုက်ကြည့်လိုက်တော့ အံ့သြရပြန်၏။ နေချိုသည် ကင်တင်းထဲတွင်ထိုင်နေသော မိုးနောင်ရှိရာသို့ သွားနေခြင်းကြောင့် ဖြစ်သည်။

ပို၍အံ့သြရသည်မှာ နေချို ထိုဝိုင်းတွင် ခဏစကားရပ်ပြောပြီး ပြန်အလာတွင် မိုးနောင်သည်၊ အတူပါလာခြင်းဖြစ်လေသည်။ နေချို မနေ့က ပြောခဲ့သည့် မျက်စိနဲ့ မြင်မည်ဆိုတာ ... ဒါလား။

ဝိုင်းဆီသို့ ပြန်ရောက်တော့ ...

"မိုးနောင် ... ထိုင်လေ၊ မိတ်ဆက်ပေးရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



နေချိုကပဲ ဦးဆောင်ကာ မိုးနောင်ကို ကျော်ဇင်မိုးနှင့် အရင်ဆုံး မိတ်ဆက်ပေးလိုက်သည်။

"ကိုကျော်ဇင်မိုး ... သူက မိုးနောင်ပေါ့၊ သူငယ်ချင်းလို့ ပြောလည်းရတယ်၊ ကျွန်မအစ်မဝမ်းကွဲနဲ့ သူ့အစ်ကိုဝမ်းကွဲက မကြာခင်မှာပဲ မင်္ဂလာဆောင်တော့မှာလေ"

မိုးနောင်က ဝင်၍ ရယ်ကာပြောလိုက်သည်။

"ဟုတ်တယ်ဗျ၊ ကျွန်တော်နဲ့နေချိုတောင် အဲဒီပွဲကျရင် သတို့သား၊ သတို့သမီးအရန် လုပ်ပေးရဦးမှာဗျ"

ကျော်ဇင်မိုးက ခေါင်းညိတ်ရင်း မိုးနောင်ကို တစ်ချက် စူးစူးစိုက်စိုက်ကြည့်ကာ ...

"ခဏလေးဗျ ... ကိုမိုးနောင်၊ ခင်ဗျားကို ကျွန်တော် တွေ့ဖူးနေတယ်၊ ဘယ်မှာပါလိမ့်"

ပြောရင်းပင် မျက်မှောင်ကြီးကြုတ်ကာ ဖျစ်ညှစ်စဉ်းစားလိုက်ပြီး

"ဟာ ... ဟုတ်ပြီဗျ၊ ခင်ဗျား ညဘက်တွေဆိုရင် 365 မှာ ထိုင်တယ်မလား၊ သမ္မတရုံနားကဆိုင်လေ"

မိုးနောင်က ခေါင်းညိတ်လိုက်ရင်း ...

"ဩော် ... အင်း ... 365 တော့ ရောက်ဖြစ်တယ်၊ ဒါပေမဲ့ ... တစ်ခါတလေမှပါ"

"ကျွန်တော်တော့ ကိုမိုးနောင်ကို အဲ့မှာ တွေ့ဖူးတာ ဖြစ်မယ်၊ အင်း ... နောက်တွေ့ရင်လည်း ခေါ်ပေါ့ဗျာ ... နော့"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"





မိုးနောင်က အလိုက်သင့်ပဲ ပြန်ပြောလိုက်သည်။ ထိုအချိန်မှာပဲ ကျော်ဇင်မိုးက နေချိုကို ကြည့်ကာ ...

"ဩော် နေချို ... ဒါနဲ့လေ မနက်ဖြန်စနေနေ့ အားလားမသိဘူး"

"ရှင် ... ဘာဖြစ်လို့လဲ ကိုကျော်ဇင်မိုး"

ကျော်ဇင်မိုးက အားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ ...

"ဒီလိုပါ နယ်မှာရှိတဲ့ ညီမတစ်ယောက်ကို အဝတ်အစားလေးတချို့ ဝယ်ပေးချင်လို့ပါ၊ ကျွန်တော်က မဝယ်တတ်တော့ နေချို့ကို လိုက်ဝယ်ပေးပါလားလို့ အကူအညီတောင်းမလို့ပါ၊ ကျွန်တော့်မှာက မိန်းကလေးမိတ်ဆွေလည်း မရှိတော့"

"ဩော်"

နေချိုက ရှေ့ရွတ်ကာ တစ်ချက်စဉ်းစားလိုက်ရင်း မိုးနောင်ကို သိမသာကြည့်ကာ ...

"ရပါတယ် ကိုကျော်ဇင်မိုးရဲ့ ... ကျွန်မ မနက်ဖြန် အားမယ်ထင်တယ်"

"အဲဆိုလည်း ... ကျေး ..."

ကျော်ဇင်မိုး၏စကားက မဆုံးလိုက်ချေ။ မိုးနောင်က ဝင်ကာ ဖြတ်ပြောလိုက်သည်။

"နေချို ... ဟိုလေ ... မနက်ဖြန်ကို မင်္ဂလာပွဲအတွက် အင်္ကျီတွေ ကိုယ်တိုင်းယူဖို့ မဝါက ပြောထားတယ်မလား၊ မဝါပြောတော့ နေချို့ကိုပါ ခေါ်ထားတယ်ဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



မိုးနောင်အပြောကြောင့် ကျော်ဇင်မိုးမျက်နှာက မသိမသာပျက်သွားသည်။ နေချို့ကိုလည်း ကြည့်လိုက်ပြီး . . .

"နေချို . . . ကိစ္စရှိရင်လည်း ရတယ်နော်၊ ကျွန်တော့်ကို အားမနာနဲ့"

စကားအဆုံးမှာ နေချို့က အရေးမကြီးဟန်ဖြင့် . . .

"ရပါတယ် ကိုကျော်ဇင်မိုးရယ်၊ အကျီက နောက်နေ့အားတဲ့အချိန်မှ သွားတိုင်းလို့ဖြစ်ပါတယ်၊ မင်္ဂလာပွဲကလည်း လိုသေးတယ်လေ၊ ကိုကျော်ဇင်မိုးကို အကျီလိုက်ရွေးပေးပါ့မယ်၊ မုန့်တော့ ကျွေးမယ်မလား"

"ဟာ . . . ကျွေးမှာပေါ့"

အားရဝမ်းသာသံကြီးနှင့် ကျော်ဇင်မိုးက ပြန်ပြောလာသည်။ နေချို့က မိုးနောင်ကို စွေကြည့်လိုက်ရင်း . . .

"ဒြော် မိုးနောင် . . . မမနဲ့ တွေ့ရင်သာ ပြောလိုက်ပါ၊ ဆိုင်လိပ်စာကို သိတယ်၊ ကျွန်မဘာသာ သွားတိုင်းလိုက်မယ်လို့"

"ဒြော် . . . အင်း . . . အင်း၊ နေချို အဆင်ပြေရင်လည်း ပြီးတာပါပဲ၊ ဒါဆိုလည်း သွားလိုက်ဦးမယ်ဗျ . . . အားလုံးပဲ"

"ကောင်းပါပြီရှင်"

နေချို့က ခပ်ပြုံးပြုံး ပြန်ပြောလိုက်သည်။ မိုးနောင် ထွက်သွားသည်ကို လိုက်ကြည့်နေပြီးမှ နေချို့က ပြန်လှည့်လာရင်း မိုးနောင်ကို ကြည့်တာ ပြောလိုက်ပါသည်။

"အဲဒါပဲ ကိုကျော်ဇင်မိုးရေ . . . မမကလည်း ကျွန်မကို ချော ရှောက်ဖို့ဆိုပြီး မိုးနောင်ကို အပ်ထားသလိုလို ပြောထားတာဆိုတော့လေ"



ကျော်ဇင်မိုးက ဒြော် . . . ဟု အသံပြုပြီး ခေါင်းညိတ်လိုက်သည်။ မဖော်နှင့်အေးအေးခိုင်တို့မှာပဲ နေချို ပြောခဲ့သလို အံ့ဩခြင်းတွေနှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"အင်း . . . နေချို သုံးသွားတဲ့အကွက်က အကွက်ဆန်းပဲကွ"

မြန်မာစည်ဘီယာတစ်ခွက်တိတိ ကုန်ပြီးချိန်တွင် ဆတ်မွှသီဆမ်းကို တူနှင့်ညှပ်ကာ စားလိုက်ရင်း နေမျိုးကျော်က မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

တင်ထူးကလည်း ငါးသံပရာပေါင်း ချဉ်စပ်အရည်ကို ပလွတ်ခနဲ တစ်ဖွန်းသောက်လိုက်ပြီးမှ . . .

"ဟုတ်တယ် မိုးနောင် . . . မင်း မထင်ထားတဲ့ပုံစံနဲ့ ဝင်လာတာပဲ အဲ့က်စွကို မင်း စဉ်းစားသင့်တယ်"

မိုးနောင်က ဘာမှထပ်မပြောသေးဘဲ အမြှုပ်သေသွားပြီဖြစ်သော





ဘီယာခွက်ကိုစိုက်ကာ ကြည့်နေသေးသည်။ ခဏကြာမှ သက်ပြင်းဖွဖွချ လိုက်ရင်း . . .

"ဟုတ်တယ်ကွ . . . နေချို ငါ့ဆီကို ရုတ်တရက် ရောက်လာပြီး စကားလာပြောတော့ အံ့သြနေတာ၊ သူ့ပုံစံက ငါ့အပေါ်မှာ ဘာအာဃာတမှ မရှိတော့သလိုပဲ၊ ပြောတဲ့စကားကလည်း မဝါတို့အိမ်ကိုရောက်သေးလားဆို တဲ့ အာလာပ သလ္လာပ စကားတွေကွ၊ ပြီးတော့ သူတို့နဲ့အတူ လာထိုင်ဖို့ ခေါ်တော့တာပဲ"

"အဲဒါပဲလေ . . . အဲဒီလို ဖိတ်ခေါ်တာကိုက နေချို့မှာ ရည်ရွယ် ချက်ရှိပုံရတယ်၊ ဥပမာပြောရရင်ကွာ . . . မင်းနဲ့ကျော်ဇင်မိုးကို တွေ့ပေးတဲ့ သဘောပဲ"

"ဟာကွာ . . . မင်းစကားကြီးကလည်း"

မြီးညှောင်းရိုးတစ်ဝိုက် ယားကျိကျိဖြစ်သွားရရင်း မိုးနောင်က ပြန် ပြောလိုက်သည်။

တင်ထူးက . . .

"သန်ရာသန်ရာမတွေးနဲ့လေကွာ၊ ငါဆိုလိုတာက မင်းကော ကျော် ဇင်မိုးကော သူ့ကို စိတ်ဝင်စားနေကြတယ်ကွာ၊ အဲဒီတော့ မင်းတို့နှစ်ယောက် ကို ထိပ်တိုက်တွေ့ပေးတဲ့သဘောမျိုးပေါ့၊ သူ့မှာ အဲလိုလုပ်ရတဲ့ ရည်ရွယ် ချက် တိတိကျကျ ရှိလိမ့်မယ်"

တင်ထူးစကားအဆုံးမှာ နေမျိုးကျော်က ဝင်၍ . . .

"ဟုတ်တယ် မိုးနောင် . . . မင်းနဲ့ကျော်ဇင်မိုးကို တာလွှတ်ပြီးပြိုင်ခိုင်း ရာမှတ်လိုက်တာမျိုးလည်း ဖြစ်နိုင်တယ်၊ မင်းတို့ပြိုင်ကြတော့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်ကာ နားထောင်နေပြီးမှ မိုးနောင်က ဘီယာခွက်ကို အသာမ,ကာ တစ်ငုံငုံလိုက်သည်။ ရှုတတအရသာကို ဆယ်စက္ကန့်လောက် ခံစားလိုက်ပြီးမှ ကြက်အရေခွံကြော်တစ်ဖက်ကို တူနှင့်ညှပ်ကာ ဘိတ် (မြိတ်) ချဉ်ပန်း‌ေ‌ ၊နဲ့လေးထဲနှစ်ကာ တို့လိုက်ပြီး ...

"မင်းပြောတာဖြစ်နိုင်တယ် နေမျိုးကျော်၊ ခုနက တင်ထူးတွေးတာလည်း ကောင်းတယ်၊ ဒါကတော့ ကစားပွဲတစ်ပွဲကို ဘေးကကြည့်ရတဲ့လူတွေရဲ့အမြင်ပေါ့ကွာ၊ ဒါပေမဲ့ ... ဒီထက်ပိုတဲ့ ရည်ရွယ်ချက်တစ်ခုခု နေမျိုးမှာ ရှိဦးမယ်ထင်တယ်"

"အဲဒါတော့ ကာယကံရှင်နဲ့ ဘုရားပဲ သိမှာပဲ မိုးနောင်"

ပြောပြီး တင်ထူးက ဘီယာသုံးခွက်နှင့် ကြက်ဥမွှေကြော်တစ်ပွဲဟု လှမ်းအော်ကာ မှာလိုက်သေးသည်။

နေမျိုးကျော်က သူ့ခွက်ထဲမှ လက်ကျန်ဘီယာကို မော့ချလိုက်ရင်း သီဟိုဠ်စေ့ကြော်တစ်စေ့ ကောက်ဝါးလိုက်ကာ ...

"ဘာပဲပြောပြော အနေအထားက ရှေ့ငါးတော့ မဟုတ်ဘူး မိုးနောင်၊ သိပ်မလှဘူး၊ ဒီတော့ ... မင်း ဘာဆက်လုပ်မလဲ"

မိုးနောင်က ဆယ်ခါထက်မနည်း ခေါင်းတဆတ်ဆတ်ညိတ်နေပြီးမှ ...

"ဒါဟာ ... နေချိဆင်တဲ့အကွက်ကိုဆိုရင်လည်း ငါ့ဘက်က သိသိနဲ့ ရှေ့ဆက်တိုးမှာပါကွ၊ နေချိဖြစ်စေချင်တာကို လုပ်ပေးရင်းနဲ့ ငါ ဖြစ်ချင်တာကိုလည်း ရအောင်လုပ်ရမယ်၊ လောလောဆယ် ငါစဉ်းစားနေတာတစ်ခုပဲရှိတယ်"





"ပြောပါဦး ... မင်း စဉ်းစားမိတာကို"

ပြောရင်း တင်ထူးက စားပွဲထိုးလာချပေးသော ဘီယာခွက်သစ်ကို သောက်ရန် အသာ'မ'ယူလိုက်သည်။

မိုးနောင်က ...

"အမိကမ္ဘိုဇ်က တစ်ခုပဲလေကွာ၊ ငါနဲ့ ကျော်ဇင်မိုးတို့နှစ်ယောက်ထဲမှာ နေချိရဲ့ပစ်မှတ်က ဘယ်သူလဲ၊ အဲဒါကို စဉ်းစားမရသေးတာ"

"အဲ"

သောက်ရန်ရည်ရွယ်ထားသော ဘီယာခွက်က နှုတ်ခမ်းဆီမရောက်ဘဲ စားပွဲပေါ်သို့ ပြန်ရောက်သွားပြီး တင်ထူးတစ်ယောက် နဖူးကြောကြီးများ တင်းလာသည်အထိ အကြီးကြီးစဉ်းစားသွားလေသည်။

ထိုသို့ဖြင့် ...။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

ကျော်ဇင်မိုး လိုအပ်သောအဝတ်အစားအချို့ကို ရှေ့ပင်းမောလ်တစ်ခုမှာ လိုက်ဝယ်ပေးဖြစ်သည်။

ပြီး ကျော်ဇင်မိုး၏ဖိတ်ခေါ်မှုကြောင့် စားသောက်ဆိုင်တစ်ဆိုင်တွင် ထိုင်ဖြစ်ကြ၏။

နေချို စားချင်သော အစားအသောက်တွေကို ဦးစားပေးမှာပေးရင်း ကျော်ဇင်မိုးက ...

"နေချို့ကို အကျီတစ်ထည်လောက်ဖြစ်ဖြစ် လက်ဆောင်ဝယ်ပေးမလို့ ရည်ရွယ်ထားတာ၊ နေချိုက အသဲအသန်ငြင်းတော့ ကျွန်တော့်ရည်ရွယ်ချက်က အထမမြောက်ဘူးဖြစ်သွားတယ်"





ထိုစကားကြောင့် နေချိုက မပွင့်တပွင့် ပြုံးလိုက်ပြီး ...

"ဘယ်လိုမှမထင်ပါနဲ့ ကိုကျော်ဇင်မိုး၊ ကျွန်မ အဲလိုလက်ဆောင်ပေးတာမျိုး လက်မခံတတ်လို့ပါ၊ ခုလည်း ကိုကျော်ဇင်မိုးပဲ ထမင်းလိုက်ကျွေးတာပဲဟာကို၊ ဒီလောက်ဆို လုံလောက်ပါတယ်"

"ထားပါတော့ဗျာ၊ ခုလို ... နေချို လိုက်ဝယ်ပေးတာကိုပဲ ကျေးဇူးတင်လို့မဆုံးပါဘူး၊ ပြန်စဉ်းစားကြည့်တော့ နေချို့ရဲ့အားလပ်ချိန်တချို့ကို ဖဲ့ယူမိလို့ အားနာနေတာ"

နေချိုက ပြုံးရင်း ခေါင်းခပ်ဖြည်းဖြည်း ခါလိုက်သည်။

"မဟုတ်တာဘဲရှင် ... အားနာရမယ့်လူတွေမှမဟုတ်တာ၊ ကိုကျော်ဇင်မိုးအနေနဲ့ မကျွမ်းကျင်လို့၊ လိုအပ်နေလို့ ကူညီတာပဲလေ"

စကားအဆုံးမှာ ကျော်ဇင်မိုးက အားတုံ့အားနာပုံစံနှင့် ...

"ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ... ဒီနေ့ နေချို့မှာက တခြားကိစ္စ ရှိနေတယ်လေ၊ မနေ့က ကိုမိုးနောင်ပြောတဲ့ အကျီတိုင်းဖို့ဆိုလား"

ခပ်လွှင်လွှင်လေး ရယ်လိုက်ရင်း နေချိုက ...

"သြော် ... အဲဒါကလည်း အရေးကြီးတယ်ဆိုပေမယ့် အချိန်ရပါသေးတယ်၊ ပြီးတော့ ... သိတဲ့အတိုင်းပဲ မိုးနောင်က ကျွန်မနဲ့ပတ်သက်လာရင် ပိုကိုပိုတာ ... အဟင်း"

ထိုစကားကြောင့် ကျော်ဇင်မိုး၏မျက်နှာက တည်သွားသည်။ မျက်နှာပေါ်မှာ အရေးကြီးသောအရိပ်တို့ ယှက်သိုင်းလာပြီး ...

"နေချို ... ကျွန်တော့်စကား မှားသွားရင် ခေတရီးလို့ကြိုပြောပါ



www.burmeseclassic.com

www.burmeseclassic.com



ရစေ၊ ဟိုလေ . . . ကိုမိုးနှောင်အနေနဲ့က နေချို့နဲ့ အသိုင်းအဝိုင်းချင်းလည်း နီးစပ်တယ်၊ ပြီးတော့ သူ့ကိုကြည့်ရတာ နေချို့အပေါ်ကို ဟို . . .''

စကားကမဆုံးဘဲ ရပ်သွားသည်။

နေချို့က ရယ်လိုက်ရင်း . . .

''မိုးနှောင်ပုံစံကတော့ အဲလိုပါပဲ၊ ပြီးတော့ . . . ကျွန်မအစ်မဆီမှာလည်း ကျွန်မကို နောက်သလိုပုံစံနဲ့ တောင်းနေတာ၊ အခုထိတော့ ကျွန်မကိုသူ ပရိုပို့စ်မလုပ်သေးပါဘူး''

''တော်သေးတာပေါ့ဗျာ''

''ရှင်''

ကျော်ဇင်မိုးစကားကြောင့် နေချို့က လန့်သလိုဟန်လေးနှင့် အာမေဋိတ် 'တ' လိုက်သည်။

ကျော်ဇင်မိုးက အိုးတိုးအမ်းတမ်းပုံစံနှင့် . . .

''ဟိုလေ . . . ကျွန်တော်ပြောတာက ဟိုဟာဗျာ . . . အဲ''

''ကဲ . . . ထားလိုက်ပါတော့ရှင်''

နေချို့စကားအဆုံးမှာ နှစ်ယောက်စလုံး ရယ်ဖြစ်ကြသည်။

ထိုအချိန်မှာပဲ . . .

မှာထားသော စားသောက်စရာတွေ ရောက်လာသဖြင့် စကားပြတ်သွားကြသည်။

စားသောက်နေရင်း ကျော်ဇင်မိုးက တစ်ခုခုပြောရန် စဉ်းစားနေသည်လား မသိ။

စားသောက်နေတာကို ရပ်လိုက်၊ သက်ပြင်းချလိုက်၊ ပြီး ပြန်စဉ်းစား





လိုက် လုပ်နေသည်။

စားသောက်၍ ပြီးစီးတော့ နေချို့က . . .

''ကဲ . . . ဝယ်တာခြမ်းတာရော, စားတာသောက်တာရော ပြီးပြီဆိုတော့ ပြန်ကြရအောင် ကိုကျော်ဇင်မိုး''

ကျော်ဇင်မိုးက မပြန်ချင်သေးသောပုံစံဖြင့် တုံ့ဆိုင်းဆိုင်းမျက်နှာလေးကို လုပ်လိုက်ရင်း . . .

''အင်း . . . နေချို့ ပြန်ချင်ပြီဆိုတော့လည်း ပြန်ကြတာပေါ့၊ ဟိုလေ . . . နေချို့ နောက်ဆို သွားစရာရှိတယ်ဆိုလည်း ပြောပါနော်၊ ကျွန်တော်လိုက်ပို့ပေးပါရစေ . . . ဘယ်အချိန်မဆိုပါ''

နေချို့က ရယ်ကျဲကျဲလုပ်ကာ . . .

''နိုင်ငံခြားဆိုရင်ကော လိုက်ပို့မှာလား''

တစ်ချက် ကြောင်အမ်းသွားပြီးမှ ကျော်ဇင်မိုးက မျက်နှာကို လေးနက်လိုက်ပြီး . . .

''နေချို့ တကယ်သွားချင်တယ်ဆိုရင် လိုက်ပို့ပြီးသားပါဗျာ . . . တကယ်''

''စတာပါ . . . ကိုကျော်ဇင်မိုးရဲ့၊ အဲ . . . အတည်ဆိုရင်တော့ အတည်ပြောမှာပေါ့ . . . နော့''

''ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ဘက်က အဆင်သင့်ပါပဲဗျာ၊ ကဲ . . . သွားကြရအောင်''

ပိုက်ဆံအိတ်နှင့်ဖုန်းကို ယူရင်း ကျော်ဇင်မိုးက အရင်ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇင်မိုးကို မသိမသာကြည့်ကာ နေချို့မျက်နှာပေါ်တွင် ဖြစ်ထွန်းသွားသည်က ကျေနပ်သောအပြုံးတစ်ပွင့်။

■

## (၂၀)

ကင်တင်းထဲ ဂျစ်ယောက်တည်း ထိုင်နေချိန်တွင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာသော မိုးနောင်ကိုကြည့်ကာ နေချို့ သိပ်တော့ မအံ့ဩပါချေ။ မိုးနောင်သည် သူမ,အနားတွင် အရိပ်လို (ကျောင်းချိန်အတွင်း) ရှိနေတတ်သည်ပဲ မဟုတ်လား။

ထို့ကြောင့် ဩော် . . . မိုးနောင်ပါလားဟု လေသံအေးအေးနှင့် စကားစဆိုလိုက်သည်။

မိုးနောင်က . . .

"နေချို့ တစ်ယောက်တည်းလား၊ သူငယ်ချင်းတွေ မမြင်ပါလား"

"အတန်းသွားတက်ကြပြီလေ၊ ဒါနဲ့ . . . မိုးနောင်ကရော အတန်း



www.burmeseclassic.com

www.burmeseclassic.com



မတက်ဘူးလား''

ရယ်ကျဲကျဲလုပ်ရင်း မိုးနောင်က . . .

''တက်မလို့ပဲ . . . အမှန်အတိုင်းပြောရရင် ဒီမှာ နေချိုရှိမလားလို့ လာကြည့်တာ''

''အင် . . . ဟင်''

ထိုသို့ အသံပြုလိုက်ပြီးမှ''

''ကျွန်မလည်း အတန်းသွားတက်တော့မလို့ပဲ၊ ခုနကပဲ ကိုကျော်ဇင်မိုးဆီက ဖုန်းဝင်လာတယ်လေ၊ အရေးတကြီး တိုင်ပင်စရာရှိလို့ ခဏစောင့်နေပေးပါဆိုလို့''

''ဪ''

ရွှေရွှတ်ရင်းက မိုးနောင်မျက်နှာက တည်သွားသည်။ တစ်ဆက်တည်းပဲ နေချိုကိုကြည့်၍ . . .

''အဲဆိုလည်း ကျွန်တော်ရှိနေလို့ မသင့်တော်ဘူးထင်တယ်''

ထိုစကားကြောင့် နေချိုက မျက်ခုံးပင့်လိုက်ပြီး . . .

''မဟုတ်တာပဲ . . . ကျွန်မ စိတ်ထင်တော့ ကိုကျော်ဇင်မိုးက နှစ်ယောက်တည်း ပြောရမယ့်စကားမျိုး ဒီနေရာမျိုးမှာ မတိုင်ပင်ဘူးထင်တာပဲ မိုးနောင် ခုလိုရောက်လာလို့လည်း ကျွန်မ စိတ်အနှောင့်အယှက် မဖြစ်ပါဘူး စကားပြောဖော်တောင် ရသေးတယ်''

မိုးနောင်မျက်နှာက ခပ်တွေတွေလေး ဖြစ်သွားသည်။ နေချိုကလည်း စူးစူးစိုက်စိုက်ကြည့်လာရင်း . . .

''ကျွန်တော် နေချိုကို တစ်ခုလောက်တော့ မေးချင်တယ်၊ ဘယ်လိုမှတော့ မထင်ပါနဲ့၊ ဟိုလေ . . . နေချို ကျွန်တော့်အပေါ် အမြင်မကြည်သလို ဖြစ်နေတာ သိတယ်၊ ဒါပေမဲ့ . . . နေချို ဘက်က ချက်ချင်းလိုလို သဘောထားပြောင်းသွားတော့ အရမ်းအံ့ဩနေမိတာ . . . အဲဒါ . . .''

စကားမဆုံးခင်မှာပဲ နေချိုက ရယ်လျက် . . .

''ဪ . . . အဲဒါလား . . . သိပ်တော့လည်း မအံ့ဩပါနဲ့ရှင်၊ ပြန်စဉ်းစားကြည့်ရင် ရှင်နဲ့ကျွန်မက တစ်ယောက်နဲ့တစ်ယောက် မုန်းရလောက်အောင် ရန်ငြိုးကြီးကြီးမားမား ရှိတာမှမဟုတ်ပဲ၊ အထင်လွဲကြတာမျိုးပဲလေ၊ ပြီးတော့ . . . ရှင့်အစ်ကိုနဲ့မမနဲ့ကလည်း ပတ်သက်နေပြီ ဒီတော့ . . . နောက်လည်း ပတ်သက်နေရမယ့်အတူ ကျွန်မစိတ်ကို လျှော့လိုက်တာပါ၊ မမကလည်း ပြောတယ်လေ၊ နောက်ပြီး ရှင့်ကို ရန်လိုနေလို့လည်း ဘာမှထူးမှာမှ မဟုတ်တာ၊ ကျွန်မ,ပြောတာ ရှင်းပြီလား မိုးနောင်''

မိုးနောင်က ခပ်ဖွဖွခေါင်းကုတ်လျက် . . .

''အင်း . . . နေချိုပြောတာလည်း ဟုတ်တာပဲ၊ ကျွန်တော့်ဘက်ကတော့ အစကတည်းက နေချိုနဲ့ ပြေလည်ချင်တာပါ၊ ဟိုးအရင် ထမင်းကြော်ငြားတဲ့နေ့ကပဲဆိုပါတော့၊ နောက်ပြီး မဝါနဲ့ပတ်သက်နေတာ သိရတော့လည်း ပြီး ရင်းနှီးချင်မိတယ်၊ အဲဒါ ကျွန်တော့်စိတ်ရင်းပါ၊ ကျွန်တော့်ဘက်က အမှားလုပ်ခဲ့မိသလိုမျိုးဖြစ်ခဲ့ရင် တောင်းပန်ပါတယ် နေချို''

''အာ . . . ရပါတယ်''

ထိုအခါမှ မိုးနောင်က လင်းလင်းဝင်းဝင်း ပြုံးလိုက်ပြီး . . .

''ခုမှပဲ ရင်ထဲမှာ ရှင်းသွားတယ် နေချိုရာ၊ အဲ . . . လုံးဝကျေသွားတာမျိုးတော့ မဟုတ်ဘူးဗျ''







www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

နေချို့ မျက်လုံးလေး ဝိုင်းသွားသည်။ မိုးနောင်က မျက်နှာကို တည်လိုက်ရင်း ...

"ရှင်းသွားတယ်ဆိုတာက နေချိုနဲ့ကျွန်တော့်ကြားက အရင်ဖြစ်ခဲ့တဲ့ကိစ္စတွေကိုပါ၊ ခုနကပြောတဲ့ လုံးဝပျော့သွားတာမျိုး မဟုတ်ဘူးဆိုတာက ... ဟိုတစ်ယောက်နဲ့ ..."

"ဩော် ... ကိုမိုးနောင်လည်း ရောက်နေတာလား၊ ဆောရီး နေချိုရာ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်၊ အလုပ်ကိစ္စလေး ပေါ်လာတာနဲ့"

အချိန်ကိုက်ဆိုသလို ကျော်ဇင်မိုးရောက်ချလာသဖြင့် မိုးနောင် စကားက ပြတ်သွားရသည်။ ကရားရေလွှတ်သလို တတွတ်တွတ်ပြောလိုက်သော ကျော်ဇင်မိုးစကားအဆုံးမှာ နေချိုက ...

"ကိစ္စမရှိပါဘူး ကိုကျော်ဇင်မိုးရဲ့၊ ဒီမှာ မိုးနောင်ရောက်လာလို့ စကားထိုင်ပြောနေတာ၊ စကားကောင်းနေတာနဲ့ ကိုကျော်ဇင်မိုးနဲ့ ချိန်းထားတာတောင် မေ့နေတယ်"

"ဗျာ"

ရှေ့ရွှတ်ရင်းက ကျော်ဇင်မိုးမျက်နှာ တစ်မျိုးဖြစ်သွားသဖြင့် နေချိုက

"တစ်မျိုးမထင်နဲ့နော် ကိုကျော်ဇင်မိုး၊ ကျွန်မက ပွင့်ပွင့်လင်းလင်း ပြောတတ်လို့ပါ"

"ဟာ ... ရပါတယ်ဗျ ... စိတ်ထဲမထားပါဘူး"

ပြောရင်း ကျော်ဇင်မိုးက ခုံတစ်လုံး ဆွဲယူကာ ဝင်ထိုင်လိုက်သည်။





နေချိုက ...

"ဩော် ... ဒါနဲ့ ကိုကျော်ဇင်မိုး တိုင်ပင်စရာရှိတယ်ဆိုတဲ့ ကိစ္စက"

"ဟိုလေ ... နေချို ... အဲဒါက ..."

ကျော်ဇင်မိုးက မပြောသေးဘဲ မိုးနောင်ကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်လိုက်သည်။ မိုးနောင်က အကြည့်၏အရောင်ကို ချက်ချင်းရိပ်စားမိလိုက်သဖြင့် ခပ်တည်တည်ပဲ ...

"ကိုကျော်ဇင်မိုးက နေချိုကို ပြောမယ့်ကိစ္စ ကျွန်တော့်ကို သိစေချင်ပုံမရဘူးထင်တယ်၊ ကဲ ... အလိုက်တသိ သွားလိုက်ပါဦးမယ်ဗျာ"

ကျော်ဇင်မိုးမျက်နှာ မည်းခနဲဖြစ်သွားသည်ကို မသိချင်ယောင်ဆောင်ပြီး မိုးနောင် ထရပ်လိုက်သည်။ ပြီး နေချိုကိုကြည့်၍ ...

"ဩော် ... နေချို ... ဒီတစ်ပတ် စနေနေ့တော့ အကိုတွေ ချုပ်ထားတာရပြီတဲ့ဗျ၊ အဲဒါ ဝတ်ကြည့်ဖို့ မဝါ ခေါ်ထားတယ် ... လာမယ် မဟုတ်လား"

နေချိုက သတိရသွားသည့်ပုံစံဖြင့် ...

"ဟုတ်သားပဲ ... လာမယ်လေ"

"ဒါဆိုလည်း စနေနေ့ကျ ဆုံမယ်နော် ... နေချို"

"အင်း ... အင်း ... မိုးနောင်"

စိုစိုပြေပြေလေး ပြုံးကာ မိုးနောင် လှည့်ထွက်လာခဲ့သည်။ နေချိုက

"ကဲ ... ကိုကျော်ဇင်မိုး ... ပြောလို့ရပါပြီ ရှင့်ကိစ္စကို"

ကျော်ဇင်မိုးက မိုးနောင်ကို လှမ်းကြည့်နေရင်းက သူ့ကိစ္စထက် အရေးကြီးသလို အရင်မှတ်ချက်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူက ပွင့်လင်းတာပဲလား။ ဒါမှမဟုတ်ရင်လည်း . . . ကျွန်တော့်ကို ရှဲသွားတာဖြစ်မယ်"

နေချို ဘာမှပြန်မပြောဘဲ စိတ်ထဲကသာ ကျိတ်၍ပြုံးလိုက်မိလေသည်။

■

## (၂၁)

ကျောင်းစာသင်ခန်းထဲရောက်တော့ နေချိုနှင့်တွေ့ခဲ့သည့်အကြောင်းကို ဟိုနှစ်ကောင်အား ပြောပြလိုက်သည်။ ကျော်ဇင်မိုးနှင့်ပါ ဆုံခဲ့၊ ပြောခဲ့သည်ပေါ့။

နှစ်ကောင်စလုံး အားစိုက်ကာ နားထောင်နေပြီးမှ တင်ထူးကအရင် . . .

"ဒီအတိုင်းဆိုရင် နေချိုနဲ့ပတ်သက်ပြီး အနေအထားက မဆိုးဘူးပဲကွ၊ ဟိုကောင်လည်း မင်းကို နည်းနည်းဖူသွားလောက်တယ်"

စကားအဆုံးမှာ နေမျိုးကျော်ကလည်း . . .

"ဟုတ်တယ်ကွ၊ ဒီအချိန်လောက်ဆိုရင် . . . အဲဒီကောင် မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး တွေးနေလောက်ပြီ၊ ဒါနဲ့ အဲဒီကောင် နေချိုကို ဘာပြောမလို့လဲ မသိဘူးနော်၊ ပရိုပိုစ်လုပ်မလားမသိဘူး''

မိုးနောင်က ပခုံးတွန့်ပြလိုက်ပြီး ...

''မပြောတတ်ဘူးကွ ... ငါ့ကို မရိုးစေချင်ပုံထောက်ရင် ပရိုပို့စ်လုပ်မှာလည်း ဖြစ်နိုင်တာပဲ''

''သူ့ဘက်က ဒီနေ့ နေချိုကို ပရိုပိုစ်လုပ်လိုက်ပြီပဲထားတော့ မင်း ... ဘာမှမဖြစ်ဘူးလား''

တင်ထူးအမေးကို မိုးနောင်က ခေါင်းခါလိုက်ရင်း ...

''မဖြစ်ပါဘူး၊ အဲဒါက ... နေချို စဉ်းစားရမယ့်ကိစ္စလေ၊ ငါ့စိတ် ထင်ပြောရရင် တကယ်လို့များ ကျော်ဇင်မိုးက နေချိုကို ဒီနေ့ ပရိုပိုစ်လုပ် ရင် အဲဒီကိစ္စကို နေချို ငါ့ကို ပြောပြမှာပဲ''

''သေချာလှချည်လား ... ကွ''

နေမျိုးကျော်က မယုံသင်္ကာဟန်ဖြင့် ပြောလာသည်။ မိုးနောင် တဟဲဟဲရယ်လိုက်ပြီး ...

''အဲဒီလောက်ကတော့ သိပ်စဉ်းစားစရာမလိုပါဘူးကွာ၊ နေချို ကစားကွက်တချို့ကို ငါ ရိပ်မိနေပါပြီ၊ အဓိက ကီး (Key) ကိုပဲ ဖမ်းလို့ သေးတာ''

''ဒါနဲ့ ... မင်းရဲ့ပြိုင်ဘက်ဖြစ်နေတဲ့ ကျော်ဇင်မိုးကို ရှင်းထုတ် ကော မစဉ်းစားထားဘူးလား''

မိုးနောင်က ...

''နေပါစေကွာ ... သူ့အခွင့်အရေးကို သူယူသင့်သလောက်



စေဦး၊ တော်ကြာ ... ကိုယ်ရှင်းလိုက်မှ သူ နေချို့အနားကို ပိုရောက်သွားဦး မယ်''

''ဘယ်လို ... ဘယ်လို''

တင်ထူးက မေးလာပြန်သဖြင့် ...

''ဒီလိုကွာ ... မင်းစဉ်းစားလို့ရအောင် ဥပမာပေးပြီးပြောရရင် အမှိုက်ရှင်းသလိုမျိုးပေါ့၊ ကိုယ့်ဘက်က အမှိုက်ရှင်းတယ်ဆိုတာ သူ့ဘက်ကို သွားပုံထားတာမျိုး မဖြစ်သင့်ဘူးလေ ... အဲဒီသဘောမျိုးပဲ''

''ပြောတာလေး ကောင်းတယ်''

မှတ်ချက်ချလာသော တင်ထူးအပြောကြောင့် မိုးနောင်နင်ရသေး တော့၏။

ထိုအချိန်မှာပဲ အတန်းဖော်ကျောင်းသားတစ်ယောက်က အခန်းထဲ ဝင်လာပြီး ဟိုဒီ ဝေ့ကြည့်လိုက်သည်

ပြီး ... မိုးနောင်ရှိရာသို့ တည့်တည့် မတ်မတ် လျှောက်လာရင်း ...

''မိုးနောင် ... မင်းကို ပါမောက္ခခေါ်ခိုင်းလိုက်တယ်၊ သူ့ရုံးခန်းကို ခဏလာခဲ့ပါတဲ့''

''ဩော် ... အေး ... အေး''

ပြောရင်း မိုးနောင်က အရေးကြီးဟန်ဖြင့် ထရပ်လိုက်သည်။ တင် ထူးနှင့်နေမျိုးကျော်က မျက်လုံးပြူးကာ လှမ်းကြည့်လျက် ...

''ဟေ့ကောင် ... မင်း ဘာတွေလုပ်ထားလို့ ပါမောက္ခက ခေါ် နေတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဟုတ်ပါဘူးကွ ...ဒါက လူကြီးတွေကိစ္စပါ၊ မင်းတို့သိလည်း ဘာမှမထူးပါဘူး။ ကဲ ...လစ်ပြီ၊ နေ့လယ် ကင်တင်းမှာတွေ့မယ်"

"ဟာ"

■

## (၂၂)

"ဪ ...ကျွန်မကတော့ ရန်ကုန်မြို့၊ ဒေါ်ကျင် ...ဒေါ်ကျင်နဲ့ အပျိုကြီးပေါ့ရှင်၊ ကလေးကို ငါးဆယ်ကျော်နေပြီ၊ မွေးစားထားတဲ့ ကလေးတွေပါ၊ ကျွန်မ လင်သားမရှိပါဘူး၊ ကျွန်မ မြို့အုပ်တွေ၊ ဝန်ထောက်တွေ၊ အရေးပိုင်တွေ လာလာပြီးတော့လေ ...မော်တော်ကားနဲ့ လည်ကြတယ်ရှင်၊ ကျွန်မ ပြတင်းပေါက်က မြူပြီးတော့ မျက်မွေးထော်မော်လို့ ကျွန်မ မကြည့်ပါဘူး။ ဘုရားခြေနဲ့နေတာ၊ ခု ...ဂျမ်းစိန်ဆိုတဲ့ သမီးလေးတစ်ယောက်ရထားတာ ဘယ်သူ့ အမေ ဒေါ်ရမှန်းမသိဘူး။ အဲဒီလောက် ကျွန်မ သိက္ခာရှိတယ်၊ ကျွန်မလုပ်ကိုင်စားတာကတော့ လူတွေကို ကျွန်မ ချိုင်စားတာပဲရှင့်၊


www.burmeseclassic.com

www.burmeseclassic.com



ပွဲစားတွေ၊ မြို့အုပ်တွေ လာသမျှ အကုန် သူဌေးတွေဟာ ချိုင်တာပဲ၊ ယနေ့လည်းပဲ ရေနံချောင်းက ဖေက်ကောင်းဆိုတာ သံကြိုးရောက်လာပြန်တယ်၊ အဲဒီတော့ သမီးလေးကို ခေါ်ဦးမှ . . .''

ထိုအချိန်မှာပဲ ဆောင်းဘောက်စ်က ထွက်ပေါ်လာသောအသံနှင့် တစ်ထပ်တည်း အိမ်ရှေ့အပေါက်ဝဆီမှ . . .

''ဟော့ . . . ဂျမ်းစိန်''

ကိုယ့်နာမည်ခေါ်တာမဟုတ်၍ နှုတ်က ရှင်ဟု မထူးဖြစ်သော်လည်း နေချို ရုတ်တရက် လန့်သွားသည်။ အိမ်ရှေ့အခန်းဝဆီသို့ ကြည့်လိုက်တော့ ရယ်ကျဲကျဲလုပ်နေသည့် မိုးနောင်ကို တွေ့လိုက်ရ၏။

''ရှင်ကလည်း လန့်သွားတာပဲ''

နေချိုက မျက်စောင်းထိုးကာ ပြောလိုက်သည်။ မိုးနောင်က အရယ်မျက်နှာကို မတည်သေးဘဲ . . .

''နေချိုရယ် . . . ဟာသပြက်လုံးနားထောင်နေပြီး လန့်ရတယ်လို့''

နေချို ဟီးခနဲရယ်သည်။ ပြီး . . . လက်ထဲက ရီမုဒ်ဖြင့် အောက်စက်လှမ်းပိတ်လိုက်ပြီး . . .

''ခေတ်ဟောင်းဟာသဆိုတဲ့ အခွေတွေ့လို့ ဖွင့်နားထောင်နေတာ ရယ်ရတယ်နော်''

မိုးနောင်က မျက်ခုံးပင့်လိုက်ရင်း . . .

''ရယ်ရမှာပေါ့ဗျ၊ ဓာတ်ဆီ၊ ဓာတ်ဆံဆိုတာဆို ဟိုးအရင်ခေတ်ဟောင်း လူရွှင်တော်ကြီးတွေလေ၊ မြန်မာ့အသံမှာ ကွက်စိပ်အကြောင်းဟောပြောထုတ်လွှင့်ခဲ့တဲ့ လူတော်ကြီးတွေပေါ့''





''အင်း . . . ခုလို သူတို့အသံတွေ နားထောင်ခွင့်ရတာ . . . ထိန်းသိမ်းပေးထားတဲ့ လူတွေကို ကျေးဇူးတင်ရမှာပဲ''

ခေါင်းညိတ်ရင်း မိုးနောင်က . . .

''ဒါပေါ့ဗျာ . . . အဲဒီအခွေဆိုရင် ကျွန်တော် On Line ကနေ ဒေါင်းလုတ်ချပြီး အခွေပြန်ခုတ်ထားတာ၊ ကိုတိုး နားထောင်ချင်တယ်ဆိုလို့ ကူးပေးလိုက်တာလေ''

''ဩော် . . . ဟုတ်လား''

အင်း . . . ဟုတ်တယ်ဟု ပြန်မပြောဘဲ မိုးနောင်က ခေါင်းပဲ ညိတ်ပြလိုက်သည်။

တစ်ဆက်တည်းပဲ အိမ်ထဲကို ဝေ့ကြည့်လိုက်ပြီး . . .

''ဒါနဲ့ . . . မဝါတို့ ကိုတိုးတို့ကော နေချို''

''ရှင့်အစ်ကိုတော့ မတွေ့မိဘူး၊ အပြင်သွားတယ်ဆိုလားပဲ၊ မမတော့ရှိတယ် . . . အထဲမှာ ထွက်လာလိမ့်မယ်''

အထဲ ဘာသွားလုပ်နေတာလဲဟု မိုးနောင် ထပ်မေးမနေတော့။ သူ့အိမ်ထဲမှာဆိုတော့ သူ့ဟာသူ လုပ်ချင်တာလုပ်နေပေလိမ့်မည်။ ထို့ကြောင့် နေချိုနှင့်ဖားလွယ်ခုတ်လောက်အနေအထားမှာ ဝင်ထိုင်လိုက်၏။ နေချို မျက်စောင်းထိုးမည်ဆိုလျှင်လည်း အဆင်ပြေအောင် ထိုနေရာမျိုးကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

နေချိုက . . .

''ကျွန်မတော့ အကျီဝတ်ကြည့်ပြီးပြီ . . . အဆင်ပြေသားပဲ''

''ကောင်းတာပေါ့ . . . ဒီလိုပွဲမျိုးဆိုတာ မိန်းကလေးက အရေးကြီး

www.burmeseclassic.com



တာဗျ၊ ယောကျ်ားလေးအတွက်ကတော့ သိပ်ထူးထူးခြားခြားကြီး မရှိလှပါဘူး။ တစ်ခါမှ သတို့သားအရန် မလုပ်ဖူးတော့ စိတ်ထဲမှာ တစ်မျိုးပဲ''

''အံမယ် . . . ရှင်ကလည်း ပြောတော့မယ်၊ ကျွန်မလည်း မလုပ်ဖူးပါဘူး။ မမရဲ့ပွဲမို့လို့သာ လုပ်တာပါနော်''

ထိုစဉ်မှာပဲ ယုဝါက အိမ်ထဲမှ လက်ဗလာဖြင့် ထွက်လာပြီး . . .

''ဩော် . . . မောင်လေး ရောက်နေပြီလား၊ ခဏနော် . . . ညီမလေးနဲ့ ထိုင်စကားပြောနေကြဦး''

''ဟုတ်''

ညှော်ခန်းထဲမှ ဘာမှပြန်ယူမသွားဘဲ ယုဝါအိမ်ထဲသို့ ပြန်ဝင်သွားသည်။

နေချိုက မိုးနောင်ကိုကြည့်ကာ သတိရဟန်ဖြင့် . . .

''ဒါနဲ့ . . . ဒီကြားထဲ ရက်တွေမှာ မိုးနောင်ကို ကျောင်းမှာ မတွေ့မိသလိုပဲ''

''ဟုတ်တယ်ဗျ . . . ကိစ္စလေးတစ်ခုရှိနေတာနဲ့ ကျောင်းမတက်ဖြစ်တာ၊ နေချိုတော့ ကိုကျော်ဇင်မိုးနဲ့ တွေ့ဖြစ်မှာပေါ့''

နေချိုက မပွင့်တပွင့်လေး ပြုံးသည်။ ပြီးမှ . . .

''တိုက်တိုက်ဆိုင်ဆိုင်ပဲရှင့် . . . ကိုကျော်ဇင်မိုးတစ်ယောက်လည်း ဒီရက်ပိုင်း ကျောင်းမှာမတွေ့မိဘူး၊ အင်း . . . အဲဒါကလည်း သူနဲ့ နောက်ဆုံးဆုံတဲ့နေ့က ကျွန်မကို သူ ပရိုပို့စ်လုပ်တယ်လေ၊ အဲကြောင့် မသိမသာ ရှောင်နေလား မသိဘူး''

မိုးနောင်က ရယ်လိုက်ရင်း . . .





''ဟင် . . . အဲဒီကိစ္စမျိုးဆိုရင် မိန်းကလေးက ရှောင်တာမျိုး မဟုတ်ဘူးလား''

''မသိဘူးလေ . . . ကျွန်မကတော့ ကိုယ့်ဟာကိုယ် ပုံမှန်အတိုင်းပဲ နေနေတာပဲ၊ ကိုယ်က မဟုတ်တာလုပ်ထားတာမှ မဟုတ်တာ''

နေချို့စကားအဆုံးမှာတော့ မိုးနောင်က မျက်နှာကို တည်လိုက်သည်။

''ကျွန်တော် စဉ်းစားမိတာတစ်ခု ရှိတယ်ဗျ၊ ဥပမာဗျာ . . . တစ်ယောက်နဲ့တစ်ယောက် ယှဉ်ပြိုင်ကြတဲ့နေရာမှာ တစ်ယောက်က ဒီတစ်ခုကို လုပ်လိုက်လို့ . . . နောက်တစ်ယောက်က ငါတော့ နောက်ကျတော့မှာပဲဆိုပြီး ကိုယ့်ဘက်က အဆင်သင့်မဖြစ်သေးဘဲ သွေးရူးသွေးတန်း လိုက်လုပ်တာမျိုးကို ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော့်သဘောကတော့ ကိုယ့်ရဲ့ပြိုင်ဘက်ရဲ့အခြေအနေကို စောင့်ကြည့်ပြီးမှ ကိုယ့်ဘက်က သေသေချာချာ ပြင်ဆင်ပြီးလုပ်တာ ပိုကောင်းတယ်လို့ ထင်ပါတယ်''

နေချိုက ပခုံးတွန့်လိုက်ပြီး . . .

''ဟုတ်တော့ ဟုတ်မှာပါ၊ ဒါပေမဲ့ . . . စီးပွားရေးမှာဆိုရင်တော့ ကိုယ့်ပြိုင်ဘက်က စောရင် ဈေးကွက်ဝေစု ပိုရသွားနိုင်တယ်လေ''

''အရေအတွက်ထက် အရည်အချင်းက ပိုအရေးကြီးပါတယ် နေချို''

''အရေအတွက်များတာဟာလည်း အရည်အချင်းတစ်ခုပဲ မဟုတ်ဘူးလား . . . မိုးနောင်ရဲ့''

ထိုစကားကြောင့် မိုးနောင်က ရယ်ကာ လက်ကာပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီဗျာ ... နေချိုနဲ့ ပြိုင်မငြင်းတော့ပါဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော်ဟာ ပြိုင်ဘက်ကို ကြောက်လို့၊ ရှုံးမှာစိုးလို့ နောက်ဆုတ်နေတာ မဟုတ်ဘူးလို့ အသိပေးချင်တာပါ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ကျွန်မ မှတ်ထားလိုက်ပါ့မယ်"

ခေါင်းစဉ်တပ်ပြီး မပြောသော်လည်း စကားတွေ၏ဆိုလိုရင်းကို နှစ်ယောက်စလုံး နားလည်ကြပါသည်။ ခေတ်ကာလသားသမီးတွေကိုး။

ခဏနေမှ မိုးနောင်က စကားတစ်ခွန်းကို လေးလေးနက်နက်ထပ် ဆိုလာသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ နေချို ... နေချိုအနေနဲ့ ဘယ်သူ့ကိုမှ အလွယ်တကူ မယုံလိုက်ပါနဲ့၊ အဲဒီအထဲမှာ ကျွန်တော်လည်း ပါတယ်"

မျက်နှာလေး တည်သွားရင်း နေချိုကလည်း စကားပြန်ဆိုလိုက်ပါသည်။

"ကျွန်မ လူကဲခတ် အဲလောက်မညံ့လောက်ဘူးထင်ပါတယ် မိုးနောင်၊ အစစ်အမှန်နဲ့ အတုအယောင်ကိုတော့ ခွဲတတ်ပါတယ်"

■



# (၂၃)

"အင်း ... မင်းပြောပုံအရဆိုရင် မင်းဘက်က သူ့ကို ပရိုပို့စ် လုပ်လိုက်တာကို နေချိုက တစ်မျိုးဖြစ်သွားတာပေါ့ ... ဟုတ်လား"

တင်ထူးအမေးကို မိုးနောင်က ...

"အေး ... ဟုတ်တယ်၊ ငါ တွက်ထားတာက ... သူ့ကို ကျော်ဖင်း ပရိုပို့စ်လုပ်လိုက်တာကို ငါ့ကို ပြောလိုက်ရင် ငါ့ဘက်ကလည်း ဖွင့်ပြောတော့မယ်လို့ ထင်ထားတာကိုး။ ငါ သူ့ကို အရမ်းချစ်ပါတယ်၊ ချစ်လို့လည်း ဒီလို အခြေအနေမျိုးမှာ ဖွင့်မပြောသေးတာပဲ"

နေမျိုးကျော်ဖင်က ဝင်၍ ...

"မင်းတွက်ကိန်းနဲ့မင်းတော့ ဟုတ်နေတာပဲ မိုးနောင်ရ၊ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့အနေအထားကို ကိုတိုးတို့ မယုံဝံ့ရော သိပြီးပြီလား''

ခေါင်းခါလိုက်ရင်း မိုးနောင်က . . .

''မထင်ဘူးကွ . . . ငါ ကိုတိုးကို မပြောဖြစ်သလို၊ နေချိုလည်း မဝါကို ပြောမယ်မထင်ဘူး''

စကားအဆုံးမှာ တင်ထူးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး . .

''အေးပါကွာ . . . ဘာပဲဖြစ်ဖြစ် မင်းတွက်ထားသလို, မျှော်လင့်ထားသလို ဖြစ်လာပါစေလို့ ဆုတောင်းနေပေါ့ . . . ဘုရားမှာ''

ခေါင်းခါလိုက်ရင်း မိုးနောင်က . . .

''ဘာလို့ဆုတောင်းရမှာလဲ၊ ဆုမတောင်းဘူး၊ ဆုတောင်းခြင်းဆိုတာပါတဲ့ မကောင်းမှု (၇) မျိုးကိုလည်း ရှောင်တယ်''

''ဘာ . . . ဘယ်လို . . . မကောင်းမှု (၇) မျိုး . . . ဟုတ်လား လုပ်စမ်းပါဦး''

''တင်ထူး . . . မင်းဟာလေ အကုန်ကို သိချင်နေတော့တာပဲ၊ မှတ်ထားကွာ . . . မကောင်းမှု (၇) မျိုးဆိုတာက . . .''

၁။ လုပ်အားမစိုက်ထုတ်ဘဲ ချမ်းသာအောင် ကြိုးစားတာ၊

၂။ ကောင်းကျိုးဆိုးကျိုးမခွဲခြားဘဲ ပျော်ရွှင်မှုရအောင် အဓိကလုပ်ဆောင်တာ၊

၃။ လူသားတွေရဲ့အကျိုးကို ထိခိုက်နိုင်သလား မစဉ်းစားဘဲ သိပ္ပံပညာတိုးတက်အောင်လုပ်တာ၊

၄။ အကျင့်စရိုက်ကောင်းအောင် မကြိုးစားဘဲ ကိုယ်တော်ဖို့တစ်ခုပဲ ဦးတည်လုပ်တာ၊





၅။ ကိုယ်ပိုင်မူတစ်ခုကို ဆုပ်ကိုင်မထားဘဲ နိုင်ငံရေး လုပ်တာ၊

၆။ အကျင့်သိက္ခာမဲ့တဲ့ ကုန်သွယ်မှုလုပ်တာ၊

၇။ စွန့်လွှတ်အနစ်နာခံဖို့ မစဉ်းစားဘဲ ဘုရားမှာ ဆုတွေချည်း တောင်းတာ၊

အဲဒါတွေပဲ . . .''

စကားအဆုံးမှာ တင်ထူးမျက်နှာ တည်သွားပြီး မှတ်ချက်ချလိုက်လေသည်။

''အင်း . . . အဲဒီမကောင်းမှု (၇) ချက်နဲ့ ချိန်ထိုးကြည့်ရင် တို့နိုင်ငံမှာ မကောင်းမှုကျူးလွန်နေတဲ့သူတွေ အများကြီးရှိနေပါလား . . . ဟူး''

■

www.burmeseclassic.com

## (၂၄)

"ဘယ်လိုပြောလိုက်တယ် ... မအေးအေးခိုင်၊ နေချိုက ကျော်ဇင်မိုးကို အဖြေပေးလိုက်ပြီ ... ဟုတ်လား"

မိုးနောင်က မယုံကြည်နိုင်သလို အံ့သြတကြီး ပြန်မေးလိုက်သည်။

ဘေးမှာရှိနေသည့် တင်ထူးနှင့်နေမျိုးကျော်တို့လည်း ပြူးကျယ်သော မျက်လုံးအစုံဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ဘာတွေဖြစ်ကုန်တာလဲပေါ့ ...။

အေးအေးခိုင်က ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ကိုမိုးနောင် ... ကျွန်မလည်း သိသိချင်း Viber နဲ့ လှမ်းပြောမလို့ပဲ၊ ကိုမိုးနောင် ဖုန်းနံပါတ်မသိလို့ ... ခု ... အော့ ...





လာပြောတာ"

ဩော် ... အရေးထဲမှာမှ Viber တွေရော၊ Facebook ထဲမှ အသုံးအနှုန်းတွေရော လာပြောနေသေးသည်။ ကျုန်း ... နေချို လုပ်ရက်လိုက်တာဟာ ပြန်ပြောလိုက်ရမလား။ ဒါမှမဟုတ် ဘေးမှနှစ်ကောင်ကို ကြည့်ကာ ဟျောင်တွေ ... လုပ်ကြဦးဆိုပြီးပဲ ပြောရတော့မည်လား မသိတော့။

ရုတ်တရက် အေးအေးခိုင်ကို ဘာမှပြန်မပြောနိုင်သေးဘဲ မိုးနောင် ငြိမ်သက်နေမိသေးသည်။ ပြီး ... တစ်လုံးချင်း ပြန်မေးလိုက်၏။

"မယုံလို့တော့ မဟုတ်ပါဘူး၊ ခု ... မအေးအေးခိုင် ပြောတဲ့ သတင်းက သေချာပါတယ်နော်"

"ဩော် ... သေချာပါတယ်ဆိုမှ၊ နေချိုပြောတာကတော့ နောက်တစ်ပတ်ကျရင် စာမေးပွဲရှိတယ်လေ၊ အဲဒါကြောင့် စောစောစီးစီး အဖြေပေးလိုက်တာလို့ ပြောတာပဲ"

မိုးနောင်က မျက်မှောင်ကြုတ်ကာ ထပ်၍စဉ်းစားလိုက်ပြီး ...

"ဒါနဲ့ ... မအေးအေးခိုင် ကျွန်တော့်ကို ခုလို လာပြောတာကကော နေချိုက ပြောခိုင်းတာပဲလား"

"အင်း ... ဟုတ်တယ်၊ ဟာ ... မဟုတ်ဘူး ... မဟုတ်ဘူး။ ရှင်လည်း နေချိုကို စိတ်ဝင်စားနေတယ်လို့ထင်လို့ လာအသိပေးတာပါ၊ ဒိုလေ ... ပြောရရင် ကျော်ဇင်မိုးကို သိပ်ကြည့်မရတာလည်း ပါတယ်"

"ဩော် ... ဟုတ်လား၊ ကျွန်တော်က နေချိုကို စိတ်ဝင်စားနေတာ မဟုတ်ဘူးဗျ၊ ချစ်နေတာ၊ ကဲပါ ... ခုလိုလာပြောတာကို ကျေးဇူးတင်ပါတယ် ... မအေးအေးခိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် အာ့ . . . လာပြောတာ . . . အာ့ . . . ဆိုလည်း သွားပြီနော်"

နှုတ်ဆက်ပြီး အေးအေးခိုင် ပြန်ထွက်သွားသည်။ ထိုအခါမှ တင်ထူးက မိုးနောင်ကို အရေးကြီးဟန်ဖြင့် ကြည့်လာပြီး . . .

"ဟေ့ကောင် . . . ဘယ်လိုဆက်လုပ်မလဲ၊ နေချိုက ဟိုကောင့်ကို အဖြေပေးလိုက်ပြီဆိုရင် . . ."

မိုးနောင်က . . .

"စဉ်းစားနေတယ်၊ ဒီကိစ္စဟာ . . . နေချိုက ငါ့ကို သိစေချင်လို့ ပြောခိုင်းတာပဲဖြစ်မှာ"

တင်ထူးကပဲ စိတ်မရှည်ဟန်ဖြင့် . . .

"အေး . . . စဉ်းစားနေ၊ စဉ်းစားနေ . . . ဟိုက အဖြေပေးလိုက်ပါပြီဆို၊ မင်းစိတ်ထဲ မပူပန်ဘူးလား။ ဘာမှမဖြစ်ဘူးလား"

"မင်းကလည်း ပူပန်တဲ့နေရာမှာ အခြေအနေ, အချိန်အခါ ရှိတယ်ကွ၊ ငါက ကြိုးကြာလည်းမဟုတ်၊ မျောက်လည်းမဟုတ် . . . တီလည်း မဟုတ်ဘူး"

"ဟမ် . . . ဘာတွေလဲ"

"ဩော် . . . အဲဒီသတ္တဝါမျိုးက မပူပန်အပ်တာကို ပူပန်တဲ့သတ္တဝါတွေလေ၊ ကြိုးကြာဆိုရင် မြေကြီးတုန်လှုပ်တာကို စိုးရိမ်လို့ အသာအယာ နင်းတယ်၊ မျောက်ဆိုလည်း မြေကြီးပျောက်သွားမှာကို စိုးရိမ်လို့ တစ်ဖက် သုံးခါဆင်းပြီး စမ်းသပ်တယ်၊ တီကတော့ မြေကြီးကုန်သွားမှာစိုးလို့ မြေကြီး နဲ့ လုံးထွေးပြီး အိပ်တယ်၊ အဲဒါ မပူပန်အပ်တာကို ပူပန်တာပေါ့ကွ၊ ခုလည်း ငါ နေချိုနဲ့ မတွေ့ရသေးတော့ မပူပန်သေးဘူးကွာ . . . ဒါပဲ"





"လုပ်ပြန်ပြီ . . . မင်းသဘောပဲကွာ၊ ငါတို့က မင်းနောက်ကောက် ကျသွားမှာကို စိုးရိမ်လို့ပါ"

ဝင်ပြောလာသော နေမျိုးကျော်ကို မိုးနောင်က . . .

"ငါ နားလည်ပါတယ်ကွာ၊ အခြေအနေက ဆိုးဆိုးဝါးဝါး မဟုတ်သေးပါဘူး။ ဒါပေမဲ့ . . . ရင်ခုန်စရာ အကောင်းဆုံးအချိန်တော့ ရောက်နေပြီ အဲ . . . ငါ အိမ်ပြန်တော့မယ်"

"ဟင် . . . ဘာဖြစ်တာလဲကွ . . . ချက်ချင်းကြီး"

မိုးနောင်က ထရပ်လိုက်ပြီး . . .

"ဒီရက်ပိုင်းမှာ နေချို ငါ့ကို မတွေ့စေချင်လို့ပါ၊ သူသိစေချင်တာ ငါ သိသွားပြီပဲ"

ထွက်သွားသော မိုးနောင်ကို ကြည့်ကာ နှစ်ယောက်သား သက်ပြင်းကိုယ်စီပဲ ချလိုက်ကြလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

ကျောင်းသားကျောင်းသူများ အရောက်အပေါက်နည်းလှသည့် ကျောင်းစာကြည့်တိုက်ထဲတွင် ထိုင်နေသဖြင့် ရောက်လာသော နေချိုကို ကြည့်ကာ မိုးနောင် အံ့သြသွားရသည်။ မိုးနောင်က အရင်နှုတ်ဆက်လိုက်ပါ

"နေချို . . . စာအုပ်လာငှားတာလား။ ဒါမှမဟုတ် . . . စာလာဖတ်"

ခေါင်း ခပ်ဖြည်းဖြည်းခါလိုက်ရင်း နေချိုက . . .

"မဟုတ်ပါဘူး . . . မိုးနောင် ဒီဘက်မှာ ရှိနေတယ်ဆိုလို့ လာခဲ့တာပါ၊ ဒါနဲ့ မိုးနောင် ခုတလော ပျောက်နေတယ်နော်၊ မတွေ့မိဘူး"

မိုးနောင်က ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး . . .

"ရှိပါတယ် . . . နေချို မမြင်မိတာ ဖြစ်ပါလိမ့်မယ်ဗျ၊ ဒါနဲ့ . . .



ကျွန်တော့်ကို လာရှာတာက . . ."

"ပြောစရာလေး ရှိလို့ပါ"

"ဟုတ်"

နေချိုက မိုးနောင်ကို ဝေဝေလေးကြည့်ပြီး . . .

"ကျွန်မ . . မမနဲ့ကိုတိုးတို့ မင်္ဂလာပွဲမှာ သတို့သမီးအရန် မလုပ်ဖြစ်တော့ဘူး မိုးနောင်"

"ဗျာ . . . ဘာ . . . ဘာများဖြစ်လို့လဲ"

"ဒီလိုပါ . . . ကျွန်မ စာမေးပွဲဖြေပြီးတဲ့ တစ်ပတ်အတွင်းမှာ ကိုကျော်ဇင်မိုးနဲ့ ယိုးဒယားကို သွားမှာမို့လို့ပါ၊ ကျွန်မ လုပ်ချင်တဲ့အလုပ်မျိုးကို သူ ဆက်သွယ်ပြီး ရှာပေးမယ်၊ အဆင်ပြေရင် ယိုးဒယားကတစ်ဆင့် သွားဖြစ်မယ်၊ အဲဒါကြောင့်ပါ"

မိုးနောင် မျက်လုံးပြူးသွားရသည်။ ချက်ချင်းပဲ နေချိုကို စိုးရိမ်ဟန်ဖြင့် ကြည့်လိုက်ကာ . . .

"နေချို . . . နေချို အဲဒီကိစ္စကို စဉ်းစားဆုံးဖြတ်တာ မမြန်လွန်းဘူးလားဗျ။ ပြီးတော့ . . . ကိုကျော်ဇင်မိုးက . . ."

စကားမဆုံးခင်မှာပဲ နေချိုက လက်ကာပြလိုက်ရင်း . . .

"ကျွန်မ အကုန်လုံးကို စဉ်းစားပြီးပါပြီ ပြီးတော့လေ . . . ကိုကျော်ဇင်မိုးနဲ့ပတ်သက်ပြီး ကျွန်မရဲ့ဆုံးဖြတ်ချက် ဝေဝါးစေမယ့်စကားမျိုး မပြောပါနဲ့လား။ မိုးနောင် နားလည်မှာပါ"

သက်ပြင်းပဲ ချိတ်ချမိတော့သည်။ မိုးနောင်ကပဲ . . .

"ဒါနဲ့ . . . နေချိုတို့ ဘယ်နေ့လောက် သွားဖြစ်မယ်ဆိုတာ သိခွင့်

www.burmeseclassic.com



ရှိမလား''

''ဘာအတွက်လဲ မိုးနောင်''

''ဩော် ‥ နေချို့အတွက် လက်ဆောင်လေးဖြစ်ဖြစ် ပေးချင်လို့ပါ''

နေချိုက လျှောယှဲ့ယှဲ့လေးပြုံးရင်း …

''စာမေးပွဲဖြေပြီးတဲ့တစ်ပတ်အတွင်းမှာပဲ ဖြစ်မယ်ထင်တယ်၊ ရက်အတိအကျတော့ မသိသေးဘူး''

''ဩော်''

''အဲဒါ … မိုးနောင်ကို အသိပေးသင့်တယ်ထင်လို့ လာပြောတာပါ။ မမကိုလည်း တောင်းပန်ထားပြီးပါပြီ၊ ဘာပြောစရာရှိသေးလဲ မိုးနောင် … ကျွန်မ သွားတော့မယ်''

မိုးနောင်က ဆွေးဆွေးငေးငေးလေး ကြည့်လိုက်ပြီးမှ …

''မပြောတော့ပါဘူး နေချို … ကျွန်တော် ပြောပြဖို့ ရည်ရွယ်ထားတဲ့အချိန်တွေဟာ ရောက်မလာခင်ကတည်းက ကုန်ဆုံးသွားပါပြီ၊ နေချို … အားလုံးအဆင်ပြေပါစေ''

''အလိုလို နားလည်လိုက်တယ် … ဆိုတဲ့ သိမှုဟာ တန်ဖိုးရှိပါတယ် မိုးနောင်၊ ကျွန်မ သွားပြီ''

မိုးနောင်၏မျက်ဝန်းတွေကို စိုက်ကြည့်ပြီးမှ နေချို လှည့်ထွက်သွားလေသည်။ နေချို ခပ်လှမ်းလှမ်းရောက်သည်အထိ ကြည့်နေမိပြီးမှ မိုးနောင်က ဖုန်းဆက်ကာ ဂဏန်းတချို့ကို နှိပ်လိုက်ပါသည်။

''ဟလို''

■



မပွင့်ခင်ကပဲ

ကြွေသွားတဲ့ ပန်းတစ်မျိုးအကြောင်း

စာလုံးပေါင်းမနေချင်တော့ဘူး။

ဥယျာဉ်တော်ကို အားနာတယ်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

"ကဲ ... စာမေးပွဲလည်း ပြီးသွားပြီဆိုတော့ ကျောင်းခဏပိတ်ပြီး မှာပဲ၊ ဒီကြားထဲ နေချိုကလည်း ကျော်ဖင်မိုးနဲ့ ကြိုက်သွားပြီဆိုတော့ မင်း စီစဉ်ထားခဲ့သမျှ သဲထဲရေသွန်ဖြစ်ပြီပေါ့ မိုးနောင်"

"ဟုတ်တယ်ကွ ... မင်းဆီလာ၊ မင်းတိုက်တဲ့ ဘီယာသောက်ပြီး ဒီစကားမျိုး ပြောရတာတော့ အားနာတယ်ကွ"

နှစ်ယောက်စလုံး ပြောလာကြသော စကားတွေကတော့ အား စရာပင်။ တင်ထူးကပဲ ဆက်၍ ...

"ငါ့စိတ်ထင် ... နေချိုနဲ့ကိစ္စမှာ ဟိုဘဲ နေချိုကို ပရိုပို့စ်လုပ်ပြီး ကတည်းက မင်း သွေးအေးသွားတယ်လို့ ထင်တယ်"



မိုးနောင်က ...

"မဟုတ်ဘူး တင်ထူး၊ ငါ သွေးအရမ်းဆူသွားတာ"

"ဒါနဲ့များကွာ ... ငါတို့က မင်း နေချိုကို လက်လျှော့လိုက်ပြီ ထင်နေတာ"

နေမျိုးကျော် စကားဆုံးတော့ မိုးနောင်ကပဲ ...

"တကယ်တော့ ငါ့ဘက်ကလည်း နေချိုနဲ့ကိစ္စအပေါ် အများကြီး စဉ်းစားနေရလို့ပါ၊ ကိစ္စနှစ်ခုကို မရောထွေးစေချင်ဘူးလေ"

"ဘယ်လို ... ကိစ္စနှစ်ခု ဟုတ်လား၊ နေချိုနဲ့ကိစ္စအပြင် ဘာရှိသေး လို့လဲ"

"ကျော်ဖင်မိုးနဲ့ပတ်သက်တဲ့ကိစ္စပါ၊ ငါ့ကို ပါမောက္ခခေါ်ခေါ်တွေ့ တာက ... အဲဒီဘဲကို စောင့်ကြည့်ခိုင်းတာပဲ"

"ဘာ"

နှစ်ကောင်စလုံး မျက်လုံးမျက်ဆန် ပြူးသွားကြသည်။

"ကျော် ... ကျော်ဖင်မိုးကို ဘာဖြစ်လို့ စောင့်ကြည့်ခိုင်းတာလဲ"

မိုးနောင်က လေပူမှုတ်ထုတ်ရင်း ...

"ဒီဘဲက နှစ်နှစ်ခွဲလောက် ကျောင်းနားထားပြီးမှ ပြန်တတ်တာလေ ပြီးတော့ ..."

စကားမဆုံးခင်မှာပဲ ဖုန်းဝင်လာသဖြင့် မိုးနောင်ကဖွင့်ကိုင်လိုက် သည်။

"ဟုတ်ကဲ့ ... မအေးအေးခိုင် ပြောပါ"

တစ်ဖက်က ဘာပြောသည်မသိ။ မိုးနောင် မျက်နှာပေါ်၌ အရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးသော အရိပ်အငွေ့တို့ ခြုံလွှမ်းသွားရင်း ...

"မနက်ဖြန်မနက် ဆယ်နာရီခွဲ ကွင်းချိန်း ဟုတ်လား ... ဟုတ်ကဲ့ ကျေးဇူးပဲနော် ..."

ဖုန်းချပြီးပြီးချင်းပဲ မိုးနောင်က ထိုင်နေရာမှ ထရပ်လိုက်ပြီး ...

"အရေးကြီးလို့ ငါသွားမှဖြစ်တော့မယ် .."

"ဟာ ... ဟော့ကောင် ဘယ်ကိုလဲ ..."

မိုးနောင်က အချိန်မရဟန်ဖြင့် ...

"ငါ ... ညဘက်မှ မင်းတို့ဆီ ဖုန်းဆက်လိုက်မယ်ကွာ ... သွားပြီ ..."

ပြောပြီး ဘီယာဆိုင်ထဲမှ ပြေးထွက်လာခဲ့၏။ လမ်းမဘက်ရောက်တော့ တက်စီတစ်စီး လှမ်းတားလိုက်ပြီး ...

"ကားဆရာ ... ကမာရွတ်ရဲစခန်းကို သွားချင်လို့ဗျ ..."

■

## (၂၇)

တက်စီကားလေးတစ်စီးက မင်္ဂလာဒုံလေယာဉ်ကွင်းရှိရာသို့ ဦးတည်ကာ မောင်းနှင်နေသည်။ ကားမှန်တံခါးဆီသို့ တဖျောက်ဖျောက်လာရိုက်ခတ်နေသော မိုးစက်မိုးပေါက်လေးများကိုကြည့်ကာ နေချို သက်ပြင်းထပ်ချလိုက်၏။

ကျော်ဇင်မိုးက ပခုံးကို ခပ်ဖွဖွသိုင်းဖက်လာရင်း ...

"နေချို ... ဘာဖြစ်လို့ သက်ပြင်းတွေ ဒီလောက်ချနေတာလဲ"

နေချိုက မပွင့်တပွင့် ပြုံးလိုက်ရင်း ...

"ဘာရယ်မဟုတ်ပါဘူး ... ဒီလိုပါပဲ"

"ကြည့်ရတာ ... နေချို စိတ်လှုပ်ရှားနေပုံရတယ်၊ ပြည်ပကို



www.burmeseclassic.com

www.burmeseclassic.com



မသွားဖူးဘူးဆိုတော့လေ၊ ဟိုရောက်ရင် အားလုံးအဆင်ပြေမှာပါ၊ ကိုယ် စီစဉ်ထားတာပဲ''

နေချိုက . . .

''ကိုကျော်ကို ယုံပါတယ်၊ နေချို စိတ်လှုပ်ရှားနေလို့ဖြစ်မယ်''

ထိုစဉ်မှာပဲ ကျော်ဇင်မိုးဖုန်းက ရုတ်တရက် မြည်လာသည်။ ဝင်လာသောနံပါတ်ကိုကြည့်ကာ ကျော်ဇင်မိုးမျက်နှာက အနည်းငယ် တည်သွားပြီး . . .

''ကားဆရာ . . . ခဏလောက် လမ်းဘေးမှာ ရပ်ပေးပါလား။ ဖုန်းထွက်ပြောချင်လို့''

''ဟင် . . . ဘာဖြစ်လို့လဲ ကိုကျော်ရဲ့၊ ဒီအတိုင်းပဲ ပြောလို့မရဘူးလား''

''အိုဗာဆီးကောမို့ နေချိုရဲ့၊ ဒီအတိုင်းပြောလို့ လိုင်းကျသွားရင် ခေါ်ရမလွယ်ဘူးလေ၊ ခဏပါ၊ နေချို ကားထဲကပဲစောင့်''

နေချိုက မိုးရွာနေတာကိုဟု မျက်မှောင်လေးကြုတ်ကာ ပြောလိုက်သည်။ ကားဆရာက ကားကို လမ်းဘေးချကာ ရပ်ပေးလိုက်သဖြင့် ကျော်ဇင်မိုး တံခါးဖွင့်ကာ ဆင်းလိုက်သည်။

ကျော်ဇင်မိုး အပြင်ဘက်ရောက်သည်နှင့် ကားထဲမှ နေချိုက ကျော်ဇင်မိုး ချွတ်ထားသော ဂျက်ကက်အကျီကို လှမ်းပေးရင်း . . .

''ကိုကျော် . . . အပေါ်အကျီ ဝတ်သွားဦး၊ မိုးရွာနေတယ်လေ''

''သြော် . . . အင်း . . . အင်း''

အကျီလှမ်းယူကာ ခပ်မြန်မြန်ဝတ်လိုက်ရင်း ကျော်ဇင်မိုးက ဟဲလို





. . . ဟဲလိုဟု ပြောကာ ကားနှင့် ခပ်လှမ်းလှမ်းဆီသို့ ထွက်သွားသည်။

ငါးမိနစ်လောက် ကြာမည်ထင်သည်။ ကျော်ဇင်မိုး ပြန်ရောက်လာ၏။ ကားထဲဝင်ကာ တံခါးပိတ်လိုက်ပြီး . . .

''ကားဆရာ . . . ရပြီဗျ၊ မောင်းတော့၊ နေချို . . . ကိုယ်မကြာပါဘူးနော်၊ အလုပ်ကိစ္စ လှမ်းပြောတာပါ''

''ရပါတယ်''

နောက်ထပ် ငါးမိနစ်လောက်ကြာသည့်အချိန်မှာတော့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆိုသည့် ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရလေပြီ။

ထိုသို့ဖြင့် . . .။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

"ခဏနေရင် ခေါ်တော့မယ် ထင်တယ်၊ စာရွက်စာတန်းနဲ့ပစ္စည်းတွေ အဆင်သင့်လုပ်ထားနော် ... နေချို"

ခေါင်းညိတ်လိုက်ရင်း နေချိုက လက်ထဲမှ ဖုန်းကိုပဲ ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။

ကျော်ဇင်မိုးက မျက်မှောင်ကြုတ်၍ ...

"နေချို ... ဘယ်သူ့ဆီက ဖုန်းစောင့်နေတာလဲ၊ ခဏနေရင် အဲဒီဖုန်းကတ်က သုံးလို့ရတော့မှာ မဟုတ်ဘူး"

နေချိုက စိတ်လှုပ်ရှားဟန်ဖြင့် ...

"သူငယ်ချင်းတွေက နှုတ်ဆက်မယ် ပြောလို့ပါ"





ထိုအချိန်မှာပဲ ဖုန်းဝင်လာသဖြင့် နေချိုက အမြန်ကိုင်လိုက်ပြီး ...

"ရောက်နေပြီရှင့် ... ဟုတ် ... ဒီဘက်အခြမ်းမှာလေ"

ပြောပြီး နေချိုက နေရာကို ညွှန်လိုက်သည်။

သိပ်မကြာပါချေ။ ဒုရဲအုပ်တစ်ယောက်၊ ရဲတပ်သားနှစ်ယောက်နှင့်အတူ လေယာဉ်ကွင်းမှ တာဝန်ကျရဲဝန်ထမ်းတို့ နေချို့အနားသို ရောက်လာကြပြီး ...

"ဆောရီးပဲ မနေချို ... ကျွန်တော်တို့ နောက်ကျတော့မလို့ ပိုပြီး ပြည့်စုံအောင် ကိုမိုးနောင် ရှာဖွေထားတဲ့ သက်သေစာရွက်စာတမ်းတွေကို စောင့်နေရလို့ပါ"

နေချို အံ့ဩသွားရသည်။ ထိုအချိန်မှာပဲ ဒုရဲအုပ်က ကျော်ဇင်မိုးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး ...

"ကိုကျော်ဇင်မိုး ... ခင်ဗျားကို လူကုန်ကူးမှုနဲ့ ကျွန်တော်တို့ ဖမ်းလိုက်ပါပြီ၊ ဒီအမှုတင်မဟုတ်ပါဘူး ... လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်က ဟောဒီက မနေချိုရဲ့သူငယ်ချင်း ဝေဝေစိုးဆိုတဲ့ မိန်းကလေးကို ခင်ဗျား လူကုန်ကူးခဲ့တဲ့အမှုလည်း ပါ,ပါတယ်"

"ဗျာ"

ရေရွတ်ရင်းက ကျော်ဇင်မိုးမျက်နှာ အပျက်ကြီးပျက်သွားသည်။ နေချိုကိုလည်း စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးမှ ...

"ကျွန်တော် ရှေ့နေခေါ်ချင်တယ်"

"ခင်ဗျားဆန္ဒအတိုင်းပါ"

ထိုစဉ် နေချိုက ဒုရဲအုပ်ကိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ . . . သူဝတ်ထားတဲ့ ဂျာကင်အင်္ကျီထဲမှာ အသံဖမ်းစက်လေး ရှိတယ်၊ အဲဒီထဲမှာ လွှန်ခဲ့တဲ့ ဆယ့်ငါးမိနစ်လောက်က သူ ပြည်ပနဲ့ပြော ထားတဲ့ စကားသံတွေ ရှိလိမ့်မယ်"

ချက်ချင်းပင် ရဲသားတစ်ယောက်က ကျော်ဇင်မိုးဂျာကင်အင်္ကျီထဲမှ အသံဖမ်းစက်လေးကို နှိုက်ယူကာ ဒုရဲအုပ်ကို လှမ်းပေးလိုက်သည်။ ပြီး ကျော်ဇင်မိုးကို လက်ထိတ်ခတ်လိုက်ပါ၏။

ကျော်ဇင်မိုးက နေချို့ကို ထပ်ကာကြည့်ရင်း . . .

"မင်း အရမ်းတော်တယ် နေချို"

နေချို့က မျက်နှာလေးကိုမဲ့လိုက်ရင်း . . .

"ကျွန်မသူငယ်ချင်းအတွက် ရှင့်ကို ဒီထက်တောင် လက်စားချေချင်သေးတာ"

ဒုရဲအုပ်နှင့်ရဲဝန်ထမ်းတွေက ကျော်ဇင်မိုးကိုခေါ်ကာ ထွက်သွားလေသည်။

နေချို့တစ်ယောက်တည်း မောလျှစွာ ကျန်ခဲ့ချိန်မှာပဲ . . .

"လေယာဉ်လက်မှတ်တွေ ကိုင်ထားပြီး ဘာလုပ်မလို့လဲ နေချို့ လိုက်သွားဦးမလို့လား"

"ဟင်"

လှည့်ကြည့်လိုက်တော့ ခပ်ပြုံးပြုံးကြည့်နေသည့် မိုးနောင်ကို တွေ့ လိုက်ရ၏။

မိုးနောင်ကပဲ . . .

"ကျော်ဇင်မိုး နှစ်နှစ်ခွဲလောက် ကျောင်းက ပျောက်သွားတာနဲ့





ပတ်သက်ပြီး သတင်းသဲ့သဲ့ရထားလို့ ကျွန်တော့်ကို ပါမောက္ခက ဒီဘဲအကြောင်း လိုက်စုံစမ်းခိုင်းထားတာဗျ။ ဒါနဲ့ . . . နေချို့ ခုလို စွန့်စားရတာ အရမ်းအန္တရာယ်များတယ်လို့ မထင်ဘူးလား"

နေချို့က သက်ပြင်းချလိုက်ပြီး . . .

"ကျွန်မ သိပါတယ်၊ ဒါပေမဲ့ . . . ဒီနည်းပဲ ရှိတော့လို့ပါ၊ ဘာပဲဖြစ်ဖြစ် ကျွန်မသူငယ်ချင်းအတွက် ပြန်လုပ်ပေးလိုက်ရလို့ ကျေနပ်ပါတယ်"

မိုးနောင်က . . .

"တိုက်ဆိုင်တာတစ်ခုကတော့ ကျွန်တော် ကျော်ဇင်မိုးအကြောင်း စုံစမ်းတဲ့အချိန်မှာပဲ နေချို့က သူနဲ့ စပတ်သက်လိုက်တော့ အံ့ဩသွားတာ"

"သူနဲ့ကျွန်မသူငယ်ချင်းတို့ နယ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံရှိတယ်လေ၊ အဲ . . . ဓာတ်ပုံပြန်တွေ့တော့ ဒင်းကို မှတ်မိသွားတာ၊ ကျွန်မသူငယ်ချင်းတုန်းက နယ်မှာ လက်ထပ်ပြီး ပြည်ပကို ခေါ်သွားတာရှင့်၊ အဲဒီမှာပဲ လူယုတ်မာက ရောင်းစားလိုက်တာလေ"

"ခုတော့ . . . ဝေဝေကို ဟိုက ရဲတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရှာနေပါပြီ၊ သတင်းရတယ်လို့ ပြောတယ်"

"နေချို့သူငယ်ချင်း အမြန်ဆုံး ကိုယ့်နိုင်ငံထဲ ပြန်ရောက်လာပါစေ ဗျာ၊ ဒါနဲ့ . . . နေချို့က ပြည်ပကို မသွားတော့ဘူးဆိုတော့ သတို့သမီးအရန် ပြန်လုပ်ပေးမှာလား၊ ကိုတိုးတို့မင်္ဂလာပွဲအတွက်လေ"

နေချို့က မျက်ခုံးလေး ပင့်လိုက်ရင်း . . .

"အင်း . . . အဲဒါကလေ . . . ပြန်စဉ်းစားရဦးမှာ၊ ငြင်းထားတာဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ရင်း မိုးနောင်က ...

"ဟုတ်တာပေါ့ ... နေချို့အနေနဲ့ သတို့သမီးအရန်လုပ်ဖို့ မကောင်းတော့ဘူး"

"ရှင်"

"ဟုတ်တယ် ... ဖြစ်နိုင်ရင် ကျွန်တော့်ရဲ့သတို့သမီးအစစ် လုပ်ပေးပါလားဗျာ၊ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကမ်းလှမ်းပါတယ်"

နေချို့မျက်နှာက ပန်းရောင်ပြေးသွားရင်း မိုးနောင်ကို မျက်စောင်းထိုးလိုက်ကာ ...

"မိုးနောင် ... ရှင်ပြောပုံက ပိုင်စိုးပိုင်နင်းနဲ့ပါလား။ ရှင် ဘယ်တုန်းကများ ကျွန်မကို ပရိုပို့စ် လုပ်ဖူးလို့လဲ"

"နေချို့ရယ် ... ရင်ထဲမှာ ချစ်သောနေချို့လို့ ခေါ်ခဲ့တာ ကြာပြီဗျာ၊ နေချို့လည်း သိနှင့်ပြီးသားဖြစ်မှာပါ"

စကားအဆုံးမှာတော့ နေချို့က အရက်မျက်နှာလေးကို ခေါင်းငုံ့ကာ ဝှက်ကွယ်လိုက်လေသည်။ မိုးနောင် အနားတိုးသွားကာ နေချို့လက်ဖျားလေးကို ဆွဲကိုင်လိုက်တော့ မဝံ့မရဲ မော်ကြည့်လာသည့် မျက်လုံးဝိုင်းလေးတွေကလည်း အချစ်ရောင်တောက်ပစွာ ...။

■



ခေတ်ဟောင်းလူရှင်တော်ကြီးများဖြစ်သည့်

ဦးစာတ်ဆီနှင့်ဦးစာတ်ဆံ၏

"ရေနံချောင်းက ဖောက်ကောင်း"

ဇာတ်သားအား အမှတ်တရအနေဖြင့် ဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရေနံချောင်းက ဖေကံကောင်း
### (ခာတ်ဆီ၊ ခာတ်ဆံ)

ဪ . . . ကျွန်မကတော့ ရန်ကုန်မြို့၊ ဒေါ်ကျင်, ဒေါ်ကျင်ရဲ့ အပျိုကြီးပေါ့ရှင်။ ကလေးကို ငါးဆယ်ကျော်နေပြီ။ မွေးစားထားတဲ့ကလေး တွေပါ။ ကျွန်မ လင်သားမရှိပါဘူး။

ကျွန်မ မြို့အုပ်တွေ၊ ဝန်ထောက်တွေ၊ အရေးပိုင်တွေ လာလာပြီး တော့လေ မော်တော်ကားနဲ့ လည်ကြတယ်ရှင့်။ ကျွန်မ ပြတင်းပေါက်က ပြူပြီးတော့ မျက်မွှေးထော်မော်လို့ ကျွန်မ မကြည့်ပါဘူး။ ကုန်ခြေနဲ့နေတော ခု ဂျမ်းစိန်ဆိုတဲ့ သမီးလေးတစ်ယောက် ရထားတာ ဘယ်သူ့အဖေခေါ်ရမ မသိဘူး။ အဲဒီလောက် ကျွန်မ သိက္ခာရှိတယ်။

ကျွန်မ လုပ်ကိုင်စားတာကတော့ လူတွေ ကျွန်မ ချိုင်စားတာပဲ

ပွဲစားတွေ၊ မြို့အုပ်တွေ လာသမျှ အကုန်သူဌေးတွေဟာ ချိုင်တာပဲ။ ယနေ့ လည်းပဲ ရေနံချောင်းက ဖေကံကောင်းဆိုတာ သံကြိုးရောက်ပြန်တယ်။ အဲဒီတော့ သမီးလေးခေါ်ဦးမှ . . .

“ဟေ့ . . . ဂျမ်းစိန်”

“ရှင် အမေ”

“ဘာလုပ်နေတုန်း”

“ကျွန်မ သနပ်ခါးလိမ်းနေတယ် အမေရဲ့”

“ဒီနေ့ ရေခံချောင်းက ဖေကံကောင်း လာလိမ့်မယ်နော်”

“ဟုတ်ကဲ့ အမေ”

“ညည်း မိန်းမတို့မာယာ သဲကိုးဖြာတဲ့၊ သဲကိုးဖြာမလောက်လို့ သောင်ပြင်တစ်ခါ ထိုင်ကာဆောင့်လို့ သဲအတောင်ဝင် . . . ဟုတ်ပေါင် မန်ကျည်းကိုးဖြာ နောက်ရသေးတယ် ကြားလား”

“ဟုတ်ကဲ့ အမေ”

“အဲဒါတွေဟာ လိမ္မာစမ်းပါအေရယ်၊ ရေနံချောင်းက ဖေကံကောင်း မျှော်ကြဦးစို့ရဲ့”

“မျှော်ကြဦးစို့အမေ”

ကျွန်တော်ကတော့ ရေနံချောင်းက ဖေကံကောင်းကိုးဗျ။ သပိတ် မှောက်ရင်း လာခဲ့တယ်။ လောကမှာ လည်တဲ့တစ်နေ့ မနက်စာ ညမှစား တယ်။ သူများပါးတယ်ဆိုတာ ရယ်ချင်တာပေါ့။ ကျွန်တော်က ပါးလွန်းအား ကြီးလို့ သူငယ်ချင်းများက မင်း ဘောင်းဘီခံဝတ်ဦးတဲ့။

လောကမှာ ချက်ဆို ဗိုက်ကပ်နေတာ၊ အေးလေ . . . နားခွက်က

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်တယ်။

တစ်နေ့က လူသုံးယောက် ကျွန်တော့်ပိုင်းရိုက်မလို့၊ သူတို့က ပိုင်းရိုက်ပေမယ့် သူတို့ ဘူ၊ ကျွန်တော်က ကုလားသုံးစီး။

သောက်ချင် သောက်တာပဲ။ ကျွန်တော် တစ်နေ့က ဂါတ်ရှေ့တင် ပုလင်းကြီးကိုင်သောက်တာ။ ဌာနာအုပ်က ထွက်ပြီးမေးတယ်။ မင်းလက်ထဲကဟာ ဘာပုလင်းတုံးတဲ့။ ကျွန်တော် ပြောင်ပြောလိုက်တာ၊ မကြောက်ပါဘူး။ ရေနံဆီဝယ်သွားမလို့။

လောကမှာ အလည်လုပ်တဲ့တစ်နေ့ အလည်လုပ်အားကြီးလွန်းလို့ ကျွန်တော်လည်း ဆေးရုံပေါ်က မဆင်းရပါဘူး။ ဘယ်လောက်မိုက်တယ် မမိုက်တယ်ဆို ခေါင်းအနာရွတ်တွေ ကြည့်တော့။ လောကမှာ ဘာဖြစ်လို့ဖြစ်နေ တစ်နေ့က ကစားလိုက်တာ ဘာပြောကောင်းမတုန်း တူတူပုန်းတမ်း ခွေးရှူးလိုက်တမ်း။ ကျွန်တော့်အဖေက လုံလောက်တယ်။ လုံလောက်လို့ အင်္ဂါရုတ်ထိုးနေတာ။

သို့သော် ဒီကနေ့ လူပျို့လှည့်သွားသလို့။ မချမ်းစိန်ဆိုတာ တော်တော်ချော တော်တော်လှသတဲ့။ သူ့အမေကြီးမကျင်စိန်ဆိုတာ ရှိသတဲ့။ အဲဒါ သွားရဦးမယ်။

အလို ... ပြောရင်းဆိုရင်း ရောက်လာပြီ။

"အို ... ဒေါ်ကျင်"

"အလို ... သူဌေးမင်းလား"

"ဟုတ်တယ်"

"လာပါ ... လာပါ၊ တစ်နေ့က သံကြိုးပို့လိုက်တယ်"





"သံကြိုးပို့လိုက်လို့ ကျွန်တော် သေတ္တာချည်ထားတာပေါ့၊ နို့တစ်စာ ပို့လိုက်တာကော"

"စာတော့ ဝါးလုံးခေါင်းထဲ ဝင်သွားတာပဲ"

"မမြင်တာ ကြာကိုး"

"မမြင်တာကြာဆို ဒူလာမျက်စိကိုး"

"မဟုတ်ဘူး၊ ပျောက်နေတယ်လို့ပြောတာ"

"ပျောက်နေတာက အေးလွန်းလို့ ဟို အထက်တက်ကပ်နေတာ"

"ဒါနဲ့ လာပါ လာပါ လာပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"သမီးရေ ... ချမ်းစိန်"

"ရှင် အမေ"

"ဟောဒီ ညည်းတို့ ကိုကိုလာတယ်"

"ကိုကို"

"ဗျာ"

"လာပါရှင်၊ ထိုင်ပါ၊ ကျွန်မ ကော်ဖီသွားဖျော်လိုက်ဦးမယ်လေ"

"နေပါစေ ... ကျွန်တော် ခုပဲ ဟိုတယ်က တောင်းသောက်လာတယ်"

"မာရဲ့နော်"

"မာပါရဲ့ရှင်"

"မာမာတွေ့တာ ကောင်းတယ်၊ ပါပါတော့ မတွေ့ချင်ဘူး"

"ကိုကိုက သိပ်ချောတာပဲ"

www.burmeseclassic.com



"ချောဆို အဖေက ငါးရှဉ့်ကိုးဗျ၊ အင်း . . . တကတဲ ခင်ဗျား ခါတိုင်းနဲ့ကို မတူဘူး၊ သိပ်ချစ်စရာကောင်းတယ်"

"ချစ်စရာကောင်းဆို ကျန်းမာတာကိုးရှင့်"

"အသံကြားသနား၊ မျက်နှာမြင် ကလေးမွေး ချစ်ခင်ရပါတယ်"

"ဘဝရေစက်ပဲနော်၊ ရေစက်ဆိုတာ တော်တော့်လူ ရေမချိုးရဘူး မြူနီစီပယ်က ဖမ်းတယ်"

"ဘာတွေပြောနေတာလဲ ကိုကိုရဲ့"

"ကိုကိုက တယ်ချောဆိုရင် ကိုကိုလည်း ခါတိုင်းနဲ့မတူဘူး အဖေက ငါးရှဉ့်ဖြစ်နေ"

"ကိုကို"

"ဗျာ"

"ကိုကို လက်ပတ်နာရီလေး ဘယ်လောက်ပေးရလဲ"

"လက်ပတ်နာရီကတော့ သုံးရာ့အစိတ် ကျတယ်၊ ပေးရင်းကတော့ အစိတ်ပါပဲ၊ နောက် ပေါင်လိုက်ရွေးလိုက်နဲ့ အတိုးနဲ့တက်သွားတယ်"

"ကိုကိုက သိပ်ရွှတ်တာပဲ၊ ကျွန်မ ပေးပါလား ကိုကိုရယ်၊ ဝတ်ချင်လို့"

"အာ . . . ပေးကမ်းခြင်း အောင်မြင်ရာဆို၊ လိုချင်ရင် ရနိုင်ပါတယ် ရနိုင်ပါတယ်"

"ကျွန်မ ဝယ်မယ်နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"ကိုကို လက်ပတ်နာရီရှိပြီး လက်စွပ်မရှိရင် မဝတ်ချင်ဘူး ကိုကိုရဲ့ လက်စွပ်ကလေးပါ ပေးပါ"



"လက်စွပ်လိုချင်သလား"

"ဟုတ်ကဲ့"

"ဩော် . . . လက်စွပ်က အလယ်ကောင်က ဗျပ်သဖရား"

"ဥသဖယားပါ"

"ဘေးကဟာက ဖြူလာ"

"နီလာ ပြောပါ"

"သူက အဖိုးနည်းနည်းကြီးတယ်"

"ဘယ်လောက်ပေးရတုန်း"

"အဖိုးကတော့ သုံးရာ့အစိတ်၊ နှစ်ဆယ့်နှစ်ပြား၊ ခြောက်မူးတစ်ပဲနဲ့ ခုနစ်ပြားပေးရတယ်"

"ကိုကို . . . ကျွန်မပေး ကိုကိုရယ်၊ အဲဒီလက်စွပ်"

"ဩော် . . . လိုချင်သလား"

"လိုချင်တယ်ရှင့်"

"ကိုင်း ကိုင်း ကိုင်း . . . ပေးကမ်းခြင်း အောင်မြင်ရာဆိုတာ ရ နိုင်ပါတယ်၊ ရနိုင်ပါတယ်"

"လှတယ်နော်၊ ကျွန်မနဲ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"သိပ်ကြည့်လို့ကောင်းတာပဲ"

"ကောင်းပါတယ်၊ ကောင်းပါတယ်"

"ကိုကို"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ကိုကို့ခါးကဥစ္စာ ကျွန်မ လိုချင်တယ် ကိုကိုရဲ့"

"ဟာ ... ခါးက ဥစ္စာပေးရင် ကျုပ် လူညွှန့်တုံးရချေရဲ့"

"ဘာလဲ ကိုကိုရဲ့၊ ကိုကိုက သိပ်ရွှတ်တွတ်တွတ်နိုင်၊ ခါးကပုဆိုး ပြောတာ ကိုရဲ့"

"အဲဒါပေါ့ဗျ၊ လူထဲဝင်တာ ပုဆိုးရှိမှ လူထဲဝင်တာပေါ့"

"ပုဆိုးလေးလိုချင်လို့ပါ ကိုရဲ့၊ ရှိခိုးပါရဲ့"

"ကဲ ကဲ ကဲ ... ယူပါ ယူပါ ယူပါ"

"ကျွန်မ ထဘီသွားယူလိုက်မယ်၊ အမေ့ထဘီတော့ ရှိတယ်၊ ယောကျ်ားလေးမရှိလို့ အိမ်မှာ ပုဆိုးတော့မရှိဘူး"

"ရှိပါစေတော့ ... ရှိပါစေတော့၊ ပေးပါ"

"ရော့ ... ရော့"

"အမယ်လေး ... တမာရွက်ပြုတ်စော်နံလိုက်တာ"

"ကဲ ... ဝတ် ဝတ် ဝတ်"

"ကိုင်း ... ရော့ ရော့ ရော့"

"အစ်ကို"

"ဗျာ"

"ရုံးသွားဖို့ ရှိသေးလား၊ အချိန်စေ့နေပြီ၊ သွားလေ ကိုကိုရဲ့"

"ဟင် ... အကုန်လုံးယူပြီးမှ ကျုပ်ကို နှင်တယ်၊ ဘာရမလဲဗျာ၊ ရေနံချောင်းက ဖေကံကောင်းဆိုတာ ကျွန်တော်ပဲဗျ၊ လူမရမချင်း ကျွန်တော် မပြန်ဘူးဗျို့"





"အဟုတ်ကို မပြန်ဘူးလား"

"မပြန်ဘူး"

"မပြန်လို့ရှိရင် ... အမေ လာပါဦး အမေရဲ့"

"ဘာတုန်း"

"အမေကလည်း မီးဖိုထဲ ပြာတွေနဲ့ ဘာလုပ်နေတာတုန်း"

"နှစ်ပင်တည်း ကျန်ပါတော့တယ်၊ နေပါဦး ... မျက်ခုံးမွေး နှုတ်နေတာပါ အေရဲ့ ... ဘာတုန်း"

"အမေ့လင်ကြီးက ဟောဒီမှာ မပြန်ဘူးတဲ့"

"အမယ် ... အမယ် အမေ့လင်ကြီးကတဲ့၊ ခုမှ ချောက်ထဲ တွန်းချလို့ရရိုးလား"

"သူ မပြန်လို့ရှိရင် ငါ ဆရာဝန်သွားခေါ်မယ်၊ ရူးတယ်ဆိုပြီး ဆေးထိုးခိုင်းရရင် မကောင်းဘူးလား"

"ကောင်းတယ် အမေ၊ ဒါဖြင့် အမေ သွားခေါ်ပါ"

"ဟုတ်ပြီ၊ အဲဒါ ညည်း ဖြားယောင်းထား၊ ဒီနေ့ ဆရာဝန်တော့ သွားခေါ်ဦးမှ နေရာကျမယ်လေ၊ သွားဦးမှ ... သွားဦးမှ"

ပြောရင်းဆိုရင်း လာခဲ့ဟာ ဟိုရှေ့က ဟော့စပီတယ်ပဲ။ ဆရာဝန် ရှိမှရှိပါ့မလား။ အသံနားထောင်ဦးမှလေ ...။

"ဟဲလို ... အစ်စလန်ဝေ့ ထိုတေဖာရိုမီ ငါ့စလောင်းဖုံး ဘယ်သူ ရိုက်ခဲ့သလဲ၊ ဟလို ဟလို"

"ဟဲလို ဆရာဝန်"

"ဟဲလို ဒေါ်ကျင်"



www.burmeseclassic.com

www.burmeseclassic.com



"မာရဲ့နော်"

"ခန့်မှန်း စစ်တောင်း မုတ္တမ မော်လမြိုင်"

"ကိစ္စရှိလို့ လာခဲ့တာ သခင်ရယ်၊ တစ်ဆိတ်လောက် မြန်မြန်လာစမ်းပါ၊ ကျွန်မ ရေနံချောင်းကလေ ကျွန်မမောင် ဖေကံကောင်းဆိုတာ ရှူးလာလို့၊ ဆေးထိုးချင်လို့ရှင့်၊ တစ်ဆိတ်လိုက်ခဲ့စမ်းပါ"

"ဟို ဖင်ခံကောင်း"

"ဖေကံကောင်းရှင့်"

"ရှူးလာတယ်လား"

"ဟုတ်ကဲ့ရှင့်"

"ကောင်းပြီ၊ အင်ဂျက်ရှင်းနှစ်လုံး ပြွတ်ထိုးမလား"

"ကျွန်မကို ထိုးပြီးသားပါ"

"ကောင်းပြီ၊ ကောင်းပြီ"

"ခုလိုက်ခဲ့စမ်းပါ သခင်"

"ခဏလေး ဆိုင်းပါဦး"

"ဘာလုပ်တုန်း"

"ဟို မအားသေးဘူး"

"ဘာလုပ်နေတုန်း"

"ထမင်းရည်အိုး ငှဲ့ရဦးမယ်"

"ဘိုင်ကုလား ဘယ်သွားလို့တုန်း သခင်ရဲ့"

"ဘိုင်ကုလားက လခသုံးပဲမပေးလို့တဲ့၊ ဘိုင်းကောက်လုပ်သွားတယ်"





"ကဲ ... ပြန်မှချက်ပါ၊ ဒီမယ် မော်တော်ကား ခေါ်လာတယ်၊ လိုက်ခဲ့စမ်းပါ"

"ကောင်းပြီ ... ကောင်းပြီ၊ ကျုပ် မော်တော်ကားပေါ်တက်၊ လာ လာ လာ ... လေ့လော့ထွက်ရအောင်"

"ဟဲ့ နွား၊ လာ လာ လာ သခင်၊ ဟော ရောက်ပြီ"

"ကောင်းပြီ၊ ဘယ်မှာလဲ"

"ဒီမှာ၊ သို့သော် ကျွန်မသမီးလေး ခေါ်လိုက်ဦးမယ်"

"ဟော့ ... ဂျမ်းစိန်"

"ရှင် အမေ"

"ဟောဒီ ဆရာဝန်ခေါ်လာပြီ"

"ဆရာဝန် လာပြီလား"

"အေး ... အေး"

"ဆရာဝန်"

"ဟဲလို"

"ကျွန်မတို့မောင်တစ်ယောက်ရှင် ရှူးလို့၊ ဆေးလေးတစ်ဆိတ်လောက် ထိုးပေးစမ်းပါလို့"

"အခု ဘယ်မှာလဲ"

"တစ်လုံး ငါးဆယ်တန်လောက်ရှင့်၊ ဟောဟိုအိပ်ခန်းထဲမှာရှိတယ်ရှင့်"

"တစ်လုံး ငါးဆယ်တန်"

"ခေါ်လိုက်ရင် ထွက်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျွန်ုပ် ခေါ်လိုက်မယ်"

"ကျွန်မတို့ မျက်နှာမြင်ရင် သိပ်ရှူးသွားမှာစိုးလို့ မြန်မြန်ခေါ်ပါရှင်"

"ကောင်းပြီ ... ကောင်းပြီ၊ ဟဲလို လူကလေး"

"ဘာတုန်း"

"လူကလေး မောင်မင်း ... စိတ်ကောင်းကောင်းထားပါ၊ ထသီကြီး မြူနေသလား"

"ဟာ ... ဘိုပဲ၊ ကုလားပဲလား၊ ပဲစဉ်းငုံလား"

"ခြော် ... ပဲစဉ်းငုံမဟုတ်ဘူး၊ ပဲမြစ်"

"ခင်ဗျား ... ဘာလုပ်လာတုန်း"

"မောင်မင်း ... စိတ်ကောင်းကောင်းထား၊ မောင်မင်း ရှူးနေတယ် မဟုတ်လား"

"ဘာလို့ရှူးရမှာတုန်း"

"မောင်မင်းအူကို အင်ဂျက်ရှင်းထိုးမယ်"

"အူ၊ အင်ဂျက်ရှင်းထိုးမယ်တဲ့၊ ငါ ခါးကပ္ပြတ်နဲ့ ထ,ထိုးလိုက်ရ"

"ကောင်းပြီ၊ ကျွန်ုပ် ထိုးမယ် မောင်မင်း၊ ထိုးမယ်၊ ထိုးမယ်"

"အမယ်လေး အမယ်လေး အမယ်လေး ...

အမယ်လေး ... ဒီလိုနေလို့တော့မဖြစ်ဘူး၊ စကော့မတ်ကက်ဈေ ငါ့သူငယ်ချင်း ကြွင်ခဲဆီပြေးမှပဲ၊ ဟော့ ... သူငယ်ချင်း"

"ဘာဖြစ်လာတုန်း ရေနံချောင်းက ဖေကံကောင်း၊ ဘာဖြစ် တုန်း"

"ငါ့ ဆရာဝန်က ရှူးတယ်ဆို ဆေးထိုးလို့ ခဏ ပုန်းစမ်းပါရ"





"တယ်ဒုက္ခကြီးတယ်၊ ရေနံချောင်းက ဘယ်တုန်းက လာသ တုန်း"

"မေးမနေစမ်းပါနဲ့၊ ငါ ပုန်းစမ်းပါရစေ၊ ခဏ"

"အေး ... ပုန်းတာပေါ့လေ၊ နေပါဦး ဆွေတွေမျိုးတွေ အကုန်မာ ကြရဲ့လား"

"ဒါတွေ မေးမနေစမ်းပါနဲ့ သူငယ်ချင်းရာ၊ ဆရာဝန်က ငါ့ရှူးတယ် ဆိုပြီး ဆေးထိုးလို့၊ ခဏပုန်းစမ်းပါရစေ"

"ဆရာဝန်က ခင်ဗျားကို ရှူးတယ်ဆို၊ အရူးဆေးထိုးတယ်လား"

"အေး ... အေး"

"တယ်ဒုက္ခများတယ်၊ မယ်ကျင်တို့နဲ့ တွေ့လာပြီထင်တယ်၊ အခန်း ထဲဝင်၊ ဖင်ခံကောင်းတယ်ဆိုပြီး အခု မကောင်းဘူးလား"

"အို မဂျမ်းစိန်"

"ရှင် သခင်"

"အင်ဂျက်ရှင်းထိုးတဲ့ပိုက်ဆံပေးပါ"

"ပိုက်ဆံလား၊ ပေးမယ်ရှင့်၊ ကျွန်မယောကျ်ား စကော့မတ်ကက် ဈေးမှာလေ၊ ကိုကြွင်ခဲတဲ့၊ အထည်ရောင်းတာရှိတယ်၊ ရှင်လိုက်ခဲ့ရှင့်"

"စကော့မတ်ကက်ဈေး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ကောင်းပြီ၊ ကျုပ် လိုက်ခဲ့မယ်"

"လိုက်ခဲ့ ... လိုက်ခဲ့၊ လာ လာ လာ"

"မရောက်သေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်ပြီရှင့်"

"ကောင်းပြီ"

"အဲဒီအနားကစောင့်နေ"

"မြန်မြန်လာခဲ့နော်"

"မြန်မြန်လာခဲ့မယ်၊ အဲဟိုက ပေါက်ဖော်က ရှင့်ကို ခေါ်မလာ"

"ကောင်းပြီ . . . ကောင်းပြီ မြန်မြန်လာခဲ့၊ ကြာနေလို့ရှိရင် ကျုပ်ကို နို့ဆီဘူးကောက်တဲ့ကောင်မှတ်လို့ ပုလိပ်က ဆွဲသွားလိမ့်မယ်"

"စကားမများနဲ့ရှင်၊ သွားဦးမယ်"

"ကောင်းပြီ"

"ကိုကြင်ခဲ"

"ဘာကိစ္စလဲ မဂျမ်းစိန်၊ ခုမှလာသလား"

"ဩော် . . . ခုမှလာတာပေါ့"

"ထိုင် ထိုင် ထိုင်"

"မထိုင်နိုင်ဘူးရှင့်"

"ဘာလုပ်လာလဲ"

"ရှင့်ဆီ အထည်ဝယ်မလို့"

"ဘယ်လုံဝယ်မလဲ"

"ကျွန်မယောက်ျား ဘီလပ်က 'ဘို' ရှင့်"

"ဟုတ်လား"

"ဟုတ်ကဲ့၊ ဘီလပ်ကဘိုက နှစ်ထောင်ဖိုး, သုံးထောင်ဖိုး ပိုက်ဆံ နဲ့ပေးပြီး စောင်ဝယ်မလို့"



"စောင်ဝယ်မလို့လား"

"ဟုတ်ကဲ့"

"စောင်မွေးတိုလား၊ စောင်မွေးရှည်လား"

"ဒါတော့ ကျွန်မ နားမလည်ဘူးရှင့်"

"ကောင်းပြီ၊ ကောင်းပြီလေ"

"အဲဟိုမှာ ခေါ်လိုက်ရှင်"

"ခေါ်မယ်၊ ခေါ်မယ်"

"ကိုကြင်ခဲ"

"ဟင်"

"တစ်ဆိတ်လောက်ရှင်၊ မရှိမသေ အိမ်သာ ဘယ်အနားမှာရှိလဲ"

"ဘာလုပ်မလို့လဲ"

"ဝမ်းနာလို့"

"အောင်မယ်လေး . . . အရေးထဲ ခင်များ ငှက်ပျောသီးတွေ စားလာပြီထင်တယ်"

"ဟိုမှာ ဟိုမှာ . . . ဝင်သွား . . . ဝင်သွား"

"သွားမယ်ရှင်"

"ကျုပ်ခေါ်မယ်နော်၊ ဟော့ . . . သခင်"

"သွားများမနာအောင် နှုတ်ပေးနိုင်တယ်"

"သွားစိုက်တဲ့ဗိုလ်လား"

"ဟော့ ပေါက်ဖော်"

"လာ လာ၊ ထိုင် ထိုင်၊ ဂွတ်မောနင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်မောနင်း၊ ကောင်းပြီ"

"ခင်ဗျား စောင်ဝယ်မယ်ဆို"

"ဘာစောင်လဲ"

"အေး … စောင်မွေးတိုလား၊ စောင်မွေးရှည်လား၊ ခင်ဗျားမိန်းမက ပြောသွားတယ်၊ မဂျမ်းစိန်က ပြောသွားတယ်၊ ခင်ဗျား စောင်ဝယ်မယ်ဆိုလို့ ကျွန်တော် ခေါ်တာပဲ"

"ကျွန်ုပ် ကြောင်မွေးဘူး၊ ခွေးမွေးတယ်"

"စကားကောင်းကောင်း ပြောပါလေ၊ ဘာလို့ ဒီလိုစကား ပြောသလဲ"

"မင်းမိန်းမ မဂျမ်းစိန်ဆီမှာ ကျွန်ုပ် အင်္ဂျက်ရှင်းထိုးတဲ့ ပိုက်ဆံ တောင်းမလို့"

"ဘာလဲ … ခင်ဗျား လူစကားပြော ခွေးစကားမပြောနဲ့၊ မဂျမ်းစိန် ဘယ်လူ့မိန်းမလဲ"

"နင့်မိန်းမ မဟုတ်လား"

"ငါ့မိန်းမ မဟုတ်ဘူး၊ မောင်မင်း ဒန်ဘာလယ်ဒီ ရှုဝက် နားမလည် ဘူးလား"

"ကန် နီနား စီပိုင်း၊ ဘာလို့ ဒီလိုပြောသလဲ"

"မောင်မင်း နားမလည်ဘူးလား"

"စောင်ဝယ်ရင်ဝယ်၊ မဝယ်ရင် သွားတော့"

"ဖင်ခံကောင်းထိုးတဲ့ အင်္ဂျက်ရှင်း ကျွန်ုပ် ပိုက်ဆံတောင်းမယ်"

"ဘယ်က ဖင်ခံကောင်းလဲ၊ ဖေကံကောင်းလေ"





"ဖင်ခံကောင်း မဟုတ်ဘူးလား"

"အင်္ဂျက်ရှင်းထိုးတာ မထိုးတာ၊ ရှုပ်တယ် … စောင်မဝယ်ဘူး လား"

"မဝယ်ဘူး၊ ကျွန်တော်"

"ဘယ်သူ အင်္ဂျက်ရှင်းထိုးသလဲ"

"ဖေကံကောင်း ထိုးတယ်"

"ဒီမှာ ခဏစောင့်နေဦး၊ ကျွန်ုပ် ခေါ်ဦးမယ်၊ ဟေ့ … ဖေကံ ကောင်း"

"ဟေ ဘာတုန်းဟ"

"လာပါဦး၊ ခင်ဗျား ဘယ်သူ့အင်္ဂျက်ရှင်းထိုးသလဲ"

"ဟေ ဆရာဝန်လာပြီလား"

"ဟုတ်တယ်၊ လာတယ်"

"ဘယ်မတုန်း"

"ဟိုမှာ မမြင်ဘူးလား"

"သူပဲကွ၊ ငါ့ မရှူးဘဲနဲ့ ဆေးအတင်းထိုးတာ သူငယ်ချင်း"

"ဘာလို့ ဒီလိုလုပ်ခဲ့ ခင်ဗျား"

"ဟော့ကောင် မောင်မင်း … အင်္ဂျက်ရှင်းထိုးတဲ့ ပိုက်ဆံပေးပါ"

"ငါ မရှူးဘဲနဲ့ ငါ့ကို အင်္ဂျက်ရှင်းထိုးတာ၊ ငါမှ အထိုးမခိုင်းဘဲနဲ့ ဘာလို့ပေးရမလဲ"

"မရဘူး ပေးရမယ်"

"မပေးဘူး၊ မပေးဘူး၊ မပေးဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သော အတ္တံ့ နုဇာနာတိ သခါရသဘောတရားဆိုတာ ဒီလိုပဲ၊ တစ်ယောက်နဲ့တစ်ယောက်ဟာ နိန္ဒ ပသန္န သုခံ ဒုက္ခံ . . ."

"တော်ပါတော့ ပေါက်ဖော်ရာ၊ မင်း မြန်မာပြည် ကြာကြာနေရင် မင်း ကမ္မဝါဖတ်မယ့်အကောင်ပဲ"

"သခါရကို"

နောင် . . . နောင် . . . နောင် . . . နောင် . . .

လေးစားစွာ

မိုးထက်ငြိမ်

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း (၂) ရက်၊ အင်္ဂါနေ့
ညနေ ၅ နာရီ ၄၃ မိနစ်

# မိုးထက်ငြိမ်

## ထွက်ပြီးလုံးချင်းဝတ္ထုများ


| | | |
|---|---|---|
| #၁ | ချစ်သူရေးတဲ့ ရည်းစားစာ | (ဗွီဒီယို) |
| #၂ | ချစ်သူဝှက်တဲ့ ခေတ်သစ်ဇေဝင် | |
| #၃ | ချစ်သူပြောတဲ့ ရည်းစားစကား | (ဗွီဒီယို) |
| #၄ | အပျိုစင် | (ဗွီဒီယို) |
| #၅ | ချစ်လို့ | (ဗွီဒီယို) |
| #၆ | အိပ်မက်အကော်ဆေး | (ဗွီဒီယို) |
| #၇ | ဟန်နီးမွန်း | (ဗွီဒီယို) |
| #၈ | ရုပ်ဆန်းဒေး | |
| #၉ | ဖူးစာကွန်ရက် | (ဗွီဒီယို) |
| #၁၀ | သူငယ်ချင်းဒိုင်ယာရီ | |
| #၁၁ | ရိုးမြေကျသီချင်း | (ဗွီဒီယို) |
| #၁၂ | ပန်းသီးမက်ဆေ့ချ် | (ဗွီဒီယို) |
| #၁၃ | ကျောင်းစိမ်း | (ဗွီဒီယို) |
| #၁၄ | ရာသက်ပန်ပရိဂရမ် | (ဗွီဒီယို) |
| #၁၅ | လေဒီစာအုပ်ကြီး | (ဗွီဒီယို) |
| #၁၆ | ကြည်နူး[illegible]ကွဲရာ | (ဗွီဒီယို) |
| #၁၇ | အမုန်းမဲ့ရန် | (ဗွီဒီယို) |
| #၁၈ | အမည်ပေါက်သမီးရည်းစား | (ဗွီဒီယို) |
| #၁၉ | အနမ်းဂိမ်း | (ဗွီဒီယို) |
| #၂၀ | ကတ္တီပါထောင်ချောက် | (ဗွီဒီယို) |
| #၂၁ | ပေးစာ ပြန်စာ | |


www.burmeseclassic.com